# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ်(၁၃၅)


# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကဦးစားပေးလုပ်ငန်းစဉ်ကြီးတစ်ရပ်အဖြစ် သတ်မှတ်ကာ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ
၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့
ပေးပို့သော သဝဏ်လွှာ
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၁၂) ရက်

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထုတ်ဖော်ပြသခဲ့သော နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်သည့် ပြည်ထောင်စုနေ့ အခါသမယတွင် ပြည်ထောင်စုအတွင်း ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား လမ်းညွှန်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုအခြေအနေများကို မေးမြန်းစဉ်။ သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထက(၁) တောင်ကြီး၌ ပညာသင်ကြားသင်ယူနေမှုကြည့်ရှု

တောင်ကြီး ဖေဖော်ဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် တောင်ကြီးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ပညာသင်ကြားသင်ယူနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❑


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ပြည်ထောင်စု ညီညွတ်ရေး ပြည်ထောင်စု ငြိမ်းချမ်းရေး

ဖက်ဆစ်တော်လှန်ရေးအပြီး ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးကိုပေးရတော့မည့် အချိန်သို့ရောက်လာသည်။ ထိုအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးဆိုင်ရာ သဘောတူညီမှုများ ညှိနှိုင်းရန် ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့်အဖွဲ့ အင်္ဂလန်နိုင်ငံသို့သွားကာ အပြီးသတ်ဆွေးနွေးကြ၏။

ဗြိတိသျှအစိုးရနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ စည်းဝေးကြပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန်အတွက် သက်ဆိုင်ရာအချက်အလက်တို့ ပါဝင်ရေးဆွဲထားသည့် အောင်ဆန်း – အက်တလီစာချုပ်ကို မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီတို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတွင် တောင်တန်းဒေသများကို တစ်ပြိုင်နက်တည်း အတူတကွ လွတ်လပ်ရေးပေးမည် မပေးမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် စာချုပ်အပိုဒ် (၈)တွင် နယ်ခြားဒေသများဟူသည့် ခေါင်းစဉ်ဖြင့် အချက်တစ်ချက် ထည့်သွင်းထားသည်။ ထိုစာပိုဒ်တွင် နယ်ခြားဒေသပြည်သူလူထု၏ သဘောတူညီမှုဖြင့်သာ ပြည်နယ် ပြည်မ အတူတကွလွတ်လပ်ရေးပေးမည်ဟူသည့် သဘောကို အခြေခံ၍ ပင်လုံညီလာခံ သို့မဟုတ် လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် အထူးညီလာခံကျင်းပကာ သဘောတူညီမှုယူကြရန်ဆိုသော မှတ်ချက်ပါသည်။

သို့နှင့် ပင်လုံညီလာခံကိုကျင်းပရန် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဦးအောင်ဆန်း အစရှိသည့် ခေါင်းဆောင်များ ကြိုးပမ်းခဲ့ကြသည်။ ပင်လုံစာချုပ်မချုပ်ဆိုမီ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဦးအောင်ဆန်းတို့ အသေးစိတ်ဆွေးနွေးကြကာ တောင်တန်းမြေပြန့် ပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွ အရယူမည်ဟူသည့် သဘောတူညီချက်ရရှိ၏။ ထိုသို့ အားလုံးသဘောတူကြသည့် အထိမ်းအမှတ်ဖြင့် ရှမ်းစော်ဘွားများက ညစာစားပွဲ တည်ခင်းကျင်းပ၏။

ထိုပွဲတွင် ရှမ်းစော်ဘွားများအသင်း ဥက္ကဋ္ဌ တောင်ပိုင်စော်ဘွားကြီးက “ယခုလို ဗိုလ်ချုပ်အောင်ဆန်း လာရောက်ပြီး ညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ကြောင်း၊ ရှေ့တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအတိုင်း ညီညွတ်ကြမည်ဖြစ်ကြောင်း” ပြောပါသည်။ ဦးအောင်ဆန်းကလည်း “မြန်မာနိုင်ငံလွတ်လပ်စေချင်ကြောင်း၊ ညီညွတ်စေချင်ကြောင်း၊ ကြီးပွားစေချင်ကြောင်း၊ ဆက်လက်ကြိုးစားမည်ဖြစ်ကြောင်း၊ ကိုယ့်ဒေသအလိုက် ကိုယ့်လူမျိုးအလိုက် ကိုယ်ယုံကြည်သည်ကို ကိုးကွယ်ယုံကြည်နေထိုင်ကြပြီး၊ တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်သည့် ကိစ္စတို့တွင် အားလုံးညီညီညွတ်ညွတ် လုပ်ကြဖို့အကြောင်း” စသည့် တိုင်းရင်းသားချစ်ကြည်ရေး၊ ညီညွတ်ရေးတို့ကို ပြောပါသည်။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်များတို့နှင့် ဦးအောင်ဆန်းတို့အတူ လက်မှတ်ထိုးချုပ်ဆိုလိုက်သည်။

ပင်လုံစာချုပ်ကို ဗြိတိသျှပါလီမန်အတွင်း၌ အတိုက်အခံပါတီဖြစ်သော ကွန်ဆာဗေးတစ်ပါတီက ရှုတ်ချခဲ့သေးသည်။ သို့သော်လည်း စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူတို့၏ သဘောထားမှန်ကန်မှု၊ ဦးအောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတို့ကို အထင်အရှား ဖော်ပြနိုင်ခဲ့သည့်ပြင် ဦးအောင်ဆန်း၏ မှန်ကန်သော နိုင်ငံရေး ရပ်တည်ချက်၊ ဖြူစင်ပွင့်လင်းသော စိတ်နေသဘောထားတို့ကို ပင်လုံသို့ လာရောက်လေ့လာသည့် ဗြိတိသျှအစိုးရကိုယ်စားလှယ်က ပါလီမန်၏ မေးခွန်းများကို ဖြေကြားရင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ခိုင်မာသွားခဲ့လေသည်။

ပင်လုံစာချုပ်ကို အခြေခံ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်ဟု ဆိုရပါမည်။

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြန်မာ့လွတ်လပ်ရေးခရီးသည် လွယ်လွယ်ကူကူ ဖြတ်သန်းခဲ့ရခြင်းမဟုတ်။ မြန်မာ့လွတ်လပ်ရေးက နိုင်ငံသားအားလုံးတို့၏ စွန့်လွှတ်မှုများစွာနှင့်အတူ တိုင်းရင်းသားတို့ သွေးစည်းညီညွတ်ခြင်း၏ ရလဒ်ဖြစ်ခြင်းကို ထင်ထင်ရှားရှားတွေ့ရပါမည်။

လွတ်လပ်ရေး၏ အသီးအပွင့်တို့ကို နိုင်ငံသားအားလုံး အတူတကွ ခံစားနိုင်ကြရန်အလို့ငှာ ညီညွတ်မှုအင်အားကြောင့် ရရှိခဲ့သော အောင်မြင်မှုကို သင်ခန်းစာယူ၍ ပင်လုံမြေတွင် အခိုင်အမာစိုက်ထူခဲ့သည့် “တန်းတူညီမျှမှုကို အခြေခံသော ပြည်ထောင်စုစိတ်ဓာတ်” ကို ဆက်လက်သယ်ဆောင်ကြရန် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါသတည်း။ ။




## နတ်မောက်မြို့၌ ကျင်းပသော (၁၀၅)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကျင်းပသော (၁၀၅) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က နတ်မောက်မြို့၌ ကျင်းပသည်။**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ နတ်မောက်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ နတ်မောက် ကွန်ရက်ပရဟိတလူမှုအကျိုးပြု အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိမြေတွင်ကျင်းပသည့် ဗိုလ်ချုပ်၏ (၁၀၅) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်ပွဲကို တက်ရောက်ခွင့်ကြုံသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မမေ့အပ်သော လူထုခေါင်းဆောင် ဖြစ်ပါကြောင်း၊ လူထုခေါင်းဆောင်သည် လုပ်ယူ၍ မလွယ်သလို၊ ရယူ၍လည်း မရပါကြောင်း၊ ပြည်သူလူထုက သတ်မှတ်မှသာ လူထုခေါင်းဆောင်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုအရည်အချင်းသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ရိုးသားခြင်း၊ ဖွဲ့ရှိခြင်း၊ စွန့်လွှတ်အနစ်နာခံနိုင်ခြင်း တို့ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းကို မွေးနေ့ (၁၀၅) နှစ်တိုင်အောင် မျိုးဆက်သစ်နောင်လာနောက်သားများက သိရှိကြပြီး ဆွေးနွေး ပြောဆိုကြခြင်းသည် ကောင်းမွန်သော လက်ဆင့်ကမ်း အမွေပေးခြင်းဟု ယူဆ၍ရပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်များ၊ လက်ဆင့်ကမ်း အမွေများကို မိမိတို့အနေဖြင့် ထုတ်ဖော်ပြောဆိုကြသကဲ့သို့ လက်တွေ့အားထုတ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယနေ့မျိုးဆက်သစ် ကလေးသူငယ်နှင့် လူငယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ခြိုးခြံချွေတာမှု၊ ရိုးသားမှုဂုဏ်များ လက်ဆင့်ကမ်းအမွေယူပြီး မိမိတို့၏ မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေ ပြန်လည်ပေးနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ဗိုလ်ချုပ် မျှော်မှန်းခဲ့သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်ရန် ကြိုးပမ်းဆဲကာလ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အမြစ်တွယ်စေရန်လည်း ကြိုးပမ်း အားထုတ်လျက်ရှိရာ ဒီမိုကရေစီ အဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီအဆင့်အတန်းသည် မျှတသော ရွေးကောက်ပွဲဖြစ်ခြင်း၊ ပြည်သူ့ဆန္ဒအရ ပေါ်ပေါက်လာသော ပြည်သူ့အစိုးရ၏ ဆောင်ရွက်မှုများသည် ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်းရှိမရှိ စောင့်ကြည့်ထိန်းကျောင်းပေးနိုင်ခြင်း၊ ပြည်သူများသည် နိုင်ငံ၏အရေးကို စိတ်ပါဝင်စားခြင်း၊ အစိုးရ၏ဆောင်ရွက်ချက်များတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်နိုင်မှု အားကောင်းခြင်းနှင့် ဥပဒေဘောင်အတွင်းမှ လွတ်လပ်မှုရရှိခြင်း တို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအကူးပြောင်းကာလတွင် ဒီမိုကရေစီအဆင့်အတန်းကို မြှင့်တင်ရန် တာဝန်ယူဆောင်ရွက်ကြလျက် မျှော်မှန်းထားသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၁၀၅) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပွဲတော်အတွက် ဝန်ကြီးဌာန၏ ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ပေးအပ်ရာ နတ်မောက်ကွန်ရက်ပရဟိတလူမှုအကျိုးပြုအဖွဲ့ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက (၁၀၅) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်ပွဲတော် အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နတ်မောက်မြို့၊ အ.ထ.က (၁) ကျောင်းသူ ကျောင်းသားများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် အကဖြင့်လည်းကောင်း၊ ယင်းချောင်းလရောင် စာပေကဗျာနှင့် အနုပညာအဖွဲ့က အငြိမ့်ခွင်ဖြင့်လည်းကောင်း၊ နတ်မောက်မြို့ ကျောင်းသား ကျောင်းသူလေးများ၏ ငါသည်အောင်ဆန်း အကဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ (၁၀၅)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲတွင် ပါဝင်သည့် ကလေးငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❖ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်လျှောက်လှမ်းကြရာတွင် မတူညီသည့် မျိုးနွယ်စုများအကြား နားလည်မှု ယုံကြည်မှုများ တိုးပွားလာခြင်းဖြင့် မလိုလားအပ်သည့်ပဋိပက္ခများ လျှော့ချနိုင်ပြီး အပြန်အလှန်အသိအမှတ်ပြုမှု၊ အပြန်အလှန်လေးစားမှု၊ တန်ဖိုးထားမှုများကို မြှင့်တင်နိုင်ရန်အရေးကြီး

❖ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် မျိုးနွယ်စုများအချင်းချင်း အကြားတွင် သင်္ကာမကင်းမှုများ၊ စိုးရိမ်မှုများ၊ အငြင်းပွားမှုများလျှော့နည်းစေအောင် ယနေ့တက်ရောက်လာကြသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ကြားဝင်ပြီး ရင်ကြားစေ့ပေးနိုင်ခြင်းကလည်း အခရာကျ

*❋ ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးရန်နမ်းဖုန်၊ ကယားပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းမွှေးမွှေးခင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးလာလ်ထောင်ထန်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောလုကာ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလှထွန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်(ခ) ဦးကျော်စိန်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးယောသပ်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတင်စောတို့ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို ယခုကဲ့သို့ စုံစုံညီညီတွေ့ခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

### လိုအပ်ချက်များကို ဖြည့်ဆည်း

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ကြိုးစားနေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သေးမီ ကြားကာလဖြစ်သည့် ယခုအချိန်တွင်လည်း တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့် နေရာတွင် ပြည်ထောင်စုအဆင့်၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် တိုင်းရင်းသားများအလိုက် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပါဝင်ကူညီဆောင်ရွက်

တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သက်ဆိုင်ရာလူမျိုးစုများက တိုက်ရိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ ဖြစ်ကြပါကြောင်း၊ မိမိတို့နှင့် သက်ဆိုင်သည့် လူမျိုးစုများ၏ အရေးကိစ္စများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများလည်း ဖြစ်ကြပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိစ္စရပ်များတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ပါဝင်ကူညီဆောင်ရွက်ပေးရန် လိုအပ်လှပါကြောင်း။

### တတ်နိုင်သမျှ ကူညီ

အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စေရန် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ ပါဝင်ကူညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement –NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သော်လည်း လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များ ကျန်ရှိနေသေးသည့် အချို့ဒေသများတွင် တိုက်ပွဲများဖြစ်နေဆဲရှိသည်ကို ဝန်ကြီးများ အသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်နေသေးသည့်အဖွဲ့များ NCA လက်မှတ်ရေးထိုးရေး၊ တိုက်ပွဲများ ရပ်တန့်ရေးတို့တွင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် မိမိတို့ သက်ဆိုင်ရာတိုင်းရင်းသားအလိုက် မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားသုံးသပ်ပြီး တတ်နိုင်သမျှ ကူညီပံ့ပိုးကြစေလိုပါကြောင်း။

တိုင်းရင်းသားလူမျိုးပေါင်းစုံ မတူကွဲပြားကြွယ်ဝမှုသည် ပြည်ထောင်စု၏ အလှတရားဖြစ်ပြီး သဘောထားချင်း ထင်ဟပ်ညှိနှိုင်း ပေါင်းစပ်လိုက်ပါက မိမိတို့နိုင်ငံအတွက် အင်အားဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်လျှောက်လှမ်းကြရာတွင် မတူညီသည့် မျိုးနွယ်စုများအကြား နားလည်မှု၊ ယုံကြည်မှုများ တိုးပွားလာခြင်းဖြင့် မလိုလားအပ်သည့် ပဋိပက္ခများ လျှော့ချနိုင်ပြီး အပြန်အလှန်အသိအမှတ်ပြုမှု၊ အပြန်အလှန်လေးစားမှု၊ တန်ဖိုးထားမှုများကို မြှင့်တင်နိုင်ရန် အရေးကြီးပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် မျိုးနွယ်စုများအချင်းချင်းအကြားတွင် သင်္ကာမကင်းမှုများ၊ စိုးရိမ်မှုများ၊ အငြင်းပွားမှုများ လျှော့နည်းစေအောင် ယနေ့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများက ကြားဝင်ပြီးရင်ကြားစေ့ပေးနိုင်ခြင်းကလည်း အခရာကျပါကြောင်း။

### စည်းလုံးညီညွတ်မှုခိုင်မြဲ

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုမပြိုကွဲရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် အဓိက ဆက်စပ်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စကားဖြင့် ပြောဆိုတည်ဆောက်နေ၍ မရပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ တစ်ဦးနှင့် တစ်ဦး စာနာထောက်ထားမှု၊ တစ်ဦး၏ အခက်အခဲကို တစ်ဦးက နားလည်နိုင်မှု၊ တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက လေးစားမှု စသည်တို့ရှိမှသာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲမည် ဖြစ်ပါကြောင်း။

### ဆက်သွယ်ဆောင်ရွက်

ထို့ကြောင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ အနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာမျိုးနွယ်စုနှင့်သာမကဘဲ ပြည်ထောင်စု၏ အခြားတိုင်းရင်းသားများနှင့် အမြဲထိတွေ့ဆက်ဆံကြရန် လိုအပ်ပါကြောင်း၊ မြင်ပါများသည့်အခါ ရင်းနှီးကျွမ်းဝင်မှုရှိပြီး ရင်းနှီးကျွမ်းဝင်သည်နှင့်အမျှ ယုံကြည်မှုတိုးပွားလာမည် ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားမျိုးနွယ်စုများနှင့် တခြားတိုင်းရင်းသားများ ထိတွေ့ဆက်ဆံမှု ပိုရရှိမည့်ကိစ္စရပ်များ၊ နားလည်မှု ပိုမိုရရှိနိုင်မည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်က ဆောင်ရွက်ပေးရမည့်ကိစ္စများ၊ အကြံပြုလိုသည့်ကိစ္စများ ရှိပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အကျိုးနှင့် မိမိတို့ တိုင်းရင်းသားများ၏ အကျိုးစီးပွားအတွက် ဒေသစွဲ ပါတီစွဲ မထားဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်ပါတီအတွက် လုပ်ဆောင်နေခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယင်းကို တိုင်းရင်းသားပြည်သူများအားလုံး နားလည်သဘောပေါက်ပြီး နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပါဝင်လာရန်အတွက် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် မိမိသက်ဆိုင်ရာ

*စာမျက်နှာ ၆ သို့*

**“ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းခံမူလမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ပေါင်းစည်းမှုစွမ်းအားပေါ်တွင် အခြေခံပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး လွန်ခဲ့သော (၇၃)နှစ် လွတ်လပ်ရေးအကြိုကာလက စည်းလုံးညီညွတ်မှုမျိုးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါက ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မဝေးလှသောကာလ၌ မလွဲမသွေရရှိနိုင်မည်ဟု ယုံကြည်”**

○ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံသည် တိုင်းတစ်ပါးနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း(၁၀၀) ကျော် သူ့ကျွန်ဘဝရောက်ခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိရန် နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီး၍ ကြိုးပမ်းခဲ့ရပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရရှိရန် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့ပါသည်။ ထိုသို့ တိုင်းရင်းသားအားလုံး၏ စည်းလုံးမှုကို ပြသနိုင်ခဲ့သော ဖေဖော်ဝါရီလ (၁၂) ရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ရာ ယနေ့ဆိုလျှင် (၇၃)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား–**

တိုင်းရင်းသားပြည်သူအားလုံး၏ အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီး၍ ပြန်လည်ရယူခဲ့ရသော လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထား၍ တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် အရေးကြီးပါသည်။

ကိုလိုနီခေတ်တွင် နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်မှု၏ ဆိုးမွေကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ဖြစ်ပေါ်ခဲ့သော သံသယများနှင့် အယူအဆပိုင်းဆိုင်ရာ အမြင်ကွဲပြားမှုများကြောင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးမှု နှောင့်နှေးခဲ့ရပါသည်။ ပြည်ထောင်စုသား တိုင်းရင်းသားပြည်သူအားလုံးတို့၏ လူမှုဘဝနိမ့်ကျခဲ့ရပါသည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက်ဖြစ်ပွားခဲ့သည့် ဒေသများတွင် ဒေသဖွံ့ဖြိုးရေးလမ်းစများ မှေးမှိန်ပျောက်ကွယ်ခဲ့သည့်အပြင် အခြေခံလူ့အခွင့်အရေးများပါ နစ်နာဆုံးရှုံးခဲ့ရပါသည်။

ခေတ်အဆက်ဆက် အစိုးရများသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြိုးစားခဲ့ကြသော်လည်း လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားဖြစ်သော နိုင်ငံရေးပြဿနာများကိုဖြေရှင်းရန် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ မိမိတို့အစိုးရအနေဖြင့် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီခိုင်မာရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့သည် အလွန်အရေးကြီးသည်ဟု ယုံကြည်သည့်အလျောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကဦးစားပေး လုပ်ငန်းစဉ်ကြီးတစ်ရပ်အဖြစ်သတ်မှတ်ကာ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် ဘုံသဘောတူညီချက်များရယူသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သော ဘုံသဘောတူညီချက် (၅၁)ချက်ကိုလည်း ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းများအဖြစ် ရရှိထားပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်ငြိမ်အေးချမ်းရေးတို့အတွက် အခြေခံအုတ်မြစ်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းခံမူလမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ပေါင်းစည်းမှုစွမ်းအားပေါ်တွင် အခြေခံပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး လွန်ခဲ့သော (၇၃)နှစ် လွတ်လပ်ရေးအကြိုကာလက စည်းလုံးညီညွတ်မှုမျိုးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါက ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မဝေးလှသောကာလ၌ မလွဲမသွေရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဘဝလုံခြုံရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုလာမည် ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့် တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ပိုမိုတိုးတက် မြင့်မားလာရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု အဆင်ပြေချောမွေ့စေရေး၊ ဒေသထုတ်ကုန်များ တိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာစေရေးတို့ကို နိုင်ငံတော်မှ အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်က အမျိုးသားအဆင့် ကျန်းမာရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် တစ်မျိုးသားလုံး၏ ဆိုးကျိုးကို ဖြစ်ပေါ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် အဂတိတရားများ ကင်းစင်ရေးတို့တွင်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အသက်တမျှအရေးပါလှသည့်အတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်၏ ပကတိအခြေအနေ၊ အနာဂတ်မျှော်မှန်းချက်တို့နှင့် ကိုက်ညီသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်ပြီး စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရင်းနှီးချစ်ကြည်စွာ အတူတကွ လက်တွဲနေထိုင်ခဲ့ကြသည့် အားလျော်စွာ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို မပျောက်ပျက်စေရန် အလေးထားထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှရှိရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယစိတ်ကင်းစင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ စုပေါင်းတည်ဆောက်နိုင်မည်ဟု ခွင်းချက်မရှိ ယုံကြည်ပါသည်။

သို့ပါ၍ ၂၀၂၀ ပြည့်နှစ်၏ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြစ်သော–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့် တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊

တို့ကို အောင်မြင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဤပြည်ထောင်စုနေ့အခါသမယတွင် လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား ယနေ့နံနက်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်နိုင်ရေးဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ဆွစ်ဇာလန်နိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ကုလသမဂ္ဂ ကမ္ဘာ့အချက်အလက်များဆိုင်ရာ ဖိုရမ်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်နိုင်ရေး၊ မြန်မာ–ဆွစ်ဇာလန် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (၂၀၁၉–၂၀၂၃) အရ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ရှင်သန်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် ဆွစ်ဇာလန်နိုင်ငံက ကူညီထောက်ပံ့နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ဟဲဟိုးလေဆိပ်၌ ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

### သောင်းသောင်းဖြဖြ ကြိုဆို

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ဟဲဟိုးမြို့မှ တောင်ကြီးမြို့သို့ ဆက်လက်ထွက်ခွာရာ လမ်းဘေးဝဲယာ၌ ဒေသခံတိုင်းရင်းသားများက ရှမ်းရိုးရာကိန္နရီကိန္နရာအက၊ တိုးနရားအက၊ တိုင်းရင်းသားရိုးရာအကများဖြင့် လည်းကောင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ရမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းသားကျောင်းသူလေးများကအဆိုအကများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါကျောင်းရှိ ဒေါ်ခင်သိန်းကျောင်းဆောင် မျက်နှာစာ၌ ကျောင်းသား ကျောင်းသူလေးများနှင့် တွေ့ဆုံ၍ ဆုံးမသြဝါဒစကား ပြောကြားသည်။

### အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေး

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား ကျောင်းသူများအား အခက်ဆုံးဘာသာ၊ အကြိုက်ဆုံးဘာသာ၊ အကြိုက်ဆုံးနိုင်ငံ၊ ပြည်ထောင်စုနေ့အကြောင်း၊ နောင်အနာဂတ်ရည်ရွယ်ချက်စသည်တို့ကို မေးမြန်းပြီး အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ လာရောက်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ကျောင်းသား ကျောင်းသူလေးများနှင့်တွေ့ဆုံပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပို့ချမှုနှင့် ကျောင်းသား ကျောင်းသူလူငယ်လေးများ၏ ပညာသင်ယူမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားရန် ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများသည် အရေးကြီးသကဲ့သို့ ဆရာ ဆရာမများသည်လည်း မရှိမဖြစ် အရေးကြီးပါကြောင်း။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုနေ့ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်နှင့် အဆိုပါနေ့ကို မည်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်ကို နားလည်သိရှိအောင် ကြိုးစားလေ့လာစေလိုပါကြောင်း၊ မိမိတို့နေထိုင်သည့် နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဆိုသည်မှာ မတူကွဲပြားမှုများကို စုစည်းပြီး ညီညွတ်အောင်လုပ်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုဖြစ်အောင် မတူကွဲပြားမှုများကို မည်သို့ပေါင်းစည်းအောင် ဆောင်ရွက်မည်၊ တစ်ယောက်နှင့်တစ်ယောက် မည်သို့ ညီညွတ်အောင်လုပ်မည်ကို စဉ်းစားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် ညီညွတ်မှုရှိမှ ချမ်းသာမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ ချမ်းသာအောင်လုပ်လိုသည့် စိတ်ဓာတ်ကို အားလုံးတွင် ရှိစေလိုပါကြောင်း။

### ကျင့်ကြံအားထုတ်

တာဝန်ဆိုသည်မှာ မိမိကဆောင်ရွက်ပေးရန်ရှိသည်များကို ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ငယ်ငယ်ကတည်းက နားလည်ထားရန် လိုအပ်သည်မှာ မိမိလိုချင်တာရှိလျှင်၊ မိမိပေးနိုင်တာလည်းရှိရမည်ပါကြောင်း၊ မိသားစုနှင့် သက်ဆိုင်သည့်တာဝန်များကို ဆောင်ရွက်ပေးခြင်းသည် မိသားစုတာဝန်ကျေပွန်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားစဉ် အချိန်ကို တန်ဖိုးရှိရှိအသုံးချပြီး စာကို ကြိုးစားသင်ယူခြင်း၊ စည်းကမ်းရှိခြင်း၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ခင်မင်ရင်းနှီးစွာ ယဉ်ယဉ်ကျေးကျေးပြောဆိုဆက်ဆံခြင်း၊ မှန်မှန်ကန်ကန်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်းတို့ကို ကျင့်ကြံအားထုတ်ကြစေလိုကြောင်း၊ မိမိက ပေးနိုင်တာမရှိဘဲ လိုချင်တာချည်းပဲ ရှိနေသည်ဆိုပါက တန်ဖိုးရှိသည့် လူဖြစ်လာမည် မဟုတ်ပါကြောင်း၊ မိမိနိုင်ငံကိုလည်း ကူညီနိုင်မည် မဟုတ်ပါကြောင်း၊ မိမိနိုင်ငံတိုးတက်မှ မိမိလည်းတိုးတက်မည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံချမ်းသာမှ မိမိလည်းချမ်းသာမည်ဖြစ်ပါကြောင်း။

### နိုင်ငံအတွက် ကြိုးစား

အချိန်များစွာ ပိုင်ဆိုင်ထားမှုသည် ကလေးများ၏ အင်အားဖြစ်ပါကြောင်း၊ အချိန်ကို ကောင်းမွန်စွာ အသုံးချရန်၊ တန်ဖိုးရှိစွာ အသုံးပြုရန်နှင့် မိမိကိုယ်တိုင်လည်း တန်ဖိုးရှိသည့်လူဖြစ်အောင် ကြိုးစားရန်လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် မိမိကိုယ်ကိုယ် မိမိတာဝန်ယူသည့်စိတ် ယခုကတည်းက မွေးမြူပြီး မိမိအတွက်လည်း ကြိုးစားရန်လိုအပ်သကဲ့သို့ မိမိနိုင်ငံအတွက်လည်း ကြိုးစားရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွက် ကြိုးစားခြင်းသည် အလွန်မြင့်မြတ်သည့် အလုပ်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက်လည်း ခင်ခင်မင်မင်ဆက်ဆံရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသားကျောင်းသူများအပေါ် ကြင်ကြင်နာနာဖြင့် ပညာတတ်အောင် ဝိုင်းဝန်းပြီး သင်ကြားပေးမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား ကျောင်းသူလေးများ၊ ဆရာ ဆရာမများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကျောင်း၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာပြီး တောင်ကြီးမြို့၌ ညအိပ်ရပ်နားကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းကျောင်းဆောင် မျက်နှာစာ၌ ကျောင်းသား ကျောင်းသူလေးများအား ဆုံးမသြဝါဒစကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

တိုင်းရင်းသားလူမျိုးများကို ရှင်းပြပေးစေလိုပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှု၊ တန်ဖိုးထားမှု၊ လေးစားမှုများကို အပြန်အလှန်တည်ဆောက်ကြပါ၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေစေရန် ဆောင်ရွက်ပေးကြပါ၊ အနာဂတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် စည်းလုံးညီညွတ်စွာ တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးကြပါဟု ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအားတီယောဟန်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးနှင့် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်တို့က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းနိုင်ရေးနှင့် ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားစာပေသင်ကြားရေး၊ ဆရာ ဆရာမများခန့်ထားရေး၊ သင်ရိုးညွှန်းတမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြန့်ဝေပေးရန်လိုအပ်**

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေးနှင့် ခေတ်နှင့်အညီ မြှင့်တင်နိုင်ရေးအတွက် အထူးအားပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားများအားလုံး ခွင့်တူညီတူ၊ တန်းတူညီမျှရှိစေရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှ ငြိမ်းချမ်းမည်ဖြစ်ပြီး ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယင်းကို တိုင်းရင်းသားအားလုံး ထဲထဲဝင်ဝင် သိရှိနားလည်သဘောပေါက်ရန် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ရာတွင် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်

# တိုင်းဒေသကြီးနှင့် ပြည်နယ် U-21 အမျိုးသား (ဘောလုံး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-21 (အမျိုးသား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ တက်ရောက် အားပေးကြည့်ရှုသည်။ ဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဝင် ဒေါက်တာကျော်ငွေနှင့် ဒေါ်နော်ဆာမူထူး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမြင့်လွင်နှင့် ဒေါက်တာ ခင်ဆောင်၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် ချင်းပြည်နယ်အသင်းအား မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ အားကစားသမားများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ယနေ့ နံနက်ပိုင်းတွင် တတိယနေရာလုပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းက လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်မှ ယနေ့အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၅ သင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**တက်ရောက်ကြည့်ရှု**

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘောလုံးအားကစားပရိသတ်များ တက်ရောက်ကြည့်ရှုကြသည်။ **သတင်းစဉ်**




အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်။



ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော။



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း။



မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်။

## ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ ဆက်ခံသူများက ပြန်လည်တောင်းခံလာသည့်ကိစ္စရပ် ၅ ခုရှိရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းမရှိ

အစည်းအဝေးတွင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ သိမ်းဆည်းခဲ့သည့် အခန်း၊ အဆောက်အအုံများကို မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ဆက်ခံသူများက ပြန်လည်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ ဆက်ခံသူများက ပြန်လည်တောင်းခံလာသည့်ကိစ္စရပ် ၅ ခုရှိရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းမရှိပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ် ဇွန် ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးထံမှ လွှဲပြောင်းရရှိထားသည့် အခန်း ၁ ခန်းကို မူလပိုင်ရှင်က လျှောက်ထားခြင်းအပေါ် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ကိစ္စ ၄၆ ခုအနက် မူလပိုင်ရှင်မှ ပြန်လည်တောင်းခံသည့် ကိစ္စ ၈ ခု ရှိရာ ၁ ခုကို ပြန်လည်လွှဲအပ်ပေးပြီး ကျန် ၇ ခုမှာ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆောက်အဦများအနက် ၂၇ ခုတွင် ၂၆ ခုသည် မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း မရှိပါကြောင်း၊ ကျန် ၁ ခု သည် ပြန်လည်တောင်းခံသူများအချင်းချင်း အငြင်းပွားနေကြပြီး သက်ဆိုင်ရာတရားရုံး၏ တရားဝင်ဆက်ခံခွင့် တင်ပြနိုင်ခြင်း မရှိသောကြောင့် ဌာနမှ ဆက်လက်ထိန်းသိမ်းထားရှိပါကြောင်း။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မြေနှင့် အဆောက်အဦ ၁ ခုကို ပိုင်ရှင်၏ ဆက်ခံသူက ပြန်လည်လျှောက်ထားမှုအပေါ် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အခန်း ၃ ခန်းအနက် ၁ ခန်းကို ပိုင်ရှင်က တောင်းခံခဲ့ရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်း မရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စရပ် ၅ ခုရှိရာ ဆောင်ရွက်ပြီးစီးမှု ၃ ခုနှင့် ဆောင်ရွက်ဆဲကိစ္စရပ် ၂ ခုရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးသည့် ကိစ္စရပ် ၃ ခုတွင် ၁ ခု သည် မူဝါဒနှင့် မညီသဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း မပြုသေးပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခန်း ၂ ခန်း၊ အဆောက်အအုံ ၁ လုံးနှင့် မြေကွက် ၁ ကွက် တို့ကို မူဝါဒနှင့် ကိုက်ညီမှု မရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံ ၁ ခုကို ပိုင်ရှင်၏ သမီးဖြစ်သူက အဆောက်အအုံနှင့် ပရိဘောဂတန်ဖိုးကို ကာလတန်ဖိုးနှင့်အညီ ပြန်လည်တောင်းခံမှုအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြခဲ့ပြီး ဆက်လက်စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် အဆောက်အအုံ ၁ ခုကို မူလပိုင်ရှင်များလက်ဝယ်သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်းနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြေနေရာ ၁ ခုကို စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အခန်း၊ အဆောက်အအုံ ၂ ခုကို မူလပိုင်ရှင်က ပြန်လည်တောင်းခံရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်းမရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မူလပိုင်ရှင်များက ပြန်လည်တောင်းခံသော အဆောက်အအုံ ၃ ခုကို စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အခန်း ၂ ခန်းနှင့် အဆောက်အအုံ ၁ ခု တို့ကိုလည်း မူဝါဒနှင့် ကိုက်ညီမှုမရှိသဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၏ **တံတားဦးမြို့နယ် မြို့လယ်လမ်းမကြီးဖြစ်သော ကျောက်ဆည်-တံတားဦးလမ်းကို ပြုပြင်ဆောင်ရွက်ခဲ့မှုတွင် အရည်အသွေး မပြည့်မီမှုအပေါ် ပြန်လည်ဆောင်ရွက်ပေးမှုအခြေအနေကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တံတားဦးမြို့နယ် ကျောက်ဆည်- တံတားဦးလမ်း မိုင်တိုင်အမှတ် (၂၃/၂)မှ (၂၃/၇) အထိ လမ်းအရှည် ၅ ဖာလုံကို ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီအား ကတ္တရာ ဆက်စပ်လွှာလောင်းခြင်း၊ လမ်းမျက်နှာပြင်မညီ၍ အနိမ့်အမြင့်ဖြစ်နေသောနေရာများ ဝမ်းတူးကျောက်ဖြင့် အနိမ့်အမြင့် ညှိခြင်း၊ တစ်လက်မခွဲထု ကတ္တရာ အဝင်လောင်း၍ ကျောက်သေးဖြန့်ခင်းကြိတ်ခြင်းနှင့် မျက်နှာပြင်အားလုံး ကတ္တရာရေပိတ်လွှာလောင်း၍ ၈ ပိုင်း ၃ ပိုင်း ကျောက်သေးဖြန့်ခင်းကြိတ်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မင်းတပ်မြို့နယ်နှင့် ထီးလင်းမြို့နယ် ဆက်သွယ်သောလမ်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ခဲ့သောလမ်းဖြစ်

မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မင်းတပ်မြို့နယ်နှင့် ထီးလင်းမြို့နယ်အကြားရှိ မောချောင်းကိုဖြတ်၍ ဘေလီတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မင်းတပ်မြို့နယ်နှင့် ထီးလင်းမြို့နယ် ဆက်သွယ်သောလမ်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ခဲ့သော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ မောချောင်းဖြတ်ကူး ဘေလီတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းတံတားစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ နယ်စပ်ရေးရာဝန်ကြီးဌာနလမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းအဖြစ်သို့ စာရင်းသိမ်းသွင်းရန် တင်ပြပြီး ခွင့်ပြုချက်ရရှိပါက ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ **ကျိုက္ခမီမြို့ရှိ ဘောလုံးကွင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်ဖြစ်နေပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်သို့ ပြောင်းလဲပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ကျိုက္ခမီမြို့ အောင်ပင်လယ်ရပ်ကွက် မင်းတဲရပ် အကွက်အမှတ်(၂) ဦးပိုင်အမှတ် (၇)ရှိ မြေဧရိယာ ၁၂ ဒသမ ၃၃၈ ဧက သည် ၁၉၅၂-၁၉၅၃ ခုနှစ်ကတည်းက P-W-D မြေအဖြစ်သတ်မှတ်ထားပြီး အဆိုပါမြေပေါ်တွင် မူလတန်းကျောင်းနှင့် မီးသတ်ဦးစီးဌာနမှ တည်ဆောက်ထားသည့် အဆောက်အဦတို့ ရှိထားပြီး ကျန်မြေဧရိယာ ၇ ဒသမ ၃၅၄ ဧကကို ဘောလုံးကွင်းအဖြစ် အသုံးပြုထားပါကြောင်း၊ အဆိုပါမြေကို အားကစားကွင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးလွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကတ္တရာလမ်း အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသော မြိုင်-တောမ-ဂန့်ဂေါလမ်းပိုင်းမှ ထီးလင်းမြို့နယ်အတွင်းရှိ တောမလမ်းပိုင်းကို ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းပိုင်း၏ မိုင်တိုင် (၅၄/၅) မှ (၅၆/၅) အတွင်း ၂ မိုင်၊ (၆၆/၁)မှ (၆၉/၁)အတွင်း ၃ မိုင် စုစုပေါင်း အရှည် ၅ မိုင်ကို မြေနီကျောက်စရစ်ခင်းခြင်းနှင့် Box Culvert ၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ၁၄၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ မိုင်တိုင် (၅၄/၅)မှ (၅၅/၂) အတွင်း ၅ ဖာလုံကို မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီး Box Culvert ၃ စင်းတည်ဆောက် ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ပစ္စည်းများစုဆောင်းထားရှိပြီးဖြစ်ပါကြောင်းနှင့် ကတ္တရာလမ်း အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **၂၀၁၉ Novel Coronavirus -2019 nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ဖြစ်ပွားလာပါက အထိအခိုက်အသေအပျောက် နည်းပါးစေရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၏ **လဲချားမြို့နယ်၊ လွိုင်လင်-ပန်ကေတု-သီပေါ လမ်းပေါ်ရှိ မိုင်တိုင်အမှတ် 48.5 km နှင့် 49 km အကြားရှိ နမ့်တောင်းတံတားနှင့် မိုင်တိုင်အမှတ် 57 km နှင့် 57.7 km ကြားရှိ ဟိုနားတံတားကို နှစ်လမ်းသွား RC ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုမြို့နယ်တွင် ကျန်ရှိနေသော မုဒုံ(၁)- ပမ္မတီး-ညဲဆာလာဒီ-နမ်ရှယ်ကော့ သဲကျောက်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာ ရေးနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# "ဥပဒေအရာရှိအဆင့် - ၃ မွမ်းမံသင်တန်းအမှတ်စဉ်(၃၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိအဆင့် - ၃ မွမ်းမံသင်တန်း အမှတ်စဉ် (၃၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံး အဆင့်ဆင့်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဥပဒေအရရပိုင်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ဥပဒေအကြံပေးရာတွင် အဂတိတရားဖြင့် ဆောင်ရွက်ခြင်းမပြုရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ကြရာတွင် ခံယူချက်နှင့် ကိုယ်ကျင့်တရားများကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဥပဒေအရာရှိကျင့်ဝတ်နှင့် ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်းနှင့် ဥပဒေများကို အမြဲလေ့လာဆည်းပူးကြရန် လိုအပ်ပါကြောင်း မှာကြားသည်။ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူ ၃၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသား၊ သင်တန်းသူ သုံးဦးအား ဆုများ ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **နိုင်ငံတော်ယဉ်ကျေးမှုက ဇာတ်အနေဖြင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအကတေးဂီတတို့ကို ထိန်းသိမ်းမြှင့်တင်ခြင်းအပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ်ပြသသည့် ပဒေသာကပွဲများ၊ ဇာတ်တော်ကြီးများ၊ ဒီမိုကရေစီစနစ်အပြောင်းတွင် ပြုမူကျင့်ကြံစရာ အသိသညာများကို အများပြည်သူတို့ထံရောက်ရှိရန် နိုင်ငံတစ်ဝန်း အထင်ကရဘုရားပွဲတော်များ၊ မြို့ကြီးများတွင် လှည့်လည်ကပြတင်ဆက်ခြင်း အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အနုပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့သို့ ယခုထက်ပိုမို၍ ကပြနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ဇာတ်ခုံနှင့် ဇာတ်ရုံရရှိရေးအပါအဝင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားလုံးအတွက် ရန်ပုံငွေနှင့် အနုပညာရှင်အင်အား တိုးမြှင့်ခန့်ထားဖြည့်တင်းနိုင်ရန်လည်း လိုအပ်လျက်ရှိပါကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိမှု အပေါ်မူတည်၍ မြို့ကြီးများတွင် ပိုမိုလှည့်လည်ကပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကြည်မင်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်

## ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်များ အဆင့်ဆင့်စီမံဆောင်ရွက်ပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြို့ဝန်းကြီးကျေးရွာအုပ်စု၊ တည်ဘိုကန်ကျေးရွာနေတောင်သူ ၆၂ ဦး၏ လယ်မြေ (၁၅၉ ဒသမ ၅၀) ဧကကို ကြိုးပြင်ကာကွယ်တောဧရိယာအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ ကော်မတီ အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာရင်းများ ကောက်ယူမှုအရ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်များကို အဆင့်ဆင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် မေးခွန်းပါ တည်ဘိုကန်ကျေးရွာနေတောင်သူ ၆၂ ဦး၏ လယ်မြေ (၁၅၉ ဒသမ ၅၀) ဧကသည် အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေထိုင်သည့် အိမ်ခြေများနှင့် ပြင်ပမှနေထိုင်ပြီး ကြိုးဝိုင်းအတွင်း ဝင်ရောက်လုပ်ကိုင်သူများ စာရင်းတွင် ပါဝင်နေသည့်အတွက် အဆိုပါ လယ်မြေများကို သစ်တောမြေမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **"စိမ်းမြညို " ဒေသခံအစုအဖွဲ့မှ ဦးဆောင်သူတစ်ဦး လျှောက်ထားသော စိုက်ခင်းအကျယ် ဧက ၃၅၀ ကို သစ်တောဦးစီးဌာန၏ စိုက်ခင်းများအဖြစ်မှ အမြန်ဆုံးပယ်ဖျက်ခွင့်ပြုရန်နှင့် ဝါးစိုက်ပျိုးခွင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက စိမ်းမြညို အဖွဲ့မှ လျှောက်ထားသည့် ဧရိယာ ဧက ၃၅၀ ကို မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဒေသခံပါဝင်သည့်အဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် လျှောက်ထားမြေနေရာသည် ပဲခူးမြို့နယ်၊ သစ်တောဦးစီးဌာနအနေဖြင့် ၁၉၈၆ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၄၂၀ အနက် လျှော့နည်းပျက်စီးတင်ပြထားသည့် ဧရိယာ ဧက ၃၇၀ အတွင်း ပါဝင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ် (၁၅/၂၀၁၀) ဆုံးဖြတ်ချက်အရ ပျက်စီးလျော့နည်းစိုက်ခင်းစာရင်းကို သစ်တောဦးစီးဌာနက မှတ်တမ်းတင်ထားရှိခြင်းနှင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ် စီမံကိန်းအရစီးပွားရေး စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိသည့်အတွက် လျှော့နည်းပျက်စီးသွားသော စီးပွားရေးစိုက်ခင်းများကို သစ်တောဦးစီးဌာန၏ စိုက်ခင်းများအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် မရှိပါကြောင်း။

## ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျှောက်ထားလာပါက စိစစ်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်သွားမည်

သို့သော် ဦးဆောင်လျှောက်ထားသူ ဦးတင့်ဝေအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းဧရိယာနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိသည့် ဧရိယာနှင့် လွတ်ကင်းသည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြေပြင်နှင့် မြေပုံကွဲလွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ရန်လိုအပ်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ်၊ ပုလဲကိုင်းကျေးရွာကို ကျေးရွာအဖြစ် အသိအမှတ်ပြုပေးနိုင်ရန်အတွက် ကျေးရွာမြေမှာ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသဖြင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ၂၀၁၃ ခုနှစ် သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်သူများ စာရင်းကောက်ယူမှုအရ ပုလဲကိုင်းကျေးရွာ၏ သစ်တောမြေအတွင်းကျရောက်နေသည့် မြေနေရာကို ပယ်ဖျက်ပေးရာတွင် မြေပြင်နှင့် မြေပုံကွဲလွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့သော် ကျောက်တော်မြို့နယ်၏ နယ်မြေဒေသ အခြေအနေအရ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ အခြေအနေပေးလာပါက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေး၍ မြေအမျိုးအစားအလိုက် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်း၊ နှစ်ရှည်မြေငှားရမ်းလုပ်ကိုင်ခွင့် ချထားပေးခြင်း စသည်တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်အေးသဉ္ဇာကျော်နှင့် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

## ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က **ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာခြင်း**ကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာခြင်း**ကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း**

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)သို့ ၁၉၄၈ ခုနှစ် မေလ (၁၈) ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ အဓမ္မခိုင်းစေမှုဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၂ ခုနှစ်တွင် ILO နှင့် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) အရ ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့် ပူးပေါင်းကာ တိုင်ကြားမှု ယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ၂၀၁၈ ခုနှစ်အထိ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို နိုင်ငံပိုင်ယန္တရားဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism– NCM) ထူထောင်နိုင်ရေး ဆောင်ရွက်ဆဲကာလတွင် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group–HLWG)မှ ကြားကာလယန္တရားအဖြစ် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားကို စတင်လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်၍ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို လွှတ်တော်၊ နိုင်ငံတော်သမ္မတရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO(ရန်ကုန်) နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄နှင့် email လိပ်စာ mol@mptmail.net.mm, molipoffice@ gmail.com, research.org.dol. mm@gmail.com များသို့ လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အပြေးပြိုင်ပွဲ ကျောင်းသား ကျောင်းသူ ၂၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Pocari Sweat တို့မှ ပူးပေါင်းကျင်းပသည့် (၇၃)နှစ်မြောက် ငြိမ်းချမ်းရေးအပြေးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြေးခုန်ပစ်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ Pocari Sweat မှ တာဝန်ရှိသူများက အလံကိုဝှေ့ယမ်း၍ တာလွှတ်ပေးခဲ့ရာ ကျိုက္ကဆံကွင်းမှ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်း၊ စက်မှု(၁)လမ်း၊ ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်မှ ဆရာစံလမ်းအတိုင်း မြောက်မြင်းပြိုင်ကွင်းလမ်းမှတစ်ဆင့် အရှေ့ မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံကွင်းသို့ ပြန်လည်ပန်းဝင်ခဲ့သည်။ ထို့နောက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

၁၁-၂-၂၀၂၀၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှတ်တမ်း

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ဖြစ်ပွားလာပါက အထိအခိုက်အသေအပျောက်နည်းပါးစေရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော ရောဂါကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ဘယ်လိုစီမံဆောင်ရွက်ထားသလဲဆိုတာကို လွှတ်တော်မှတစ်ဆင့် ပြည်သူလူထုသိရှိနိုင်ရန်အတွက် ရောဂါနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်သောကများနေကြတဲ့ ပြည်ထောင်စုတစ်ဝန်းမှ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

## ပြည်သူတွေကိုရှင်းပြဖို့ အကောင်းဆုံးအချိန်ဖြစ်

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆက်လက်တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ပြည်သူတွေကြောက်ရွံ့နေကြတဲ့ Coronavirus ကြောင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားနိုင်ပြီး ဒီရောဂါကို တရုတ်ပြည်၊ ဝူဟန်မြို့မှာ စခဲ့တဲ့အတွက် ဝူဟန်ဗိုင်းရပ်စ်ရောဂါ၊ ဝူဟန်အဆုတ်ရောင်ရောဂါလို့လည်း လူသိများကြပါတယ်။ မနေ့က ရရှိတဲ့သတင်းတွေအရ တရုတ်ပြည်မကြီးမှာ သေဆုံးသူ ၉၀၈ ဦးအပါအဝင် စုစုပေါင်း သေဆုံးသူ ၉၁၀ ရှိပြီလို့ သိရပါတယ်။ ရောဂါဖြစ်ပြီးပျောက်ကင်းသူ ၃၀၀၀ ကျော်ရှိသော်လည်း သေဆုံးသူဟာ SARS ရောဂါကြောင့် သေဆုံးတာထက် ကျော်သွားပြီဖြစ်ပါတယ်။ ရောဂါပိုးကူးစက်သူ ၄၀၀၀၀ ကျော်နှင့် သံသယရှိသူ ၂၃၀၀ ကျော်ရှိကြောင်း သတင်းများအရ သိရှိနိုင်ပါတယ်။ ယနေ့ ကမ္ဘာ့စံတော်ချိန်အရ ဆိုလို့ရှိရင် သေဆုံးတဲ့ဦးရေ ၁၀၁၈ ဦး၊ ကူးစက်ခံရသူ ၄၃၀၀၀ ဦးရှိနေပြီ ဖြစ်ပါတယ်။ သေသူ ၉၁၀ ရှိကြောင်း WHO ကတော့ သတင်းထုတ်ပြန်နေဆဲဖြစ်ပါတယ်။ SARS ရောဂါနှင့်နှိုင်းယှဉ်ချက်အရ Wuhan Corona Virus ဟာ စဖြစ်ပြီး ၃၃ ရက်အကျော်မှာ SARS ရောဂါထက် ရှစ်ဆပိုပြီး ကူးစက်နိုင်စွမ်းရှိလို့ နိုင်ငံတော်အစိုးရအနေနဲ့ ရောဂါကာကွယ်ရေး၊ ပညာပေးရေးတို့အတွက် အထူးဆောင်ရွက်ရန်လိုအပ်တဲ့ ကူးစက်မြန်ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်း တရုတ်ပြည်ကြီးမှာ သေဆုံးမှုနှုန်းအများဆုံးနှင့် ကူးစက်မှုနှုန်းအမြန်ဆုံးဖြစ်နေပါပြီ။ အဲဒါကြောင့် စိုးရိမ်နေတဲ့ပြည်သူတွေအတွက် ပြည်သူတွေကိုရှင်းပြဖို့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၀-၂-၂၀၂၀ ရက်နေ့ ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ သံသယလူနာတစ်ဦးအပါအဝင် လူနာ ၂၀ ခန့်ရှိလာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်း ပေါ့ဆ၍မရကြောင်း သတိပေးခေါင်းလောင်းသံ မြည်နေပြီဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ၉-၂-၂၀၂၀ ရက်နေ့က ထုတ်ပြန်တဲ့ Situation Report 20 မှာ မြန်မာအပါအဝင် ဒေသဆိုင်ရာနှင့် ကမ္ဘာ့အဆင့်မှာ ကူးစက်မှုအန္တရာယ်မြင့်မားနေဆဲဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ရောဂါကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်တယ်လို့ဆိုကြပေမယ့် ကပ်ရောဂါအသွင် ဖြစ်ပွားလာမည်ဆိုလျှင် ပြည်သူလူထု အထိအခိုက် အသေအပျောက်နည်းစေဖို့ ကြိုတင်စီမံထားရန် နိုင်ငံတော်အစိုးရအနေဖြင့် အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်မိပါတယ်။ လူထုကတော့ ကာကွယ်ဆေးမရှိ၊ ကုသဆေးမရှိတဲ့အတွက်၊ ဒီဗိုင်းရပ်စ်အန္တရာယ်ကို သေချာပညာမပေးနိုင်သေးခင် ကြောက်ရွံ့နေကြသလို ကာကွယ်ရေး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဂရုမစိုက်ကြရင်လည်း အားလုံးအတွက်အန္တရာယ်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါပုံအရ ဝူဟန်ဗိုင်းရပ်စ်ကူးစက်လူနာကို ကျွန်တော်တို့နိုင်ငံမှာ မတွေ့ရသေးပေမယ့် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနဲ့ ထိုင်ဝမ် အထိ ပျံ့နေပြီဖြစ်တဲ့အတွက် မြန်မာပြည်ကိုလည်း အချိန်မရွေးဝင်ရောက်ပျံ့နှံ့လာနိုင်ပါတယ်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ ထိစပ်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းဂိတ်တွေမှာ စောင့်ကြည့်စစ်ဆေး၊ ရှာဖွေညွှန်းပို့လုပ်ငန်းတွေ ဆောင်ရွက်နေတာကို ကြိုဆိုရမှာဖြစ်ပြီး နယ်စပ်တရားမဝင် ဝင်ပေါက်များမှတစ်ဆင့် ဥပဒေမဲ့ ဥဒဟိုဝင်ထွက်သွားလာနိုင်ကြတဲ့အတွက် တစ်ဖက်နိုင်ငံက ရောဂါပိုးများ အချိန်မရွေးဝင်ရောက်နိုင်ပြီး ထိန်းချုပ်ရခက်ခဲနေတဲ့ ပကတိအခြေအနေကို အသိအမှတ်ပြု ဖြေရှင်းဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ဝူဟန်ဗိုင်းရပ်စ် သံသယလူနာငါးဦး မူဆယ်ဘက်သို့ ထွက်ပြေးရောက်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခြင်းကလည်း ပြည်သူလူထု၏စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဆိုးရွားသွားစေခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။



ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းစဉ်။

## သတင်းမှန်များ၊ ကာကွယ်ကုသရေးအစီအစဉ်များ ထုတ်ပေးရန်လိုအပ်

ဥက္ကဋ္ဌကြီးခင်ဗျား။ Digital Literacy အားနည်းတဲ့ ကျွန်တော်တို့နိုင်ငံအတွက် ဝူဟန်သို့ အလည်တစ်ခေါက်လို ဗီဒီယိုမျိုး Facebook ပေါ်မှာ ပျံ့နှံ့ခဲ့ရာမှာ လေးရက်အတွင်းကြည့်ရှုသူ ၅ ဒသမ ၄ သန်းရှိနေပေမယ့် WHO က အင်္ဂလိပ်ဘာသာဖြင့် အသိပညာပေးချက်တွေကို ဇန်နဝါရီလ ၁၅ ရက်နေ့မှသာ ထုတ်ပြန်နိုင်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအစီအစဉ်နှင့်ပတ်သက်၍ ဇန်နဝါရီ လ ၂၉ ရက်နေ့အထိ ဖော်ပြနိုင်ခြင်းမရှိဘဲ အကြိမ် ၈၀၀ သာ လူထု၏မျှဝေမှုရှိခြင်းတွေဟာ သက်ဆိုင်ရာဌာနတွေရဲ့ ဆောင်ရွက်ချက်တွေကို ပြည်သူလူထုကို ထိရောက်စွာရှင်းပြပေးဖို့ လိုအပ်နေတဲ့အချက်တွေပဲဖြစ်ပါတယ်။ ဒါဟာ ဒီဗိုင်းရပ်စ်နှင့်ပတ်သက်လို့ သတင်းတု၊ သတင်းယောင်များ အားကောင်းနေကြောင်းနှင့် တရားဝင်သတင်းဌာနများက အချိန်မီဆောလျင်စွာ သတင်းမှန်များ၊ ကာကွယ်ကုသရေးအစီအစဉ်များ ထုတ်ပေးရန် လိုအပ်နေကြောင်း ညွှန်ပြနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကူးစက်ရောဂါစတင်ဖြစ်ပွားသော အစောပိုင်းအဆင့်များတွင် ကြောက်ရွံ့ခြင်းသည် ဘာကိုမှမသိခြင်းကြောင့်ဖြစ်ကြောင်း ပညာရှင်များကဆိုကြ၍ ကာကွယ်ကုသရေးလုပ်ငန်းများတွင် တည်ဆဲကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့်အညီ အဆိုပါရောဂါကို ပြည်သူများပါဝင်၍ ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဤမေးခွန်းကို စောစီးစွာဖြေဆိုချင်သော်လည်း ခရီးစဉ်များပါဝင်နေတဲ့အတွက် ယခုမှလာပြီး ဖြေရတဲ့အတွက်ကို ကျွန်တော်တောင်းပန်ပါတယ်။ နောက်တစ်ခုက ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံချင်တာက ဒီကိစ္စသည် အလွန်အရေးကြီးတဲ့အတွက် ကျွန်တော့် အနေနဲ့ အချိန်လည်းပိုပေးပါရန် အနူးညွတ်မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒလမဲဆန္ဒနယ် ဒေါက်တာစိန်မြအေးရဲ့ မေးခွန်းကို ပြန်ကြည့်တဲ့အခါမှာ အပိုင်းနှစ်ပိုင်း ပါပါတယ်။ ပထမတစ်ပိုင်းကတော့ ကာကွယ်နှိမ်နင်းရေးအတွက် ကူးစက်ပြန့်ပွားမှုမရှိရန်၊ ဆိုလိုတာက ကာကွယ်ထိန်းချုပ်ရေးပါ။ ဖြစ်ပွားမှုရှိပါက အထိအခိုက်၊ အသေအပျောက်နည်းရန်။ ဒေါက်တာစိန်မြအေး မေးတုန်းကတော့ သူက အဆုတ်ရောင်ရောဂါလို့ ခေါ်ပါတယ်။ အခု WHO ကတော့ အဆုတ်ရောင်လို့မခေါ်ပါဘူး။ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(Acute Respiratory Disease) လို့ ခေါ်ပါတယ်။ ဒီမေးခွန်းရဲ့အပိုင်းနှစ်ပိုင်းမှာ ပြန်ကြည့်ရင် ဒုတိယအပိုင်းဖြစ်တဲ့ အသေအပျောက်နည်းဖို့ကတော့ ကျွန်တော်တို့မှာ အခုအချိန်အထိ အတိအကျကုထုံး မရှိသေးပါဘူး။ ဖြစ်ပေါ်လာတဲ့ Symptom တွေ၊ ရောဂါလက္ခဏာတွေကိုပဲကြည့်ပြီးတော့ သက်သာအောင်ရတဲ့အဆင့်ပဲရှိပါသေးတယ်။ ကမ္ဘာမှာတော့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သုတေသနတွေ အများကြီးလုပ်တဲ့အခါမှာ HIV/AIDS ကို ကုသတဲ့ဆေးက ထိရောက်တယ်လို့တော့ တွေ့နေပါပြီ။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုချက်တော့ မရသေးပါဘူး။ ရမယ်ဆိုရင် ကျွန်တော်တို့ကုဖို့ ဒီဆေးသုံးမျိုးကိုလည်း Ready ဆောင်ထားပြီးပါပြီ။ ဒီမှာဆိုလို့ရှိရင် တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ရဲ့ Physician တွေ၊ Specialist တွေက ဒါကိုကုဖို့ ကျွန်တော်တို့မှာ အရည်အချင်းအပြည့်အဝရှိပါတယ်။ ဘယ်နိုင်ငံမှလည်း ပို့စရာမလိုပါဘူး။ ကျွန်တော်တို့ပြည်တွင်းမှာ အပြည့်လုပ်နိုင်တာရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ကူးစက်ပြန့်ပွားမှု ထိန်းချုပ်မှုကို အစ ကျွန်တော် အရင်ပြောချင်ပါတယ်။

## ဆောင်ရွက်နေတာတွေ လုံးဝလျှော့လို့မရ သေချာကိုင်တွယ်လုပ်နေ

ဒီကိစ္စမှာကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့က စသိသိချင်း၊ ကျွန်တော်တို့လွှတ်လပ်ရေးနေ့ ညစာစားကတည်းက ကျွန်တော်သတင်းရတဲ့အတွက် Dinner ကနေပြီးတော့ ကျွန်တော့်လူတွေဆီကို ချက်ချင်းဖုန်းဆက်ပါတယ်။ ဝင်ပေါက်တွေ၊ လေဆိပ်ဝင်ပေါက်၊ နယ်စပ်ဝင်ပေါက်တွေကို ချက်ချင်းသွားပါ။ ကြည့်ပါ။ ကျွန်တော်တို့မှာ ဘယ်လောက်အထိ အရည်အချင်းရှိလဲ လုပ်နိုင်တယ်။ ၅ ရက်နေ့ကစပြီး ကျွန်တော် ချက်ချင်းလုပ်ပါတယ်။ နောက်မကျပါဘူး။ ဘာဖြစ်လို့လုပ်ရလဲ မေးစရာ ရှိပါတယ်။ ဒီဗိုင်းရပ်စ်က အသစ်။ ဒါကြောင့် Novel Virus လို့ ခေါ်ပါတယ်။ ဒီဗိုင်းရပ်စ်ရဲ့ ရောဂါလက္ခဏာ ဘယ်လောက်အထိဆိုးမလဲ။ သူ့ရဲ့ရောဂါကူးစက်ပြန့်ပွားမှုက ဘယ်လောက်ရှိမလဲ။ ရောဂါကောင်းသွားပြီးတော့ ဘယ်လောက်ကြာကြာအထိ ဗိုင်းရပ်စ်က ထပ်ပြီးထွက်နေဦးမလဲ။ ဒါတွေလုံးဝမသိပါဘူး။ ထို့အပြင် ဒီရောဂါသည် အမှုန်အမွှား(Droplet)ကနေအစ ခြောက်ပေအတွင်း ကူးနိုင်တဲ့အတွက် အလွန်အန္တရာယ်များပါတယ်။ ကူးစက်မှုကလည်း အရမ်းမြန်ပါတယ်။ ကူးစက်မှုမြန်တဲ့အခါမှာ ပြည်သူ့ကျန်းမာရေးပညာမှာ အခြေခံကူးစက်နှုန်း (Basic Reproduction Rate - R 0)။ အသံထွက် အာရ်နော့လို့ခေါ်ပါတယ်။ ဒီ R 0 ရဲ့ တန်ဖိုးဟာ အခြားကူးစက်ရောဂါတွေထက် ပိုမြင့်နေတာတွေ့တယ်။ တော်တော်စိုးရိမ်စရာကောင်းနေပါတယ်။ ဒါကို ကျွန်တော်တို့သိပါတယ်။ နောက်တစ်ခုက Incubation Peirod ရောဂါပျိုးချိန် ဟာလည်း အခုထိ နှစ်ရက်ကနေပြီးတော့ ၁၂ ဒသမ ၅၊ ၁၄ အတိအကျပြောလို့ မရသေးဘူး။ မှန်းခြေကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ ၁၄ ရက်နေ့အထိကို သတ်မှတ်ထားပါတယ်။ ဒါတွေဖြစ်တဲ့အပြင် တရုတ်ပြည်ကို ပြန်ကြည့်တဲ့အခါမှာ နေ့စဉ်တက်နေပါတယ်။ Out-break ပေါ့။ ကပ်ရောဂါဗေဒ တစ်ခုမှာဆိုလို့ရှိရင် အပေါ်တက်သွားတာလည်းရှိတယ်။ တည့်တည့်သွားတာလည်း ရှိတယ်။ အောက်ဆင်းတာရှိတယ်။ အခုဟာက တရုတ်ပြည်မှာ တက်နေတုန်းပဲရှိပါတယ်။ နေ့စဉ်၊ နေ့စဉ်တက်တဲ့ဟာတွေက များများ၊ များများလာပါတယ်။ ၃၀၀၀ ကျော်၊ ၄၀၀၀ နီးပါး။ မနေ့က နည်းနည်းလေး ပြန်ကျပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့သည် ဆောင်ရွက်နေတာတွေကို လုံးဝလျှော့လို့မရဘူးဖြစ်တဲ့အတွက် ကျွန်တော်က သေသေချာချာကိုင်တွယ် လုပ်နေပါတယ်။ နောက်တစ်ချက်က ဒါ ဗိုင်းရပ်စ်ဖြစ်တဲ့အတွက် အချိန်မရွေး သူ့ရဲ့ Genetic material ပေါ့။ Mutation ဖြစ်သွားလို့ရှိရင်သွားပြီ။ ဒို့ထက် ပိုလည်းဆိုးသွားနိုင်တယ်။ ဗိုင်းရပ်စ်က တက်လည်းတက်သွားနိုင်တယ်။ ဒါတွေက ဘယ်သူမှမသိတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း မသိဘူး။ အမေရိကန်မှာရှိတဲ့ CDC ကလည်း မသိသေးဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ဒီရောဂါကို လုံးဝမပေါ့ပါဘူး။ လွတ်လပ်ရေးနေ့ကတည်းကစပြီး သေချာ ကျွန်တော်လုပ်ပါတယ်။

> “တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကလည်း ဘာတွေလုပ်နေလဲဆိုတာကို ကျွန်တော်တို့ Website မှာဆိုရင် ၁၅၃ ကြိမ်ဆိုတာ Website မှာ အကုန်တင်ပါတယ်။ အဓိကကတော့ ဒါတွေ ဘာကြောင့်တင်သလဲလို့ မေးစရာရှိပါတယ်။ ဒါတွေ ဘာကြောင့်တင်သလဲဆိုတော့ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်၊ မဖြစ်အောင် ဘာလုပ်ရမလဲ၊ ဆောင်ရန်၊ ရှောင်ရန်နဲ့ ဒီကိစ္စတွေအားလုံးကို ပြည်သူများသိမှသာလျှင် ထိန်းချုပ်မှုလုပ်ငန်းကြီးက အောင်မြင်မှာဖြစ်ပါတယ်”

*စာမျက်နှာ ၁၀ သို့*

**"ဒီအခြေအနေဟာ ကျွန်တော်တို့နိုင်ငံမှာ လောလောဆယ် ရောဂါရှိသူမတွေ့သော်လည်း စိုးရိမ်ရတယ်။ အချိန်မရွေး ဗြုန်းကနဲ အများကြီးပေါ်လာနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ သိနေရမယ်။ သူရဲ့ Incubation Period တွေက ၁၄ ရက်လောက်ဖြစ်တယ်။ ဘယ်သူဘာပေါ်လာမလဲဆိုတာကို ဒေါက်ထောက်ပြီး ကျွန်တော်တို့ ကြည့်နေရပါတယ်။ ကျေနပ်နေလို့မရပါဘူး။ ကျွန်တော်တို့ သေချာလုပ်နေပါတယ်"**

*စာမျက်နှာ ၉ မှ*

ဒီနေရာမှာ ဥက္ကဋ္ဌကြီးအား ကျွန်တော် လေးစားစွာအသိပေးတင်ပြချင်တဲ့အချက်ကတော့ ယနေ့အထိ ကျွန်တော်တို့နိုင်ငံမှာ ဓာတ်ခွဲ Positive လူနာတစ်ယောက်မှ မတွေ့သေးပါဘူး။ ကျွန်တော်တို့ ပို့ပါတယ်။ သို့သော် လေဆိပ်တွေမှာ Thermal Scanner နဲ့ Temperature တွေ တိုင်းတာရှိပါတယ်။ တကယ့်တကယ်တော့ ဒါတွေက မလုံလောက်ပါဘူး။ ဒီ Thermal Scanner နဲ့လုပ်တဲ့အချိန်မှာ ဒီရောဂါပျိုးချိန်ဖြစ်တဲ့ ၁၄ ရက်အတွင်း လာနေတဲ့သူတွေသည် အဖျားမရှိဘူး။ ကျွန်တော်တို့နိုင်ငံထဲကို ရောက်ပြီးပြီ။ ဟိုတယ်မှာတည်းမယ်။ အိမ်တွေကို သွားတဲ့အခါမှာ အဖျားလက္ခဏာပေါ်လာပါတယ်။ အဲဒါကြောင့် ဒီရောဂါကို ကာကွယ်ထိန်းချုပ်ဖို့ဆိုလို့ရှိရင် ပြည်သူလူထုရဲ့အင်အား၊ အဖွဲ့အစည်း များရဲ့အင်အား၊ ဟိုတယ်ဝန်ထမ်းတွေ၊ ရပ်ကွက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သူတို့က အကုန်လုံး ဒီရောဂါအကြောင်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဖြင့် ဘယ်လိုကုနိုင်တယ်။ ဘယ်လို ကာကွယ်ရမလဲဆိုတာ သိထားရမယ်။ ဒါတွေကိုလည်း ကျွန်တော်ပြီးရင် တင်ပြမယ်။ အဲဒီတော့ ဒီရောဂါဟာ ဒီလောက်ကြီးတဲ့ရောဂါကို ကျွန်တော်သိတဲ့အတွက် ကျွန်တော်က သေသေချာချာစဉ်းစားတယ်။ ပြည်သူ့ကျန်းမာရေးရှုထောင့် (Public Health Perspective)။ ကပ်ရောဂါဗေဒရှုထောင့် (Epidemiological Perspective)၊ ကုသမှုရှုထောင့်(Clinical Perspective)၊ ဓာတ်ခွဲခန်းဆိုင်ရာ ရှုထောင့်(Laboratory Perspective)၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ Socio-economic ရှုထောင့်တွေ အကုန်လုံးကနေ စဉ်းစားပြီးမှလုပ်ပါတယ်။ ဒီဟာတွေကို ပြန်ကြည့်တဲ့အခါမှာ ဒီရောဂါသည် အလွန်အရေးကြီးတဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများဟာ သေသေချာချာ ၂၈ ရက်နေ့လောက်စပြီးတော့ နေ့စဉ် မနက် ၇ နာရီခွဲ၊ ၈ နာရီမှာ အကုန်လုံး အစည်းအဝေးလုပ်တယ်။ အကုန်လမ်းညွှန်ချက်တွေ ပေးတယ်။ ဘယ်သူက ဘာလုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဦးစီးဌာနက ဘာလုပ်၊ မြို့နယ်ဆရာဝန်က ဘာလုပ်၊ ဆေးရုံအုပ်တွေအကုန်လုံး ကျွန်တော် လမ်းညွှန်ချက်တွေ ချပါတယ်။ ဒါတွေလည်း ကျွန်တော့် Website ထဲမှာ အကုန်ပါပါတယ်။ အဲဒီတော့ ဒါတွေကို အကုန်လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒီလိုကပ်ရောဂါကိုထိန်းဖို့ဆိုရင် အေးအေးဆေးဆေး ဒီအတိုင်းသွားလို့မရပါဘူး။ သေသေချာချာ စနစ်တကျနဲ့လုပ်ရမှာဖြစ်တဲ့အတွက် ဆက်သွယ်မှုလမ်းကြောင်း(Line of Communication) ဘာဖြစ်ရင် ဘယ်သူက ဘယ်လိုလုပ်မယ်။ ဒါတွေအကုန် သတ်မှတ်ထားတယ်။ လုပ်တဲ့အခါမှာ လူတွေက အများကြီးကူချင်တယ်။ ဟိုလူဒီလူ ကူချင်တယ်ဆိုတိုင်း ကူလို့မရပါဘူး။ သေသေချာချာစည်းစနစ်ကျစွာနဲ့ ပေါင်းစပ်ညှိနှိုင်းမှုက အလွန်အရေးကြီးပါတယ်။ မဟုတ်လို့ရှိရင် အကုန်လုံးရှုပ်ယှက်ခတ်ပြီးတော့ Chaos ဖြစ်သွားမယ်။ အဲဒါတွေရှိပါတယ်။ နောက်တစ်ခါ ဆောင်ရွက်နေတဲ့သူတွေက အများကြီးပါဝင်တယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနပါတယ်။ အခြားဝန်ကြီးဌာနတွေလည်းပါတယ်။ နယ်တွေမှာ ဌာနတွေပါတယ်။ အစိုးရအဖွဲ့တွေပါတယ်။ မိတ်ဖက်အဖွဲ့အစည်းတွေပါတဲ့အတွက် Division of Labour ဘယ်သူက ဘာလုပ်ရမလဲ။ ဒါတွေလည်း ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့လုပ်တဲ့ဟာတွေအားလုံးကို တစ်ချိန်လုံး ဆန်းစစ်နေတယ်။ လိုတိုးပိုလျှော့ သဘောမျိုးပေါ့။ ဒါတော့ လိုရင်ပိုလုပ်၊ ဒါလေးကတော့ မလိုရင်လျှော့လုပ်။ ဒါတွေလည်း အကုန်လုပ်တဲ့အပြင် ကျွန်တော်တို့က ဒီဟာအတွက်ကို နိုင်ငံတော်အစိုးရ၊ နိုင်ငံတော် သမ္မတရုံးကလည်း ကျွန်တော်တို့ကို အဖွဲ့ဖွဲ့လိုက်ပါတယ်။ အဖွဲ့ကတော့ 2019 nCoV ကာကွယ်ထိန်းချုပ်ကုသရေးဗဟိုကော်မတီဆိုပြီး သမ္မတကြီးက ဇန်နဝါရီလ ၃၀ ရက်နေ့တုန်းကနေပြီးတော့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဥက္ကဋ္ဌနှင့် ကျွန်တော်က ပူးတွဲဥက္ကဋ္ဌအနေနဲ့ လုပ်ပြီးတော့ စုစုပေါင်းအဖွဲ့ဝင် ၂၇ ဦးပါပြီးတော့ လုပ်ငန်းတာဝန်(၁၁)ရပ်နဲ့ ဖွဲ့စည်းလိုက်ပါတယ်။ ဒါပေမယ့် အဲဒီအဖွဲ့မဖွဲ့ခင် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ကျွန်တော်တို့ဖွဲ့လိုက်ပြီးပါပြီ။ ဘာဖွဲ့လဲဆိုတော့ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးအဖွဲ့ကို အမြဲတမ်းအတွင်းဝန်က ဥက္ကဋ္ဌအနေနဲ့ ဖွဲ့ပြီးတော့ အဖွဲ့ဝင် ၂၀၊ လုပ်ငန်းတာဝန် ၁၁ ခုနဲ့ စဖွဲ့ပါတယ်။ ကျွန်တော်တို့ စပြီးတော့လုပ်နေပါတယ်။ အဲဒီနေ့ကနေပြီးတော့ ဗဟိုမှာလည်း ကျွန်တော်တို့ကအဖွဲ့ဖွဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဥက္ကဋ္ဌလုပ်ပြီးတော့ အဖွဲ့ဖွဲ့ထားပါတယ်။ ဒါတွေကို ဘာလို့ဖွဲ့ရလဲဆိုတော့ စနစ်ကျအောင်။ စနစ်မကျဘဲ ဒီရောဂါကို သွားထိန်းမယ်ဆိုရင် ပိုက်ဆံတစ်သိန်းထည့်ပြီးတော့ တစ်ကျပ်ဖိုးလောက်ပဲ ကျွန်တော်ကရတယ်။ ဒါကြောင့် ကျွန်တော်က စနစ်တကျဖြစ်အောင် ဒီလိုအဖွဲ့တွေနဲ့လုပ်ခြင်းဖြစ်ပါတယ်။ နောက် ကုသရေးပိုင်းမှာဆိုလို့ ရှိရင်လည်း Clinical Management Committee ပေါ့။ ဝေဘာဂီဆေးရုံမှာရှိတဲ့ ဆရာဝန်တစ်ဦး သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့ Specialist ပါဝင်ပြီး ကျွန်တော်တို့မှာ အဖွဲ့ ဖွဲ့ထားတယ်။ Physician တွေ၊ ပါမောက္ခတွေပါပြီးတော့ ဒီရောဂါဖြစ်လာရင် ဘယ်လိုကုရမလဲ၊ ဘာလုပ်ရမလဲဆိုတာ Guidance တွေ အတိအကျထွက်တယ်။ ထို့အပြင် Triage ဆိုတာ ပြုစုထားပါတယ်။ ရောဂါလူနာတစ်ယောက်လာတာနဲ့ ဘယ်လိုအဆင့်ခွဲမလဲ။ ဘာလုပ်မလဲ။ ဒါတွေလည်းအကုန်လုံး ကျွန်တော်တို့က SOP တွေ၊ Guideline တွေ အကုန်ထုတ်ထားပါတယ်။

## အဓိကခြောက်ချက် ဇန်နဝါရီလ ၅ ရက်နေ့ကတည်းက စပြီးလုပ်နေ

အဲဒီတော့ ကျွန်တော့်အနေနဲ့ တကယ့်တကယ်ပြောချင်တာကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီရောဂါသည် Public Health Emergency of International Concern ဆိုပြီးတော့ ၃၀ ရက်နေ့က ထွက်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ဘာတွေလုပ်ရမလဲ။ အခြား ၁၄၉ နိုင်ငံအဖွဲ့ဝင်တွေက ဘာတွေလုပ်ရမလဲဆိုတာ အဓိကခြောက်ချက်ထွက်တယ်။ ဒီခြောက်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီလ ၃၀ ရက်နေ့မှာကြေညာတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ဇန်နဝါရီလ ၅ ရက်နေ့ကတည်းက စပြီးလုပ်နေပါပြီ။ အဲဒါလေးကို ကျွန်တော် အခုရှင်းအောင် Power Point လေးပြပေးပါ။ Active Surveillance ဆိုတာကတော့ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို လျင်မြန်စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ Early Detection ကတော့ သံသယလူနာများအား စောစီးစွာသိရှိနိုင်ရန် ပြုလုပ်ခြင်း၊ Isolation and Case Management ဆိုတာကတော့ သံသယနှင့် အတည်ပြုလူနာများအား အခြားသူများနှင့်မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသပေးခြင်း၊ Contact Tracing ဆိုတာကတော့ သံသယလူနာ၊ လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ Prevention of onward spread of 2019-nCoV Infection ဆိုတာကတော့ ရောဂါထပ်မံဖြစ်ပွားကူးစက်မှုကို ကာကွယ်ထိန်းချုပ်ခြင်း၊ To share full data with WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို သတင်းအချက်အလက်အပြည့်အစုံပေးပို့ခြင်း၊ ဒီအချက်တွေကို ဇန်နဝါရီလ ၅ ရက်နေ့ ကတည်းကစပြီး ကျွန်တော်လုပ်နေပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ မပေါ့ပါဘူး။ အထူးအလေးထားလုပ်ခြင်းဖြစ်ပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးပိုစတာပေါင်း ၂၂ မျိုး ထုတ်ပြီးပါပြီ။ ထို့အပြင် SOP Guideline ၁၁ မျိုး ထုတ်ပြီးပါပြီ။ Guideline ဆိုတာ ကုသမှုပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီးတော့ ဘာလုပ်ရမလဲ။ ဆရာဝန်တွေက ဘာလုပ်ရမယ်၊ သူနာပြုတွေက ဘာလုပ်ရမယ် အစရှိသဖြင့်ပေါ့။ အကုန်လုံး အသေးစိတ်ကို ကျွန်တော်တို့ ထုတ်ထားပါတယ်။ ဒါက ပိုစတာတွေပါ။ ဆိုလိုတာက ကျွန်တော်တို့ အခုလုပ်တဲ့လုပ်ငန်းများသည် စနစ်တကျ သေသေချာချာ လုပ်ခြင်း ဖြစ်ပါတယ်။ သတင်းထုတ်ပြန်ချက်တွေကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကြိမ် ၃၀ လောက် ထုတ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ တွေ့ရှိချက်တွေကိုလည်း ထုတ်ပေးပါတယ်။

## ဒီရောဂါဟုတ်/မဟုတ်ဆိုတာကို စမ်းသပ်လို့ ရဖို့ရှိပါတယ်

နောက်တစ်ခါ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကလည်း ဘာတွေလုပ်နေလဲဆိုတာကို ကျွန်တော်တို့ Website မှာဆိုရင် ၁၅၃ ကြိမ်ဆိုတာ Website မှာအကုန်တင်ပါတယ်။ အဓိကကတော့ ဒါတွေ ဘာကြောင့်တင်သလဲလို့ မေးစရာရှိပါတယ်။ ဒါတွေ ဘာကြောင့်တင်သလဲဆိုတော့ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်၊ မဖြစ်အောင် ဘာလုပ်ရမလဲ၊ ဆောင်ရန်၊ ရှောင်ရန်နဲ့ ဒီကိစ္စတွေအားလုံးကို ပြည်သူများသိမှသာလျှင် ထိန်းချုပ်မှုလုပ်ငန်းကြီးက အောင်မြင်မှာဖြစ်ပါ တယ်။ သို့မဟုတ်ရင် လုံးဝမအောင်မြင်ပါဘူး။ ဒီနေရာမှာ ကျွန်တော် ဓာတ်ခွဲခန်းရဲ့ ကုသမှုပိုင်းနဲ့ဆိုင်ပြီး နီးနွှယ်နေတဲ့ဓာတ်ခွဲခန်းကလည်း ဘာတွေလုပ်နေလဲ မေးချင်ပါတယ်။ ဓာတ်ခွဲခန်းဆိုတာ သံသယလူနာ သို့မဟုတ် ဖြစ်နေတယ်လို့ထင်တဲ့လူနာတွေကို အာခေါင်ကနေ၊ နှာခေါင်းကနေ ဓာတ်ခွဲနမူနာယူပါတယ်။ ဒါတွေကိုလည်း ဘယ်လိုယူရမယ်ဆိုတာ ကျွန်တော်တို့ Guideline တွေ အကုန်အတိအကျထုတ်ထားပါတယ်။ အခုလောလောဆယ်အရ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါကို Detect လုပ်ဖို့ ဓာတ်ခွဲခန်းမှာမလုပ်နိုင်သော်လည်း မကြာခင်ရက်ပိုင်းမှာ လုပ်နိုင်မှာဖြစ်ပါတယ်။ ဒီရောဂါဟာ အသစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ Primer ဆိုတာ လိုပါတယ်၊ Probe ဆိုတာလိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံမှာမရှိပါဘူး။ ဒါတွေက တကယ့်ဖွံ့ဖြိုးပြီးတဲ့နိုင်ငံတွေက ချက်ချင်းထုတ်လိုက်ပါတယ်။ သူတို့ဆီမှာ ရှိပါတယ်။ ဒါလည်း ကျွန်တော်တို့ရတော့မှာပါ။ ဥပမာဆိုလို့ရှိရင် National Center for Global Health and Medicine(NCGM)နဲ့ Juntendo University တို့နှင့် JICA တို့ကနေပြီး 100 Reaction လုပ်ဖို့အတွက်ကို မကြာခင်ရက်ပိုင်းအတွင်းမှာ ၁၂ ရက်နေ့မနက်လောက်ရဖို့ရှိပါတယ်။ နောက်တစ်ခါ ထိုင်းနိုင်ငံ Armed Forces Research Institute of Medical Science(AFRIMS)ကနေပြီးတော့ ဓာတ်ခွဲအကြိမ် ၁၀၀ စာလုပ်ဖို့ ကျွန်တော်တို့ရတော့မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အမေရိကန်နိုင်ငံ Centre for Disease Control ကနေပြီးတော့လည်း ၁၇ ရက်နေ့မှာ အကြိမ် ၂၅၀ စာလောက် လုပ်ဖို့ရတဲ့အပြင် Asia Pacific ရဲ့ ဗန်ကောက်မြို့မှာအခြေစိုက်တဲ့ Chief ကိုယ်တိုင်လာပြီးတော့ ကျွန်တော်တို့ Virologists တွေနဲ့ Training ပေးမယ်။ လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်ထင်တာတော့ ၁၉၊ ၂၀၊ ၂၁ ရက်နေ့လောက်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါဟုတ်/မဟုတ်ဆိုတာကို စမ်းသပ်လို့ ရဖို့ရှိပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ နောက်မကျပါဘူး။ ကျွန်တော်တို့ အမျိုးသားဓာတ်ခွဲခန်းမှာရှိတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က အစ ညွှန်ကြားရေးမှူးတွေက ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ ဒီ Centre တွေနဲ့ Webiner တွေလုပ်တယ်။ Viber Call နဲ့ Skype တွေလုပ်တယ်။ အကုန်လုံး Update ပေါ့။ နောက်ဆုံးဖြစ်ပေါ်တဲ့အခြေအနေကို နောက်မကျအောင် ကျွန်တော်တို့ အမြဲလုပ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့ကို အကူအညီပေးနေတဲ့ Greater Mekong Sub-region Health Security Project ကနေလည်း လိုအပ်တဲ့ ပစ္စည်းတွေ၊ ဒါတွေကို ကျွန်တော်တို့ ရဖို့လုပ်နေပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ချက်ပြောချင်တာက လူတွေကမေးပါတယ်။ ဒီဓာတ်ခွဲတဲ့ကိစ္စကို ဘာဖြစ်လို့ မြန်မာနိုင်ငံမှာ မလုပ်နိုင်ရမှာလဲ။ တစ်ကမ္ဘာလုံးမှာ စစ်ဆေးနိုင်တဲ့ဟာ အားလုံး ၁၅ နေရာပဲရှိပါတယ်။ ပထမ ၁၂၊ အခု ၁၅ နေရာဖြစ်ပါတယ်။ တကယ့်နိုင်ငံတွေပါ။ တရုတ်၊ Japan၊ Germany၊ South Africa၊ Thailand၊ India၊ Singapore၊ Senegal၊ France၊ UK၊ Russia၊ USA၊ Australia ဒီနိုင်ငံတွေမှာ လောလောဆယ်လုပ်နိုင်ပါတယ်။ သို့သော်လည်း မကြာခင် ကျွန်တော်တို့နိုင်ငံမှာလည်း လုပ်ဖို့ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံမှာ စလုပ်တဲ့အခါမှာ ကျွန်တော်တို့မှာလုပ်တာနှင့်တစ်ပြိုင်နက် Sample ကို ဒီ ၁၅ နေရာထဲက တစ်ခုကို ကျွန်တော်တို့ ပေးရမယ်။ ကျွန်တော်တို့ဟာ မှန်လား၊ မှားလား ဆိုတာကို Check လုပ်မယ်။ ကျွန်တော်တို့က စလုပ်တာဖြစ်တဲ့အတွက် သူတို့ကလည်း မယုံတာတော့ မဟုတ်ပါဘူး။ ဒါဟာ ထုံးစံပါပဲ။ စပြီးလုပ်တဲ့ Center တွေမှာဆိုလို့ရှိရင် နှစ်ခုပေးရပါတယ်။ တကယ့်အထင်ကရဟာကြီးကိုပေး။ Cross Checking လုပ်တဲ့သဘောပါ။ ဒါတွေလည်း ကျွန်တော် တို့ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က Lab နဲ့ ပတ်သက်ပြီး ကျွန်တော်တို့နယ်ဆေးရုံတွေမှာ လူနာတစ်ယောက်လာလို့ရှိရင် ဘယ်လို Throat swab ယူမလဲ။ ယူပုံ၊ ယူနည်း၊ ထုပ်ပိုးပုံ၊ သယ်ယူပုံ၊ ညွှန်ကြားချက်တွေကို ဗီဒီယိုတွေနဲ့ အကုန်လုံးပြထားပါတယ်။ ယူတဲ့အခါမှာ PPE ဝတ်ရမယ်။ PPE ဝတ်ပုံစားပုံအားလုံးကိုလည်း ကျွန်တော်တို့က Video နဲ့ လုပ်တယ်။ နောက် Disinfection ကိစ္စအကုန်လုံး Lab က အဆင်သင့်ဖြစ်ပါပြီ။ ကျွန်တော့်လူတွေက အကုန်လုံးအဆင်သင့်ဖြစ်ပါတယ်။ ခုနက Reagent, Primer, Probe တွေရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ပဲ လုပ်တာမဟုတ်ပါဘူး။ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့ ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရက လုပ်ဆောင်မှုများ ၁၇ ခုလုံးကို ကျွန်တော် ကျေနပ်မှုရှိပါတယ်။ ဗဟိုနဲ့ ချိတ်ဆက်လုပ်နေတဲ့ သူတို့ရဲ့ အသေးစိတ်ဟာတွေက တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းက ပို့တာ ကျွန်တော့်မှာ တစ်ထပ်ကြီးရှိပါတယ်။ လုပ်ဆောင်ချက်များဟာ ကျွန်တော်တို့ရဲ့ ညွှန်ကြားချက်အတိုင်း အကုန်လုံးလိုက်လုပ်နေတာ တွေ့ရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှာ ဌာနဆိုင်ရာတွေ ပူးပေါင်းဖို့ဟာလည်း အလွန်ကျေနပ်ဖွယ်ရာကောင်းတာကို တွေ့ရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကလည်း ဦးဆောင်ပြီးလုပ်တဲ့အတွက် ကျွန်တော်ကျေနပ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာ ဝန်ကြီးဌာနက လုပ်လို့မရပါဘူး။ ပြည်နယ်အစိုးရက ဦးဆောင်မယ်ဆိုရင် ဒါအားလုံးကိစ္စပြီးပါတယ်။ ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်မှာလုပ်တာလည်း အဓိကကတော့ ပြည်သူများကို ကျန်းမာရေးအသိပညာ (Health Literacy Level)ကို တက်အောင်လုပ်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မြန်လေးပဲ တစ်ခုတင်ပြချင်ပါတယ်။ ကယားပြည်နယ် နမူနာတစ်ခုပါ။ ၂၆ ရက်နေ့က စပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေကို လိုက်နာမယ့်လမ်းညွှန်ချက်(SOP) တွေကို ဆေးရုံကြီးတွေ၊ မြို့နယ်တွေကို အကုန်ပို့လိုက်ပြီ။ နောက်ပြီးတော့ လူနာတွေ့ရင် ဘာလုပ်မယ်ဆိုတာ လမ်းညွှန်ချက်တွေ အကုန်ပေးပြီးပြီ။ လွိုင်ကော်ဆေးရုံမှာဆိုရင် သံသယ လူနာကိုထားဖို့ အခန်းတွေလုပ်ပြီးပြီ။ ၂၇ ရက်နေ့မှာဆိုရင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ ဘာတွေလုပ်ရမလဲ။ အဲဒါ အကုန်လုပ်ပြီးပါပြီ။ ၂၈ ရက်နေ့မှာကျတော့ အကုန်ခေါ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရော၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရော၊ ဆေးရုံရော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရော၊ မီဒီယာရော၊ လေဆိပ်ရော အကုန်အသိပေးတာ လုပ်ပါတယ်။ ၂၉ ရက်နေ့ကျတဲ့အခါကျတော့ ပိုစတာဗီနိုင်းတွေကို ကျေးလက်ကျန်းမာရေးအဆင့်ထိ အားလုံးဖြန့်ဝေပြီးပါပြီ။ နောက်တစ်ခါ ၃၀ ရက်နေ့ ကျတော့ ဟိုတယ်၊ တည်းခိုခန်းတွေမှာလည်း ပိုစတာတွေ အကုန်ကပ်ခြင်း ဒါတွေကို အကုန်လုပ်ထားပါတယ်။ ဒါကို နမူနာအဖြစ်ပြောတာပါ။ ၃၁ ရက်နေ့မှာကျတော့ ရောဂါကို Active Surveillance ထောက်လှမ်းခြင်းကိစ္စတွေကိုလည်း အကုန်ဝိုင်းပြီးလုပ်နေတာ တွေ့ရတယ်။

## ဝန်ကြီးဌာနများအားလုံး ပေါင်းစပ်လုပ်နေ

ဖေဖော်ဝါရီလ ၂ ရက်နေ့ကျတဲ့အခါကျတော့ တစ်ခါ ကော်မတီအစည်းအဝေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရပါဝင်ပါတယ်။ ဌာနဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာ အကုန်ပါဝင်တယ်။ ကြက်ခြေနီပါဝင်တယ်။ အကုန်လုံး MMCWA တွေ၊ လူမှုရေး၊ NGO အကုန်ပါဝင်ပြီး လုပ်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာလုပ်တာကို ဒီမှာမှတ်တမ်းလည်း တင်ချင်ပါတယ်။ ကျေလည်းကျေနပ်ပါတယ်။ ဒီအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးက ဆက်လုပ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က အခြေအနေကောင်းမယ်လို့ ထင်ပါတယ်။ အဲဒါလေးကတော့ အကျဉ်းချုပ် ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အကြောင်းက ကျွန်တော်ထင်တာ သိပ်ပြီးတော့ အားမရလို့မေးတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် မေးတဲ့မေးခွန်းကတော့ အချိန်နည်းနည်းကြာပြီဖြစ်တဲ့အခါကျတော့ အခုအချိန်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ကျေနပ်မယ်လို့ထင်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနတော့ အထူးလုပ်ပေးနေပါတယ်။ *စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းဦးနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် တည်ဆဲစက်မှုဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်၍ ခေတ်စနစ်နှင့် လျော်ညီသော မူဝါဒသစ်တစ်ရပ် ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ရေးဆွဲပြီး မဟာဗျူဟာချမှတ်၍ အစီအမံများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံပိုင်စက်ရုံများအား PPP အစီအစဉ်ဖြင့် ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းမည့် စီမံကိန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းဦးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နေပြည်တော် သပြေကုန်းအဝိုင်းရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ သပြေကုန်းအဝိုင်းရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ထုလုပ်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်၊ သပြေကုန်းအဝိုင်းရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ထုလုပ်ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းပြသ**

ယင်းသို့ သွားရောက်စစ်ဆေးရာ နေပြည်တော် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင် ဦးစန်းနိုင်နှင့် ကြေးရုပ်တု ထုလုပ်သူ ပညာရှင်ဒေါက်တာ ဦးမြင့်စံတို့က ရှင်းလင်းပြသသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းပါစည်းကမ်းအတိုင်း စနစ်တကျ ဆောင်ရွက်ထားရှိခြင်း၊ ခန့်ညားထည်ဝါမှုရှိခြင်း၊ အချိုးအစားပြေပြစ်ခြင်းတို့ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းစာရင်းတွင် ထည့်သွင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

အဲဒီတော့ ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တော်တော်ကို သေသေချာချာ လုပ်နေတာတွေ့ရတဲ့အတွက် ကျွန်တော်လည်း ဒီဟာကို မှတ်တမ်းလည်းတင်ချင်ပါတယ်။ ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အားလုံးပေါင်းစပ်ပြီး လုပ်နေတယ်ဆိုတာကို ကျွန်တော်တွေ့ရတယ်။ ဒါအကုန်စည်းလုံးညီညွတ်ခြင်းကိုလည်း တစ်နည်းအားဖြင့် ပြနေတာ ဖြစ်ပါတယ်။

Power Point လေးနည်းနည်း အဲဒီမှာ ပြပေးပါ။ TV Spot တွေ လုပ်တယ်။ ဒီမှာ အများကြီးပါပဲ။ Breaking News ငါးကြိမ်၊ စနစ်တကျ လက်ဆေးဖို့အတွက်က ၂၁ ကြိမ် အစရှိသဖြင့် သတင်းစာထဲမှာ ပါတဲ့အကြိမ်တွေ တော်တော်များပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကို ကျေးဇူးလည်းတင်ပါတယ်။ ဒါအလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားဘာသာတွေမှာ အားလုံး ၈၈ ကြိမ်ရှိပါပြီ။ ဘာသာအနေနဲ့ ၁၁ ဘာသာနဲ့ပြတာ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့က ဒီတိုင်းရင်းသားကိစ္စကို ပစ်လည်းမထားဘူး။ အရေးကြီးတဲ့ ဝင်ပေါက်၊ ထွက်ပေါက်တွေက တိုင်းရင်းသားတွေနဲ့နီးတဲ့နေရာဖြစ်တဲ့အတွက် ဒါဟာ အထူးအရေးကြီးပါတယ်။ ဒါကိုလည်း ၈၈ ကြိမ်တင်မကဘူး။ ၃၆၀ ကြိမ်လောက်ထိ ပြနိုင်ရင်တော့ ပိုကောင်းမှာပါခင်ဗျား။ အခု Power Point မှာ ပြနေတာ ဘာလဲဆိုတော့ ကျွန်တော်တို့မှာ ဒီနေရာကို ကွန်ပျူတာနဲ့ လက်နဲ့ထောက်လိုက်လို့ရှိရင် ဘယ်မြို့နယ်မှာ သံသယက ဘယ်နှစ်ယောက်ရှိသလဲ အဲဒါတွေက ထိပ်မှာပါပါတယ်။ Interactive ပေါ့။ ထောက်လိုက်တာနဲ့ ဘယ်မြို့နယ်ထောက်လိုက်ရင် အဲဒီမြို့နယ်မှာရှိလား၊ မရှိလား အကုန်ပေါ်ပါတယ်။ ဒါကို ကျွန်တော်တို့ဝန်ကြီးဌာန Website မှာ တင်ထားပါတယ်။ တော်တော်များပါတယ်။ TV Spot ဆိုလို့ရှိရင် ဇန်နဝါရီလ ၂၅ ရက်နေ့ပြီးတော့ ဖေဖော်ဝါရီလ ၇ ရက်နေ့အထိ ၁၇၈ ကြိမ်၊ သတင်းထုတ်လွှင့်မှုဟာဆိုလို့ရှိရင် ဇန်နဝါရီလ ၂၄ ရက်နေ့ကနေ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ၁၅၉ ကြိမ်၊ Breaking News က ငါးကြိမ် တော်တော်များပါတယ်။ ဒါအရေးကြီးဆုံးပါပဲ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်ဟာ ဒီရောဂါထိန်းချုပ်မှုမှာ အဓိက ကဏ္ဍမှာ ပါဝင်တယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။

ထို့အပြင် ပြည်သူများအနေနဲ့သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေနဲ့သော်လည်းကောင်း၊ အခြားဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း ကျွန်တော်တို့ ဘာတွေလုပ်နေတယ်ဆိုတာကို အတိအကျသိဖို့က ကျွန်တော်တို့ Website မှာ နေ့စဉ်နေ့တိုင်းလုပ်နေတဲ့ အစည်းအဝေးရဲ့မှတ်တမ်းတွေ အကုန်ရှိပါတယ်။ ကျွန်တော် ဘာတွေပြောလဲ။ ဘာတွေလုပ်ရမလဲ။ ဘာတွေညွှန်ကြားချက်တွေရှိလဲဆိုတာ (၁/၂၀၂၀)ကနေပြီးတော့ ဒီနေ့အထိဆိုရင် (၁၅/၂၀၂၀)ထိ လုပ်ပါတယ်။ အဲဒီထဲမှာ ထူးခြားတာကတော့ (၁၀/၂၀၂၀) ဖေဖော်ဝါရီလ ၆ ရက်နေ့ကတော့ အဲဒီအစည်းအဝေးမှာ ပြည်သူများသို့ အသိပေးတင်ပြချက်ဆိုတာကို အဲဒီနေ့ကလည်း ကျွန်တော် ပြည်သူများကို သိစေချင်တဲ့အချက်တွေကို အသေးစိတ် ပြောပြီးပါပြီ။ အဲဒါကိုလည်း ကျွန်တော့်အနေနဲ့ ပြည်သူများကိုလည်း ဒါကို ဖတ်စေချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ဖတ်ကြည့်ပြီးတော့ ကျွန်တော်တို့ကိုလည်း လိုအပ်တဲ့အကြံဉာဏ်များရှိရင် ထပ်ပြီးတော့ပေးပါ။ ကျွန်တော်တို့သေချာစွာ ဒါကိုလုပ်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့မှာရှိတဲ့ ဆေးရုံတွေကို လိုအပ်တာတွေ အကုန်ဆက်ပြီး ပံ့ပိုးပါတယ်။ အသက်ရှူစက်တွေ၊ Personal Protective Equipment တွေ၊ N95 Mask တွေ အများကြီးပါပဲ။ Antibiotic တွေကအစ အဲဒီမှာ အကုန်ပါတာပါ။ Surgical Mask၊ Hand sanitizer အကုန်လုံးပါ။ အဲဒါတွေ ကျွန်တော် အကုန်ပေးထားတယ်။ နောက် Pulse oxymeter ၊ Defibrillator ၊ ECG monitor ၊ Nebulizer ၊ Syrings pump၊ Infusion Pump ဒါတွေကတော့ ကျွန်တော် ICU ပေါ့။ Intensive Care Unit မှာလိုတဲ့ ပစ္စည်းတွေအကုန်လုံး ကျွန်တော်တို့ပံ့ပိုးပါတယ်။

ဆက်လက်ပြီးတော့မှ ပံ့ပိုးပေးပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ တင်ပြချင်တာကတော့ နိုင်ငံတော်အစိုးရကလည်း ကျွန်တော်တို့ဝန်ကြီးဌာနကို သိန်း ၃၀၀၀ အရေးပေါ် ရန်ပုံငွေလျာထားပါတယ်။ အဲဒီထဲကလည်း ကျွန်တော်တို့ ပံ့ပိုးမှာဖြစ်ပါတယ်။ ထို့အပြင် ပြည်သူများကလည်း လှူပါတယ်။ ဒီ Ventilator ဆို တော်တော်ဈေးကြီးပါတယ်။ သိန်း ၄၀၀ ပါ။ အဲဒါတွေလည်း လှူတဲ့သူတွေရှိတယ်။ အများကြီးလှူတဲ့သူတွေရှိတယ်။ ပြည်သူလူထုကိုလည်း ကျွန်တော့်အနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်။ ပြည်သူလူထုအားလုံး ပါဝင်တာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီနေရာမှာ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ဒီအခြေအနေဟာ ကျွန်တော်တို့နိုင်ငံမှာ လောလောဆယ် ရောဂါရှိသူမတွေ့သော်လည်း စိုးရိမ်ရတယ်။ အချိန်မရွေး ဖြုန်းကနဲ အများကြီးပေါ်လာနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ သိနေရမယ်။ သူရဲ့ Incubation Period တွေက ၁၄ ရက်လောက်ဖြစ်တယ်။ ဘယ်သူဘာပေါ်လာမလဲဆိုတာကို ဒေါက်ထောက်ပြီး ကျွန်တော်တို့ ကြည့်နေရပါတယ်။ ကျေနပ်နေလို့မရပါဘူး။ ကျွန်တော်တို့ သေချာလုပ်နေပါတယ်။ နောက်တစ်ချက်က လေဆိပ်မှာဝင်လာတဲ့သူဆိုတာ နည်းနည်းလေးပါ။ ကျွန်တော်တို့ဟာ Visa on Arrival ကို ပိတ်ထားတဲ့အတွက် ပြည်တွင်းအဝင်ဦးရေ ကျဆင်းလာတာဟာ အခုဆိုရင် ရာကျော်လောက်ပဲရှိတယ်။ ၂၀၀ ကျော်၊ ၁၀၀ ကျော် အဲဒီလောက်ပဲ လေဆိပ်ကဝင်ပါတော့တယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ပါ။ သို့သော်လည်း ကျွန်တော်တို့စိုးရိမ်နေတာက ဘာလဲဆိုတော့ ကုန်းလမ်းမှာ အရင်ဆိုရင် တရားဝင်ပေါက်က ၂၇ ပေါက်ရှိပါတယ်။ အဲဒီ ဝင်ပေါက်တွေကနေ သိန်းနဲ့ချီပြီးဝင်ပါတယ်။ အခုနောက်ပိုင်းမှာတော့ သောင်းနဲ့ပဲချီပြီး ဝင်တော့တယ်။ ဒါကို ကျွန်တော်တို့ထိန်းချုပ်ရမယ်။ ထိန်းချုပ်တယ်ဆိုတာ နယ်စပ်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လုပ်လို့မရပါဘူး။ နယ်စပ်မှာ တာဝန်ရှိတဲ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေက အကုန်လုံးပေါင်းစပ်လုပ်ရမယ်။ ဒါကိုကျွန်တော်တို့ မလျှော့ပါဘူး။ နယ်စပ်ကို အားဖြည့်နေပါတယ်။ Thermal Scanner တွေကအစ အကုန်ပို့နေပါတယ်။

နောက်တစ်ချက်ကတော့ ဒီနေရာမှာ အကြောက်ရဆုံးကတော့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးသိတဲ့အတိုင်း Human to Human Transmission ဖြစ်နေပါတယ်။ လူတစ်ဦးကနေတစ်ဦး ကူးစက်နိုင်တာဖြစ်နေတဲ့အတွက် ကျွန်တော်အလွန်စိုးရိမ်ရတဲ့ အခြေအနေရှိပါတယ်။ နောက်တစ်ချက်က ပြည်သူလူထုကို ဒီနေရာမှာ ထပ်ပြီးတော့ နိဂုံးမှာလည်း ပြောချင်တာကတော့ Quarantine လုပ်ခြင်းကို မကြောက်ပါနဲ့။ Quarantine Isolation ဆိုတာ သူ့အတွက် ရောဂါဖြစ်လာရင် ချက်ချင်းကုသတော့ ရောဂါကောင်းသွားနိုင်ပါတယ်။ အကယ်၍ Quarantine အလုပ်မခံဘဲနဲ့ ဟိုလျှောက်ပြေး၊ ဒီလျှောက်ပြေးနေလို့ရှိရင်၊ ရှောင်နေလို့ရှိရင် သူကနေ တစ်ဆင့် သူ့ရဲ့ မိသားစုတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကို ကူးသွားမယ်ဆိုရင် ကျွန်တော်တို့က ထိန်းမနိုင်သိမ်းမရတဲ့ အခြေအနေဖြစ်နိုင်ပါတယ်။ ပြည်သူလူထုသာလျှင် အဓိကပါ။ အဲဒါလေးကို ကျွန်တော်တင်ပြချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကိုလည်း အထူးမေတ္တာရပ်ခံတယ်။ တော်တော်လည်း ကျွန်တော်တို့ လိုက်လျောညီထွေရှိပါတယ်။ ဒီဝန်ကြီးတွေနဲ့ ကျွန်တော်ကိုယ်တိုင် ဖုန်းဆက်ပါတယ်။ ဝန်ကြီး သုံးဦး၊ လေးဦးနဲ့ ကျွန်တော်ကိုယ်တိုင် ဆွေးနွေးခဲ့ပြီးတော့ ကျွန်တော်တို့ကို သေသေချာချာ အကူအညီပေးနေတာဖြစ်ပါတယ်။ ထပ်ပြီးတော့ နောက်ဆုံးပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီဟာကို ဆက်လက်ပြီး ထိန်းချုပ်ဖို့ကတော့ ကျွန်တော် တင်ပြတဲ့ ရှုထောင့်မျိုးစုံက လုပ်တဲ့အပြင် ကျွန်တော်တို့ သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ အခြားနိုင်ငံမှာရှိတဲ့ Institution တွေ၊ ADB၊ World Bank က အစ အားလုံးနဲ့ နီးနွယ်ပြီးတော့ သေသေချာချာ ရှုထောင့်မျိုးစုံက သုံးသပ်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး စုပေါင်းတိုင်ပင်ဆွေးနွေးပြီးတော့ ဆုံးဖြတ်ခြင်းများကို အမိနိုင်ငံအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစိတ် ဖြေကြားရှင်းလင်းပြတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီမေးခွန်းနဲ့ဖြေကြားခြင်းဟာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များ ဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာထဲမှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ဖော်ပြသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ ။

# တိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိအောင် ဆွေးနွေးအဖြေရှာပေးကြဖို့ ပြောကြားချင်ပါတယ်

နန်းမြတ်ထွေး(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)

**လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကာလက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပြည်မနှင့် တောင်တန်းဒေသများ တစ်ပြိုင်တည်း လွတ်လပ်ရေးရရှိစေရန်အတွက် ဒုတိယအကြိမ် ပင်လုံညီလာခံကို ပင်လုံမြို့၏ အနောက်တောင်ဘက်ရှိ(ယခုပင်လုံကျောက်တိုင်ကွင်း)တွင် ကျင်းပခဲ့ပြီး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသည်။**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အဆိုပါ ပင်လုံညီလာခံမှတစ်ဆင့် တိုင်းရင်းသားပြည်သူများ တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုရန် ကတိပြုလက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံ လွတ်လပ်ရေး၏ သမိုင်းအစဖြစ်သော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ချုပ်ဆိုနိုင်ခဲ့ကြသည်။

ထိုသို့ တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသသော ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ယင်းနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုဆိုလျှင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့သို့ ရောက်ရှိလာပြီဖြစ်ပြီး မြန်မာနိုင်ငံ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးလမ်းစ စတင်ခဲ့ရာ ပင်လုံမြို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြမည့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သား၊ သမီးများနှင့် ဆွေမျိုးတော်စပ်သူများ၊ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်ဖော်ပြလိုက်ပါသည်-


ဒေါ်ခင်မြမူ


ဒေါ်ခင်လှိုင်


ဒေါ်စဝ်ဟေမာသိုက်


ဦးသန်းလွင်


ဦးထွန်းရွှေ


စိုင်းကွမ်တိုင်း


နန်းမြတ်ထွေး


စိုင်းဆု


ဦးခွန်စောယွန်း

**ဒေါ်ခင်မြမူ**
**ဦးတင်ဧ(လူထုကိုယ်စားလှယ်၊ တောင်ကြီး)၏ ညီမ**

မြန်မာနိုင်ငံအတွက် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုရာမှာ ပါဝင်ခဲ့တဲ့ ကိုယ်စားလှယ်တွေရဲ့ ဆွေမျိုးတော်စပ်သူတွေကို အခုလို စုံစုံညီညီ တွေ့ခွင့်ရအောင် ဖိတ်ကြားတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တစ်ချိန်က လူကြီးတွေ ဆောင်ရွက်ခဲ့တာတွေကို မမေ့ဘူးဆိုတာကို တွေ့ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဒါကြောင့်အသက်ကြီးပေမယ့် အားခဲပြီး လာရောက်တာ ဖြစ်ပါတယ်။ အဘွားတို့ရဲ့ ဆွေမျိုးထဲက ဒီလိုနိုင်ငံအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာကိုလည်း ဂုဏ်ယူပါတယ်။ သားစဉ်မြေးဆက် ကလေးတွေလည်း အတုယူစေချင်တယ်။

**နန်းကေခိုင်ဦး**
**ဦးစဝ်ယိပ်ဖ(လူထုကိုယ်စားလှယ်)၏ မြေး**

ပင်လုံစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ ကိုယ်စားလှယ်တစ်ဦးရဲ့ ဆွေမျိုးသားချင်းအနေနဲ့ ဖိတ်ကြားခံရပြီး (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် များစွာဝမ်းသာပါတယ်။ အဘိုးကိုလည်း သတိရမိတယ်။ အဘိုးအတွက်လည်း ဂုဏ်ယူမိတယ်။ ဒီလို အသိအမှတ်ပြုဖိတ်ကြားတဲ့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ တခြားတိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်တွေနဲ့ တွေ့ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။

၁၉၄၇ ခုနှစ် ပင်လုံညီလာခံမှာ အဘိုးက ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့တယ်။ ဒီလိုအဘိုးရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး မြေးတစ်ဦးအနေနဲ့ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ အဘိုးရှိစဉ်ကတော့ ဒီပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ကို အမြဲတမ်းပြောပြခဲ့ပါတယ်။

**ဒေါ်ခင်လှိုင်**
**ဦးလှုရ်မှုန်(ချင်းကိုယ်စားလှယ်၊ ဖလမ်း)၏မြေး**

ကျွန်မတို့ ချင်းပြည်နယ်ဆိုရင် ပင်လုံမြို့ကိုလာဖို့ ခရီးကတော်တော်လေးဝေးပါတယ်။ ဒီလိုအခမ်းအနားမျိုးမှာ ဖိတ်ကြားတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်တယ်။ ကျွန်မအနေနဲ့ အဘိုးရဲ့ မြေး ဖြစ်ခွင့်ရတဲ့အတွက် အမြဲတမ်းဂုဏ်ယူရပါတယ်။ ကျွန်မတို့ အဘိုးရှိစဉ်အခါက ဖလမ်းမြို့နယ် လုံဘမ်းကျေးရွာကသူကြီးဆိုတော့ ရပ်ရေးရွာရေးကိစ္စတွေမှာ ဦးဆောင်ပြီး လုပ်ဆောင်ခဲ့သူတစ်ဦးပါ။ တောင်တန်းပြည်မ ပေါင်းစည်းရေးမှာလည်း ဖလမ်းမြို့နယ်ကိုယ်စား ပါဝင်လက်မှတ်ရေးထိုးဖို့ ရွေးချယ်ခြင်း ခံခဲ့ရပါတယ်။ ဒီအတွက် ကျွန်မ များစွာဂုဏ်ယူဝမ်းမြောက်ဖြစ်မိပါတယ်။ အဘိုးမရှိတော့ပေမယ့် ကျွန်မတို့က အဘိုးရဲ့ မျိုးဆက်အနေနဲ့ တောင်တန်းပြည်မ မခွဲခြားဘဲ အမြဲစည်းစည်းလုံးလုံး ရှိနေပါမယ်လို့ ပြောချင်ပါတယ်။

**ဒေါ်စဝ်ဟေမာသိုက်**
**ဦးစဝ်ရွှေသိုက်(ညောင်ရွှေစော်ဘွား)၏ သမီး**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာမှာ ပါဝင်ခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးရဲ့ မိသားစုဝင်တွေကို ဖိတ်ခေါ်တော့ အဘွားတို့ ဝမ်းသာခဲ့ရတယ်။ အဘွားတို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖိတ်ကြားတဲ့အတွက် အဘွားတို့ လာတက်တယ်။ ဒီ ၂၃ ဦးရဲ့ မိသားစုဝင်တွေနဲ့လည်း အဘွားတို့ မတွေ့ဆုံနိုင်ကြဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီလိုစီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ဒီမိသားစုဝင်တွေအားလုံးနဲ့ တွေ့ခွင့်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုဒုတိယအကြိမ် တက်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီလိုဒုတိယအကြိမ် ထပ်မံဖိတ်ကြားတော့ အဘွားတို့အားလုံးကို ဒေါ်အောင်ဆန်းစုကြည်က အခုထိ သတိတရ ရှိတယ်ဆိုတာကို သိရတဲ့အတွက် ပထမအကြိမ်ထက် ပိုပျော်ပါတယ်။ ဂုဏ်ယူမိတယ်။ အားတက်ရတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးအစက ပင်လုံစာချုပ်ကဖြစ်တယ်။ ဗြိတိသျှအုပ်စိုးတဲ့ခေတ်ဖြစ်တဲ့အတွက် လွတ်လပ်ရေးယူဖို့ စော်ဘွားတွေက ပထမပင်လုံကို ဆွေးနွေးကြတယ်။ ဒုတိယအကြိမ် ပင်လုံမှာတော့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် စော်ဘွား ခုနစ်ဦး၊ လူထုကိုယ်စားလှယ် ခုနစ်ဦး ဆွေးနွေးကြတော့ လွတ်လပ်ရေးရယူမယ်ဆိုတဲ့အနေနဲ့ ပင်လုံစာချုပ်ကတိကဝတ် (၉)ချက်ကို ထားခဲ့ကြပါတယ်။ အဲဒီထဲက အဓိက(၃)ချက်က လွတ်လပ်ရေး၊ ညီမျှခြင်း၊ တရားမျှတခြင်းရှိဖို့တွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်မှာ ပင်လုံကတိကဝတ်တွေ အကောင်အထည်ဖော်ဖို့ ကြာသွားခဲ့တယ်။ အခုအခါမှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စွမ်းစွမ်းတမံ ဆောင်ရွက်နေပါတယ်။ ဒီနှစ် ပြည်ထောင်စုနေ့ကနေစပြီး ပင်လုံစာချုပ်ကတိကဝတ်တွေကို တာဝန်ရှိသူတွေက ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးကို ရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးသန်းလွင်(လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး)**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်ထောင်စုရဲ့ မူလအစ ဘူမိနက်သန်ဖြစ်တဲ့ ပင်လုံစာချုပ်ချုပ်ဆိုတဲ့နေရာမှာ အနှစ်သာရရှိရှိ ကျင်းပနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ပြည်ထောင်စုနေ့အခမ်းအနားမှာ ထူးခြားမှုအနေနဲ့က ဗိုလ်ချုပ်အောင်ဆန်းတို့ စတင်စိုက်ထူခဲ့တဲ့အချိန်က **“တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင်”**လို့ ကမ္ပည်းထိုးရေးသားခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ **“ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ်ကျောက်တိုင်”** ဆိုပြီး အမည်ပြောင်းခဲ့တယ်။ ယခု(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာတော့ **“တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင်”** ဆိုပြီး ကျောက်တိုင်မှာ ပြန်လည်ကမ္ပည်းရေးထိုးပြီး ကျင်းပတဲ့နှစ် ဖြစ်ပါတယ်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်က ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ သား၊ သမီး၊ ဆွေမျိုးတော်စပ်သူတွေကို ဖိတ်ကြားထားပြီး အခမ်းအနားကို တက်ရောက်ကြမှာ ဖြစ်ပါတယ်။ တချို့ဆို အသက်(၉၀)ကျော်တွေပါပါတယ်။ သူတို့ကိုယ်တိုင်က လိုလိုလားလားနဲ့ တက်ရောက်လိုတဲ့ဆန္ဒရှိကြတဲ့အတွက် ကျွန်တော်တို့အနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**ဦးထွန်းရွှေ(မြို့မိမြို့ဖ)**

အဘအသက်က (၉၁)နှစ်ရှိပါပြီ။ မူလတန်းကျောင်းအုပ်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ ပင်လုံမှာ ညီလာခံတွေ ကျင်းပပြီး ပင်လုံစာချုပ် ချုပ်တဲ့အချိန်က အသက်(၁၇)နှစ်အရွယ်ဖြစ်ပါတယ်။ အဲဒီအချိန်က အဘရဲ့ အဘိုးက စာရေးကြီးဆိုတော့ အဘိုးနဲ့အတူ ပင်လုံစာချုပ်ချုပ်တဲ့ အခမ်းအနားကို လိုက်လာဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံစာချုပ်ချုပ်ဆိုမှု အထိမ်းအမှတ်အနေနဲ့ သပြေတိုင်ပေါ့။ **“တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင်”** ဆိုပြီး ကမ္ပည်းထိုးထားတဲ့ တိုင်လေးပဲစိုက်ထားတယ်။ နောက်ပိုင်းမှာ သပြေတိုင်ကို ကျောက်တိုင်အဖြစ် အခိုင်အမာတည်ဆောက်တဲ့အခါမှာ **“ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင်”**ဆိုပြီး ကမ္ပည်းတင်ခဲ့တယ်။ ပင်လုံမြို့မှာ တိုင်းရင်းသားပြည်သူအားလုံး စည်းစည်းလုံးလုံးနဲ့ ပြည်ထောင်စုနေ့ကို ကျင်းပတာလည်း အများကြီးကျေးဇူးတင်ပါတယ်။ တိုင်းပြည်အေးချမ်းသာယာရေးကို အားလုံးစည်းစည်းလုံးလုံး ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။

**စိုင်းကွမ်တိုင်း(ကျောင်းသား)**

တောင်တန်းပြည်မ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ကြောင်းကို ပင်လုံစာချုပ်ချုပ်ဆိုပြီး ပြသနိုင်ခဲ့တယ်။ တစ်တိုင်းပြည်လုံး လွတ်လပ်ရေးကိုလည်း ရယူနိုင်ခဲ့တယ်။ အခုအခြေအနေမှာလည်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တွေ့မြင်ရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ NCA လက်မှတ်ရေးထိုးလာကြတယ်။ ငြိမ်းချမ်းရေးအတွက် ၂၁-ရာစု ပင်လုံညီလာခံတွေကိုလည်း ကျင်းပလျက်ရှိတယ်။ ဒီလိုကိစ္စတွေကနေတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပိုမိုရရှိလာတယ်လို့ မြင်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးကိုလည်း NCA လက်မှတ်ရေးထိုးဖို့ တိုက်တွန်းချင်ပါတယ်။ ဒါမှ တစ်ကယ့်ငြိမ်းချမ်းရေးအစစ်အမှန်ကို ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းမှုရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ရှိလာမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုနေ့ဆိုတာ မြန်မာနိုင်ငံမှာ မွေးဖွားတဲ့ တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ တောင်တန်းပြည်မအားလုံး ပူးပေါင်းလက်မှတ်ရေးထိုးခဲ့ပြီး လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ကာ တိုင်းရင်းသားအားလုံးပါဝင်တဲ့ နိုင်ငံတော်ကို ထူထောင်နိုင်ခဲ့တဲ့နေ့လို့ မြင်ပါတယ်။ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပင်လုံမှာ ကျင်းပပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း တက်ရောက်မယ်ဆိုတော့ လေးစားဂုဏ်ယူမိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ ပင်လုံစာချုပ် လက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးကို ရယူခဲ့တဲ့ သမိုင်းဝင် ပင်လုံမြို့မှာ ကျင်းပခြင်းဖြစ်တဲ့အတွက် မျိုးဆက်သစ်လူငယ်တွေ၊ တိုင်းသူပြည်သားတွေအားလုံး မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းကို ပြန်လည်အမှတ်ရစေမယ်လို့လည်း မြင်ပါတယ်။

*စာမျက်နှာ ၁၃ သို့*

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နိုင်ငံတကာအစိုးရရှေ့နေအသင်းဥက္ကဋ္ဌ Dr. Cheol-kyu Hwang အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နိုင်ငံတကာအစိုးရရှေ့နေအသင်းဥက္ကဋ္ဌ Dr. Cheol-kyu Hwang နှင့် အဖွဲ့အား ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၄ နာရီ ၁၄ မိနစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ကိုရီးယားဥပဒေပြုရေးဝန်ကြီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ ကိုရီးယားသမ္မတနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့် နိုင်ငံတကာ အစိုးရရှေ့နေအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နိုင်ငံတကာ အစိုးရရှေ့နေအသင်းဥက္ကဋ္ဌ Dr. Cheol-kyu Hwang နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက်(၁၅)နှစ်အောက် အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ အသက်(၁၅) နှစ်အောက် အမျိုးသား/ အမျိုးသမီး အပြေးပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိဘုရားရှေ့ ရာဇဌာနီလမ်းတွင် ကျင်းပသည်။

ရေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့သည်။

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ (၁၅)နှစ်အောက် အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်အားကစားသမားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိဘုရားရှေ့မှ စတင်တာထွက်ပြီး ရာဇဌာနီလမ်းမကြီးအတိုင်း နေပြည်တော်ကောင်စီရုံးဖြတ်လမ်းမှ ဥပ္ပါတသန္တိဘုရားရှေ့တွင် ပြန်၍ပန်းဝင်ကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော သက်ဇင်ထွေး (ဇေယျာသီရိ အ.ထ.က ၂)၊ ဒုတိယ အိကိုင်း(စမတောင်)၊ တတိယ စောပြည့်ဝင်း (အ.ထ.က(ခွဲ) အ.လ.က(၃) ဇမ္ဗူသီရိ) တို့အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် အမျိုးသမီးအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော အေးအေးခိုင် (တပ်ကုန်း/ရွေးစုကျောင်း)၊ ဒုတိယ ဖြူစင်ဖြိုး (တပ်ကုန်း အ.ထ.က ၄)၊ တတိယ စုပုံချစ်(အ.ထ.က ၃ ပုဗ္ဗသီရိ) တို့အား ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ဆုများပေးအပ်ချီးမြှင့်သည်။

အမျိုးသမီး အပြေးပြိုင်ပွဲတွင် အဆင့်(၄) မှ အဆင့်(၁၀)အတွင်း ပန်းဝင်ကြသူများအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ အမျိုးသား အပြေးပြိုင်ပွဲတွင် အဆင့်(၄)မှ အဆင့်(၁၀)အတွင်း ပန်းဝင်ကြသူများအား Wave Plus သောက်ရေသန့်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန်းစိုး၊ အမျိုးသား အပြေးပြိုင်ပွဲတွင် အဆင့်(၁၁)မှ အဆင့်(၁၅)အတွင်း ပန်းဝင်ကြသူများအား Wave Plus သောက်ရေသန့်ကုမ္ပဏီမှ MD ဦးညီညီလွင်၊ ကျန်ပြိုင်ပွဲဝင် အားကစားသမား အဆင့်(၂၅၀)အတွင်း ပန်းဝင်ကြသူများအား တာဝန်ရှိသူများက ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် Myanmar Union Day Peace Run ၅ ကီလိုမီတာ အသက်(၁၅)နှစ်အောက် အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ၁၃၁၃ ဦး၊ ကျောင်းသူ ၄၈၇ ဦး စုစုပေါင်း ၁၈၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# FALLEN ANGELS ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဒါရိုက်တာ "Wong Kar-wai" ၏ Drama Film အမျိုးအစား လက်ရာကောင်းတစ်ခုဖြစ်သော "FALLEN ANGELS" ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၆)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် (၁၅)ကြိမ်မြောက် ဟောင်ကောင်ရုပ်ရှင်ပွဲတော်တွင် Best Cinematographer နှင့် Best Editing ဆုများ ရရှိခဲ့ပြီး ဇာတ်လမ်းအကျဉ်းမှာ ဟောင်ကောင်မြို့၏ ညများတွင် ကျက်စားနေသော ကြေးစားလူသတ်သမားတစ်ဦးနှင့် ၎င်း၏အလုပ်ဖော် မိန်းကလေးတစ်ဦး၊ ဟောင်ကောင်မြို့ထဲတွင် ချစ်သူဟောင်းကို လိုက်ရှာနေသော မိန်းကလေးတစ်ဦးနှင့် ဆွံ့အနေသော လူငယ်တစ်ဦးတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို ပေါင်းစပ်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

❖ *ကျောဖုံးမှ*

လေးဂိုး-သုံးဂိုး၊ မြို့မ JY အသင်းက ဖူဆယ် ချစ်သူအသင်းကို သုံးဂိုး-နှစ်ဂိုး၊ On Doctor အသင်းက Dream Team ကို သုံးဂိုး-တစ်ဂိုး၊ VUC အသင်းက Winner အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာကျန်တော့ပြီး VUC နှင့် MIU အသင်းမှာလည်း နိုင်ပွဲကိုယ်စီရခဲ့သောကြောင့် ၆၁ မှတ်စီဖြင့် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည်။ နောက်ဆုံးပွဲတွင် ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံနေရာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နေကာ ဂိုးကွာခြားချက်တွင်မူ VUC အသင်းက အသာရနေသည်။

ပွဲစဉ် (၂၁) အပြီးတွင် VUC နှင့် MIU အသင်းတို့နောက်၌ GV အသင်းက ၅၁ မှတ်၊ On Doctor အသင်းက ၃၆ မှတ်၊ Winner အသင်းနှင့် မြို့မ JY အသင်းတို့က ရမှတ် ၃၀ စီ၊ MFF ယူ-၁၉ အသင်းက ၂၈ မှတ်၊ Do Do Ko Ko အသင်းက ၂၆ မှတ်၊ Dream Team က ၂၂ မှတ်၊ AMM Brothers အသင်းက ၁၁ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ခုနစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခြောက်မှတ်ရရှိထားသည်။ ဖူဆယ်လိဂ်နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

*စာမျက်နှာ ၁၂ မှ*

**နန်းမြတ်ထွေး(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)**

ပင်လုံမြို့မှာ ပြည်ထောင်စုနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပေးတဲ့အတွက်နဲ့ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ခေါင်းဆောင်ကြီးတွေရဲ့ သား၊ သမီး၊ ဆွေမျိုးတော်စပ်သူတွေကို ဖိတ်ခေါ်ပေးတဲ့အတွက် မြို့သူမြို့သားများကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ တိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိအောင် ဆွေးနွေး အဖြေရှာပေးကြဖို့ ပြောကြားချင်ပါတယ်။

**စိုင်းဆု(ဒေသခံလူငယ်)**

ပြည်ထောင်စုဆိုတာကို သန္ဓေတည်ပေါက်ဖွားလာတဲ့ နေရာမှာ၊ ဒီနေရာနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့အခမ်းအနားကို ကျင်းပပေးတာဟာ တိုင်းရင်းသားတွေအပေါ်မှာ အလေးအနက်ထားတယ်ဆိုတဲ့ သဘောထားကို ပြသခြင်းဖြစ်တယ်လို့ မြင်မိပါတယ်။ ပြည်ထောင်စုဆိုတာ မတူကွဲပြားတဲ့ ဒေသတွေက မတူကွဲပြားတဲ့ လူမျိုးစုတွေအတူတကွ ပူးပေါင်းနေတာကို ပြည်ထောင်စုလို့ခေါ်တယ်ဆိုတာ သိမှတ်ရပါတယ်။ ဓလေ့ထုံးတမ်းတွေ၊ ယဉ်ကျေးမှုတွေ၊ ဘာသာစကားတွေ စတဲ့မတူကွဲပြားမှုတွေနဲ့ အတူတကွပူးပေါင်းနေထိုင်ကြတဲ့ တိုင်းပြည်တစ်ခုလို့ အဓိပ္ပာယ်ကို ခံယူပါတယ်။

တိုင်းပြည်ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနိုင်မှာမဟုတ်တဲ့အတွက် လူငယ်တွေရဲ့ ရှေ့ရေးကို မျှော်တွေးပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးရရှိဖို့ ကဏ္ဍအသီးသီးမှာ ပါဝင်ဆောင်ရွက်နေကြသူတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးစကားဝိုင်းတွေမှာ ချမှတ်ထားတဲ့ မူဘောင်တွေနဲ့အညီ ဆွေးနွေးအဖြေရှာပြီး ရလဒ်ကောင်းတွေ အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်ကြပါစေလို့ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့မှာ ဆုတောင်းလိုက်ပါတယ်။

**ဦးခွန်စောယွန်း(ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့)**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်မယ်။ ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးပါဝင်ခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ သား၊ သမီး၊ ဆွေမျိုးတော်စပ်သူတွေလည်း တက်ရောက်ကြမယ်ဆိုတော့ ဒေသခံတစ်ဦးအနေနဲ့ အများကြီးဝမ်းသာဂုဏ်ယူရပါတယ်။ ကိုလိုနီနယ်ချဲ့တွေ ကျွန်တော်တို့ မြန်မာနိုင်ငံတိုင်းရင်းသားတွေကို ဘယ်လိုပဲသွေးခွဲသွေးခွဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် လွတ်လပ်ရေးရရှိခဲ့ပါတယ်။ ကြိုးစားမှုရဲ့ အသီးအပွင့်၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စည်းလုံးမှုအကျိုးရလဒ်ကို မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ခံစားနေရပြီ ဖြစ်ပါတယ်။

နောင်လာမယ့် ပြည်ထောင်စုနေ့အခမ်းအနားတွေမှာလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီးများရဲ့ သား၊ သမီး၊ ဆွေမျိုးတော်စပ်သူတွေကို ဖိတ်ကြားပြီး ပင်လုံမြို့မှာ ယခုလိုပဲ လာရောက်ကျင်းပပေးစေချင်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း မကြာမီမှာ တွေ့မြင်ရတော့မယ်လို့ ကျွန်တော့်အနေနဲ့မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးသူဟိန်း(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုကြီးထိန်(MNA)**

● *ကျောဖုံးမှ*

ပိုကောင်းလာရာ ၁၈ မိနစ်တွင် မောင်မောင်ဝင်းက အဝေးကန်ချက်ဖြင့် ဒုတိယဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ထိန်းကစားခဲ့ရာ ဟိုချီမင်းစီးတီးအသင်း ပြန်ဖိကစားလာနိုင်ပြီး ရန်ကုန်အသင်း၏ အမြင့်ဘော ဖျက်ထုတ်မှု အားနည်းခြင်းကို အခွင့်ကောင်းယူကာ ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုးပြန်သွင်းယူခဲ့သည်။ ၄၁ မိနစ်တွင် ဟိုချီမင်းစီးတီးအသင်း ချေပဂိုးပြန်ရခဲ့၍ ဗီယက်နမ်လက်ရွေးစင် တိုက်စစ်မှူး ငုယင်ကောင်ဖောင်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ၎င်းသည် အောင်သူ၊ မောင်မောင်လွင်တို့ ယူ-၁၉ ကစားသမားဘဝကတည်းက ခေတ်ပြိုင်ကစားသမားတစ်ဦး ဖြစ်ခဲ့သူဖြစ်သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး အခွင့်အရေးများ ထပ်ရသော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ဟိုချီမင်းစီးတီးအသင်းသည် ဒုတိယပိုင်းတွင် ဂိုးရရန်ထက် ဂိုးမပေးရရန်သာ ဦးစားပေးကစားခဲ့သည်။ လူစားဝင်ကစားသမား ဇင်မင်းထွန်း၏ အနီးကပ်ကန်သွင်းယူမှု လွဲချော်ခဲ့၍ ရန်ကုန်အသင်း နစ်နာခဲ့ရသည်။

ရန်ကုန်အသင်းသည် အုပ်စု (F) တွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ စင်ကာပူကလပ် ဟောင်အန်ယူနိုက်တက်အသင်း၊ လာအိုကလပ် လာအို တိုယိုတာအသင်းတို့နှင့် ကျရောက်နေသည်။ **ညီမြတ်သော်တာ**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၅/၂၀၂၀) ကျင်းပ

## ပြည်သူများကို မှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိ



2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၅/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၅/၂၀၂၀) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယခုဖြစ်ပွားနေသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (2019–nCoV acute respiratory disease) ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဆက်လက်မြင့်မားလျက်ရှိပြီး (epicenter) ဖြစ်သောဝူဟန်မြို့တွင် ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုသည် အဓိက ဆက်လက်ဖြစ်ပွားနေကြောင်း။

### လုံးဝအရှိန်မလျှော့ ဆက်လက်လုပ်ဆောင်

မြန်မာနိုင်ငံ၌ သံသယလူနာနှင့် စောင့်ကြည့်လူနာများ၌ 2019 Novel Coronavirus ရောဂါပိုး မတွေ့ရှိရသေးသော်လည်း ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများ၏ အသေးစိတ်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်သည့်အခါ၌ ကျေနပ်မှုများစွာ ရှိပါကြောင်း၊ ဤကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများသည် မိမိတို့ ကျန်းမာရေးနယ်ပယ် တိုးတက်ရန်အတွက် အလွန်ကောင်းသော လက္ခဏာဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လုပ်ဆောင်ကြစေလိုပါကြောင်း။

ယခုအချိန်၌ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်မှု၏ အတိုင်းအတာမှာပြည်သူများ၏ ပါဝင်မှု အတိုင်းအတာနှင့် တိုက်ရိုက်အချိုးကျ မူတည်နေသဖြင့် ပြည်သူများကို မှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ရန် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လေကြောင်းခရီးမှ ဝင်ရောက်လာသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံသားများအား လေ့လာကြည့်သောအခါ ၎င်းတို့ အများစုသည် မူလကတည်းက ငှားရမ်းထားသော နေအိမ်တိုက်ခန်းများတွင်သာ သွားရောက်နေထိုင်ကြသည်ကို သိရှိရသဖြင့် ၎င်းတို့ နေထိုင်ရာ ရပ်ကွက်များ၌ ကျန်းမာရေး အသိပညာပေးမှုများ၊ အသိပေးနှိုးဆော်မှုများကို ဦးတည်ဦးစားပေး၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ကျန်းမာရေး အသိပညာပေးနှိုးဆော်

နေရပ်ပြန်နိုင်ငံသားများသာမက နိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးဖြစ်သော ဧည့်သည်နိုင်ငံခြားသားများ၏ တည်းခိုနေထိုင်မှုအခြေအနေများ၊ အထူးသဖြင့် ၎င်းတို့နေထိုင်လေ့ရှိသည့် ရပ်ကွက်များအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ကာ လိုအပ်သော ကျန်းမာရေး အသိပညာပေး နှိုးဆော်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများ၌လည်း လူစုလူဝေးအဖြစ် အလုပ်လုပ်ကိုင်သည့်အတွက်လည်းကောင်း၊ အခြားနိုင်ငံမှ လာရောက်၍ လုပ်ကိုင်နေသော နိုင်ငံခြားသားဝန်ထမ်းများရှိသဖြင့် လည်းကောင်း ထိုနေရာများကိုလည်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို မျက်ခြည်မပြတ် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ လုပ်ကိုင်နေသော အခြေခံကျန်းမာရေးပညာရှင်များဖြစ်သော ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေး ဆရာမ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၊ သားဖွားဆရာမများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုထောက်လှမ်းသည့်နေရာများ၌ လုပ်ကိုင်လျက်ရှိသော တာဝန်ခံများအား ခုနစ်လက်မ Mobile Tablet ဖုန်း ၂၃၉ လုံးနှင့် ၎င်းမြို့နယ်၌ရှိသော တိုက်နယ်ဆရာဝန်နှင့် မြို့နယ်ဆရာဝန်တို့အား ရှစ်လက်မ Mobile Tablet ဖုန်းများကိုဗဟိုမှ သက်ဆိုင်ရာပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများသို့ ယနေ့တွင်ပင် ဖြန့်ဝေရန်စီစဉ်ပြီးဖြစ်ပါကြောင်း။

### ကျန်းမာရေးစကားဝိုင်းများ ပြုလုပ်စေလို

ထိုသို့ချက်ချင်းဖြန့်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဤရောဂါနှင့် ပတ်သက်သောအကြောင်းအရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စသည်တို့နှင့် ပတ်သက်၍ ကျန်းမာရေးစကားဝိုင်းငယ်လေးများ နေရာအနှံ့အပြား ပြုလုပ်စေလို၍ ဖြစ်ပါကြောင်း၊ အဆိုပါ Mobile Tablet များတွင် ဤရောဂါနှင့် ပတ်သက်၍ ထုတ်ဝေထားသော ၂၂ မျိုးသော ကျန်းမာရေး ပိုစတာနှင့် လက်ကမ်းစာစောင်များနှင့် လုပ်ငန်းလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း ထည့်သွင်းထားပြီးဖြစ်ပါကြောင်း၊ သီးခြားထားရှိကုသခြင်းနှင့် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း၏ အရေးကြီးမှုကို ပြည်သူများသေချာစွာ သိရှိနားလည်ရန်မှာ အရေးကြီးပါကြောင်း။

ထိုသို့ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019–nCoV လတ်တလော အသက်ရှူလမ်းကြောင်းရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ချက်ချင်းကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေနည်းပါးသည့်အပြင် ၎င်းမှတစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှု မဖြစ်ပွားနိုင်တော့သဖြင့် အားလုံးအတွက် အကျိုးရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကုသမှုပိုင်းဆိုင်ရာ၌ စနစ်ကျ၍ ပိုမိုထိရောက်နိုင်စေရန်အတွက် clinical management ကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

လေဆိပ်ဝင်ပေါက်မှ ဝင်ရောက်သူများမှာ အရေအတွက် နည်းပါးလာသည်ကို တွေ့ရှိရပါကြောင်း၊ တရားဝင်နှင့် တရားမဝင် နယ်စပ် ဝင်/ထွက်ပေါက် ကုန်းလမ်းများမှ ဝင်ရောက်လာသူများကို အထူးဦးစားပေး၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

### သတင်းပေးပို့မှုသည် လွန်စွာအရေးကြီး

ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် သံသယလူနာများအား စောစီးစွာ ထောက်လှမ်းခြင်း (Early case detection)သည် အရေးကြီးသည့်အတွက် သံသယလူနာတွေ့ရှိပါက ပြည်သူများ၏ သတင်းပေးပို့မှုသည် လွန်စွာအရေးကြီးပါကြောင်း၊ အကျဉ်းထောင်များ၏ အချုပ်သား၊ အကျဉ်းသားအသစ်များတွင် ဖျားနာလူနာပါရှိပါက (၁၄) ရက် သီးခြားထားရှိ ကုသရေးညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်များ၊ ကျေးလက်ဒေသများတွင် ပြည်သူ ၁၀ ဦးခန့်စီအား ကျန်းမာရေးအသိပညာပေးဟောပြောမှု (Health Talk) စကားဝိုင်းငယ်များကို ပိုမိုအရေးပေး ဆောင်ရွက်သွားစေလိုပါကြောင်း၊ အထူးသဖြင့် ကျောင်းများ၊ စေတီဘုရားများ၊ ဈေး၊ စက်ရုံနှင့် လူစည်ကားသောနေရာများတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး၊ ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့်အတွက် အားရကျေနပ်ပါကြောင်းနှင့် ယခုဖြစ်စဉ် ပြီးဆုံးသည်အထိ အရှိန်အဟုန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

### ထူးခြားဖြစ်စဉ်များတင်ပြ

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံးထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသောအခြေအနေ၊ ဆက်လက်တိုးတက်နေသော case အရေအတွက်နှင့် မြန်မာနိုင်ငံအတွင်းရှိ သံသယလူနာတစ်ဦးနှင့် စောင့်ကြည့်လူနာ ၁၉ ဦးတို့၏ အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ၊ ဓာတ်ခွဲနမူနာများအား လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်ပို့ဆောင်မှုနှင့် ဂျပန်နိုင်ငံနှင့် US CDC တို့မှ ရောက်ရှိလာမည့် 2019 Novel Coronavirus ဓာတ်ခွဲစမ်းသပ်မှုပစ္စည်းများ၏ အခြေအနေအား ရှင်းလင်းတင်ပြခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေး ဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှု အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များအား တင်ပြခြင်း၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုမှ မြို့နယ် ၂၀ ရှိ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် ၂၇ ခုတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုသည့် အခြေအနေနှင့် သံသယလူနာ/စောင့်ကြည့်လူနာ မတွေ့ရှိရခြင်း၊ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များတွင် ခရီးသွားများအား သေချာစွာ စိစစ်နိုင်ရေး ဆက်လက်လုပ်ဆောင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေအား တင်ပြခြင်း။

### ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတင်းပေးပို့ချက်များကို MoHS Dashboard ပေါ်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန် စီစဉ်ထားခြင်း၊ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များရှိသည့် Fever Surveillance Points များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနများတွင် Tablet များ ဖြန့်ဝေကာ အရေးကြီးသတင်းများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စီစဉ်ထားရှိခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြည်ဝင်ခွင့်ဗီဇာများ (E Visa) ထုတ်ပေးရာ၌ ကျန်းမာရေးစစ်ဆေးထားသော ဆေးလက်မှတ် (Medical Certificate) များ ပူးတွဲ၍ လျှောက်ထားစေရန် စီစဉ်ဆောင်ရွက်ထားရှိမှုအား တင်ပြခြင်း၊ နိုင်ငံပိုင်သတင်းဌာနများနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများအား စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ တင်ပြခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည် (ယနေ့နံနက်ပိုင်း စစ်ဆေးချက်များအရ) ကောင်းမွန်လျက်ရှိကြောင်း တင်ပြခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှု အခြေအနေနှင့် PPE များ၊ Thermal scanများ၊ Ventilator များအား ထပ်မံဖြည့်တင်း ဝယ်ယူနိုင်ရေး နိုင်ငံတော်အရေးပေါ် ရန်ပုံငွေဖြင့် ဝယ်ယူရန် စီစဉ်မှုအခြေအနေအား တင်ပြခြင်း၊ ကုသရေးဦးစီးဌာနမှ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များနှင့် ချိတ်ဆက်ဆောင်ရွက်မည့် တာချီလိတ်၊ ကျိုင်းတုံ၊ မူဆယ်၊ မြဝတီနှင့် မြစ်ကြီးနားပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား တင်ပြခြင်း၊ Emergency Operations Centre (EOC) Hot Line Service ကို ၂၄ နာရီ ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေ စသည်တို့အပါအဝင် နောက်ဆုံးရသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ဆေးရုံအုပ်ကြီး (ကျွမ်းကျင်သူ)၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် စစ်သင်တန်းကျောင်းအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

# ကဘူးလ်ရှိ စစ်သင်တန်းကျောင်းတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ငါးဦးထက် မနည်းသေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ စစ်သင်တန်းကျောင်းတစ်ခု၌ ဖေဖော်ဝါရီ ၁၁ ရက်အစောပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း မသိရှိရသေးပေ။ ကဘူးလ်မြို့အတွင်း၌ သုံးလကြာအောင် လုံခြုံရေးဆိုင်ရာ တည်ငြိမ်မှုရရှိခဲ့ပြီးနောက်တွင် ယခုလိုတိုက်ခိုက်မှုပေါ်ထွက်လာခြင်းဖြစ်သည်။ တိုက်ခိုက်မှုအတွင်း ငါးဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးထက်မနည်း ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

စစ်သင်တန်းကျောင်း၌ ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင်အသေခံဗုံးခွဲသမားတစ်ဦးက ပေါက်ကွဲပစ္စည်းများ ထားရှိခဲ့ပြီးနောက် အရပ်သားနှစ်ဦးနှင့် တပ်မတော်သား သုံးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆရတ် ရာဟီမီက ပြောသည်။ ထိခိုက်ဒဏ်ရာရရှိသူများထဲတွင် အရပ်သား ငါးဦး ပါဝင်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ လုံခြုံရေးအရာရှိများအား လေ့ကျင့်သင်ကြားပေးနေသည့် မာရှယ်ဖာဟင် စစ်သင်တန်းကျောင်းအနီးတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ကဘူးလ်မြို့အနောက်ပိုင်းတွင်နေထိုင်သည့် မျက်မြင်သက်သေတစ်ဦးက ပြောသည်။ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်များ မြန်မြန်ဆန်ဆန် ရောက်ရှိလာကြောင်း သိရသည်။ ကဘူးလ်၌ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက အကြီးစားတိုက်ခိုက်မှုတစ်ခု နောက်ဆုံးဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ခိုက်မှုတွင် လူ ၁၂ ဦးထက် မနည်း သေဆုံးခဲ့သည်။

**အေအက်ဖ်ပီ**

# ဥရောပ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ ပိုမိုဆိုးရွားသည့်ပြဿနာဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၁**

လတ်တလောတွင် ဥရောပ၌ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်မှာ ပြဿနာကြီးအဖြစ်သို့ ကူးပြောင်းသွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) အကြီးအကဲက ပြောကြားခဲ့သည်။

WHO မှ ညွှန်ကြားရေးမှူးချုပ် တက်ဒရိုအက်ဒဟာနွန် ဂီဘရီယက်ဆပ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ဂျီနီဗာ၌သတင်းထောက်များနှင့် တွေ့ဆုံရာ လက်ရှိအခြေအနေမှာ ပြောင်းလဲမှုမရှိသေးကြောင်း ရောဂါကူးစက်ဖြစ်ပွားမှု ၉၉ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု၌ လူအချင်းချင်းကူးစက်မှုတွင် ကူးစက်ခံရသူမှာ တရုတ်နိုင်ငံသို့ ခရီးသွားလာထားခြင်းမရှိကြောင်း မကြာသေးမီရက်များအတွင်း WHO ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။ ပြင်သစ်နှင့် ဗြိတိန်တို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများရှိလာသည်။ ယခုအချိန်အထိ ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းမှာ အရေအတွက်အားဖြင့် နည်းပါးနေသေးသော်လည်း တစ်ဟုန်ထိုးတိုးပွားလာနိုင်ကြောင်းကိုလည်း ၎င်းကသတိပေးထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန်နှင့် ကူးစက်ခံရသူများကို ရှာဖွေရန် WHO မှ နိုင်ငံများအားလုံးနှင့် လက်တွဲဆောင်ရွက်နေကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးရန် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

ယင်းအဖွဲ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့ကြီးသည် ဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းများ၊ ကျန်းမာရေးစနစ်များကို တရုတ်အစိုးရနှင့် သတင်းအချက်အလက်များ မျှဝေသွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရာရှိများက ပြောသည်။ ယင်းအဖွဲ့သည် လုပ်ငန်းစဉ်များကို မကြာမီအချိန်အတွင်း စတင်တော့မည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ ဇန်နဝါရီလအတွင်း သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားသူ တစ်သောင်းကျော်ရှိခဲ့

**ကိုလံဘို ဖေဖော်ဝါရီ ၁၁**

သီရိလင်္ကာနိုင်ငံတစ်ဝန်း၌ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၁၀၆၀၇ ဦးအထိရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အဆိုပါလကထက် ၉၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကိုလံဘိုမြို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူနာအရေအတွက် ၁၆၉၃ ဦးရှိပြီး နိုင်ငံအရှေ့ပိုင်း ထရင်ကိုမာလီတွင် ၁၂၇၈ ဦး၊ မြောက်ပိုင်း ဂျက်ဖနာတွင် ၁၀၆၁ ဦး၊ အရှေ့ပိုင်း ဘက်တီကာလိုအာတွင် ၁၀၄၄ ဦး၊ မြို့တော်ဆင်ခြေဖုံးရှိ ဂမ်ပါဟာ၌ ၇၄ ဦး အလယ်ပိုင်း ကုန်းမြင့်ဒေသရှိ ကန်ဒီတွင် ၆၆၂ ဦးအထိ ကူးစက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်သူများက ခြင်ပေါက်ပွားနိုင်သည့်နေရာများ မရှိစေရေး ဆောင်ရွက်ရန်၊ အဆိုပါနေရာများတွင် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် မိမိပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရွေးကောက်ပွဲနှစ်အတွက် ဘဏ္ဍာရေးအသုံးစရိတ် ထရမ့် ထုတ်ဖော်ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် အောက်တိုဘာလအတွင်းစတင်မည့် ဘဏ္ဍာနှစ်အတွက် ရသုံးငွေစာရင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ဘဏ္ဍာရေးအသုံးစရိတ်စာရင်းတွင် အချို့သောအစီအစဉ်များကို ဖြတ်တောက်ထားပြီး ရသုံးငွေစာရင်းတွင် ကိုက်ညီမှုရှိအောင် ပြုလုပ်ထားသည်။ ကာကွယ်ရေးဝန်ကြီးဌာနသို့ အသုံးစရိတ် ၇၀၅ ဘီလီယံ ခွဲဝေချထားပြီး အသုံးစရိတ်မြှင့်တင်ပေးမည့် အဆိုပြုချက်ပါဝင်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားအကူအညီများကို ဖြတ်တောက်သွားမည်ဖြစ်ပြီး ၁၁ ဒသမ ၇ ဘီလီယံခန့် ဖြတ်တောက်သွားမည်ဟု သိရသည်။

ယခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ရွေးကောက်ပွဲ ပြုလုပ်တော့မည်ဖြစ်ရာ ယင်းမတိုင်မီ အမေရိကန်သာ ပထမဦးစားပေး ဟူသည့် မူဝါဒကို ထင်ရှားအောင် ပြုလုပ်သည့်သဘောလည်းဖြစ်သည်။

ယခုအစီအစဉ်အရ အမေရိကန်၏ မဟာမိတ်များသည် ကိုယ်ပိုင်ကာကွယ်ရေးအသုံးစရိတ်ကို ၎င်းတို့ဘာသာကျခံရန် ဖိအားပေးသွားမည့်အစီအစဉ်လည်းဖြစ်သည်။

ယခု အဆို ပြုထားသည့် ဘဏ္ဍာရေးအစီအစဉ်သည် ဘဏ္ဍာရေးလိုငွေပြမှု ပပျောက်ရန် ရည်ရွယ်လုပ်ဆောင်ထားခြင်းလည်းဖြစ်သည်။ နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃ ရာခိုင်နှုန်းဟု ခန့်မှန်းထားပြီး လက်ရှိနှုန်းထားထက် မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဇန်နဝါရီ ၈ ရက်က အိမ်ဖြူတော်တွင် မိန့်ခွန်းပြောကြားစဉ်။

# တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက် ၁၀၀၀ကျော်သွားပြီဖြစ်



တရုတ်နိုင်ငံအနောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ကုန်တိုက်တစ်ခုတွင် နှာခေါင်းစည်းတပ်ထားသည့် ဈေးဝယ်သူများကို တွေ့ရစဉ်။

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက် ဆက်လက်မြင့်တက်နေရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် သေဆုံးသူ ၁၀၀၀ကျော်သွားပြီဖြစ်ကြောင်း သိရသည်။

**သေဆုံးသတင်းများပေါ်ထွက်**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ပေကျင်းမြို့ရှိ ဆေးရုံတစ်ရုံသို့ လာရောက်ခဲ့ပြီး ဆေးဝန်ထမ်းများနှင့် လူနာများအား တွေ့ဆုံအားပေးခဲ့ပြီးနောက်တွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာသည့် သတင်းများထပ်မံပေါ်ထွက်လာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ဦးဆောင်သည့် နိုင်ငံတကာမစ်ရှင်အဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခက်ခက်ခဲခဲကြိုးပမ်းနေရသည့် တရုတ်နိုင်ငံသို့ရောက်ရှိလာခဲ့သည်။

နိုင်ငံအတွင်း နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ ၄၂၀၀၀ အထိရှိလာပြီး နိုင်ငံပေါင်း ၂၅ နိုင်ငံသို့လည်း ပျံ့နှံ့ရောက်ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်က ဗိုင်းရပ်စ်ကြောင့် လူနာ ၁၀၈ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**ကူးစက်မှုမြင့်တက်**

ပြီးခဲ့သည့် ဒီဇင်ဘာလနှောင်းပိုင်းမှ စတင်ခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် နေ့စဉ်နှင့်အမျှ မြင့်တက်လာခဲ့ရာ ယခုအခါ သုံးဆခန့်မြင့်တက်သွားခဲ့ပြီဖြစ်သည်။

ပြည်ပ၌ဖြစ်ပွားသည့် ဗိုင်းရပ်စ်ကူးစက်မှုတွင် ဗိုင်းရပ်စ် စတင်ပျံ့နှံ့ရာ ဗဟိုချက်မဖြစ်သည့် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့မှ ပြန်လာသူများလည်း ပါဝင်ခဲ့သည်။

**အေအက်ဖ်ပီ**

# ပင်ချင်းယှက်နွယ် ပြည်ထောင်စုဝယ်

--- မိမိုးအေး(ဘားအံတက္ကသိုလ်) ---

**၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်ကတော့ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တဲ့ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုနေ့မရောက်မီကပဲ ပြည်ထောင်စုနေ့နဲ့ ပတ်သက်တဲ့ အထိမ်းအမှတ်ပွဲတွေဖြစ်တဲ့ စာစီစာကုံးပြိုင်ပွဲတွေ၊ တိုင်းရင်းသားရိုးရာအစားအသောက် ရောင်းချပွဲတွေ၊ ပဒေသာကပွဲတွေကိုလည်း ပြည်ထောင်စုအဝန်းမှာ အကြိုကျင်းပနေကြပါပြီ။**



> **အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးအတွက် နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်နေကြပါပြီ။ ပထမအဆင့်ခြေလှမ်းအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကိုလည်း ကျင်းပပြီးခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများစုနဲ့လည်း ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း သစ်ပင်ကြီးများလို တစ်ပင်တည်း ထီးထီးကြီး ကိုယ့်အဖွဲ့နဲ့ကိုယ် မရပ်တည်ကြဘဲ တစ်ပင်နဲ့တစ်ပင် မှီတွယ်နေတဲ့ သစ်ပင်များလို တိုင်းရင်းသားပြည်သူများနဲ့ ညီညီညွတ်ညွတ် နေထိုင်ကြပါမှ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်ပိုပြီး ခိုင်မာမှာပါ။**

ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကတော့ အများသိထားကြပြီမို့ အထူးတလည် မပြောလိုတော့ပါဘူး။ ဒီနေရာမှာ ပြည်ထောင်စုဆိုတဲ့ စကားလုံးကို ကျွန်မအတော်နှစ်သက်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၅ မျိုးနဲ့ စုစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ဒီတိုင်းရင်းသားတွေ ညီညွတ်ခဲ့တဲ့အတွက်လည်း ပင်လုံညီလာခံရယ်လို့ ဖြစ်လာပြီး မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုတွေသာ မပါဝင်နိုင်ခဲ့ဘူးဆိုရင်ရလဒ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပဲလို့ ကျွန်မတွေးမိပါတယ်။

### လွတ်လပ်ရေးရပြီးနောက်ပိုင်း

လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာတော့ ကိုယ်ယုံကြည်ရာ အယူဝါဒတွေကို စွဲကိုင်ကြပြီး ကိုယ်မှန်တယ်ထင်တဲ့လမ်းကို တချို့က ရွေးချယ်ခဲ့ကြပါတယ်။ ဒီလမ်းတွေကို ရွေးချယ်ခဲ့ကြတဲ့ အကြီးအကဲတွေတောင်မှ မရှိကြတော့ပါဘူး။ ဒါပေမယ့် နှစ်ပေါင်း ၇၀ ကျော်အတွင်းမှာ ကိုယ့်တိုင်းရင်းသားအချင်းချင်းဖြစ်နေတဲ့ ပဋိပက္ခတွေကတော့ ဒီနေ့အထိ တချို့နေရာတွေမှာ ရှိနေဆဲပါပဲ။ ဒါဟာ ဝမ်းနည်းစရာ၊ စိတ်ထိခိုက်စရာ ကောင်းလှပါတယ်။ ညီညွတ်ပြီး တစုတစည်းတည်း ရှိခဲ့ကြတဲ့အချိန်မှာ အကျိုးရလဒ်ကို ရရှိခဲ့ပေမယ့် အစည်းပြေသလို ဖြစ်ချိန်မှာတော့ ပြည်ထောင်စုအတွင်းမှာ မငြိမ်းချမ်းမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ဒီနေရာမှာ ဗုဒ္ဓလမ်းညွှန်ခဲ့တာလေးကို ကျွန်မ မျှဝေပေးချင်ပါတယ်။ တချို့လည်း ကြားဖူး၊ သိဖူးကြမှာပါ။ မညီညွတ်ရင် ပျက်စီးဆုံးရှုံးတတ်တာကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ကျော်လောက်က ဗုဒ္ဓက ဆုံးမခဲ့တာပါ။ ကပိလတိုင်းနဲ့ ကောလိယတိုင်းက လယ်သမားတွေ ရောဟိဏီမြစ်ရေကို လိုချင်ကြလို့ ငြင်းခုံရာကစပြီး နောက်ဆုံး နှစ်ဖက်စစ်တပ်တွေ တိုက်ခိုက်ကြဖို့ ရောဟိဏီမြစ်ကို ရောက်လာကြတယ်။

ဒါကို ဗုဒ္ဓသိပြီး နှစ်ဖက်ဆွေမျိုးတွေ ရှိတဲ့နေရာကို ရောက်လာပြီး ဆွေမျိုးအချင်းချင်း ခိုက်ရန်ဖြစ်ပွားတာကို ဖျန်ဖြေပြီး နှစ်ပြည်ထောင်မင်းနဲ့စစ်တပ်ကို ငြိမ်းချမ်းရေးတရားဖြစ်တဲ့ မဟာသမယသုတ်ကို ဇာတ်တော်ခြောက်ခုနဲ့ လမ်းညွှန်ခဲ့ပါတယ်။ ဒီထဲကမှ လူသားတွေသာမက သစ်ပင်များတောင် တစ်ပင်တည်း သီးခြားရပ်တည်လို့ မရဘဲ တစ်ပင်နဲ့တစ်ပင် အမှီပြုပြီး ရှင်သန်ရကြောင်း လမ်းညွှန်ထားတဲ့ ရုက္ခဓမ္မဇာတ်ကို တင်ပြချင်ပါတယ်။ တောအုပ်ထဲမှာ တခြားသစ်ပင်တွေနဲ့ မရောနှောဘဲ သီးသန့်တစ်ပင်တည်း ရှိနေတဲ့သစ်ပင်ကြီးကိုမှ ဗိမာန်အဖြစ် လိုချင်တောင့်တမိတဲ့ ရုက္ခစိုးဟာ လေပြင်း တိုက်ခတ်တဲ့အခါ အကာအကွယ်မရှိဘဲ ပျက်စီးဆုံးရှုံးရတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ဇာတ်တော်အကျဉ်းကို ပြောရရင် ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းဖြစ်တုန်းမှာ နတ်ပြည်မှာလည်း ဝေဿဝဏ်နတ်မင်းကြီး စုတေတဲ့အတွက် နောက်ထပ် ဝေဿဝဏ်နတ်မင်းကြီးတစ်ဦး မင်းဖြစ်တဲ့အခါ သစ်ပင်ကြီးငယ်၊ ချုံ၊ နွယ်မြက်ဖုတ်စတဲ့ ဗိမာန်တို့မှာ အုပ်စိုးနေထိုင်ကြတဲ့နတ်တွေကို မိမိတို့အလိုရှိရာကို ယူငင်သတ်မှတ်ကြပါလို့ အမိန့်ထုတ်ပါတယ်။ ဒီအခါ ဘုရားအလောင်းဟာ အင်ကြင်းတောတစ်ခုမှာ ရုက္ခစိုးနတ်မင်းဖြစ်တဲ့အတွက် အင်ကြင်းတောကို သိမ်းယူပါတယ်။ ဆွေမျိုးဖြစ်တဲ့ နတ်တွေကိုလည်း "လွင်တီးခေါင်မှာ ပေါက်တဲ့ သစ်ပင်တွေကို မယူကြဖို့၊ သူ့ဗိမာန်ကို ခြံရံနေတဲ့ အင်ကြင်းတောမှာ ကြိုက်တဲ့ဗိမာန်ကို ယူကြပါ"လို့ မိန့်ပါ တယ်။

ပညာရှိတဲ့ နတ်တွေက ဘုရားလောင်း ရုက္ခစိုးနတ်မင်းစကားကို နားထောင်ကြတယ်။ ပညာမရှိတဲ့ နတ်တွေကတော့ ရုက္ခစိုးနတ်မင်းရဲ့ စကားကို နားမထောင်ဘူး။ လာဘ်လာဘကို လိုချင်တာကြောင့် လွင်တီးခေါင်မှာရှိပြီး မြို့၊ ရွာ တံခါးနဲ့ နီးတဲ့သစ်ပင်ကြီးတွေကို ရွေးချယ်ကြတယ်။ တိုတိုပြောရရင် လေကြီးမိုးကြီး ပြင်းပြင်းထန်ထန်ကျတဲ့ တစ်ရက်မှာတော့ တစ်ပင်နဲ့တစ်ပင် အမှီမရဘဲ လွင်တီးခေါင်မှာရှိတဲ့ သစ်ပင်ကြီးတွေဟာ အကိုင်းအခက်တွေ ကျိုးရုံမက အမြစ်ပါပြုတ်ပြီး လဲကုန်ပါတယ်။ ဒီအခါမှာတော့ မြို့၊ ရွာ၊ နိဂုံးမှာ လူတွေရဲ့ အကိုးကွယ်ခံနတ်တွေဟာ ဗိမာန်ပျက်စီးပြီး အိုးအိမ်မဲ့ ဖြစ်သွားကြပါတယ်။ ရုက္ခစိုးနတ်မင်းနေတဲ့ အင်ကြင်းတောကတော့ တစ်ပင်နဲ့တစ်ပင် မှီတွယ်စပ်ယှက်ပြီး ရှိနေတာကြောင့် ပြိုလဲပျက်စီးခြင်းမရှိဘဲ အန္တရာယ်ကနေ လွတ်မြောက်ခဲ့ကြပါတယ်။

နေစရာ ပျက်စီးသွားကြလို့ ဘုရားလောင်းနတ်မင်းဆီ ရောက်လာတဲ့ နတ်တွေကို ဆုံးမတဲ့စကားဟာ အလွန်ပဲ မှတ်သားစရာကောင်းတဲ့အတွက် ဖော်ပြပေးချင်ပါတယ်။ "အမောင်တို့ တစ်ဦးတစ်ယောက်တည်း နေခြင်းထက် ဆွေမျိုးများ စုပေါင်းညီညွတ်၍နေခြင်းသည် ကောင်း၏၊ ရန်သူမဖျက်ဆီးနိုင်။ အသက်ဝိညာဉ်မရှိသော သစ်ပင်များသည် စုပေါင်းညီညွတ်၍နေခြင်းသည် ကောင်း၏။ လေရန်သူ မဖျက်ဆီးနိုင်။ တစ်ပင်ထီးတည်းနေသော သစ်ပင်မှာ ကြီးကျယ်ခမ်းနားစေကာမူ လေရန်သူ ဖျက်ဆီးနိုင်၏"။

### ညီညီညွတ်ညွတ်နေထိုင်ကြပါမှ

မှန်ပါတယ်ရှင်။ ကျွန်မတို့ နိုင်ငံထဲမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာ စုပေါင်းနေထိုင်ကြပါမှ ပြည်ထောင်စုဆိုတာ ဖြစ်မှာပါ။ ဒီလူမျိုးစုတွေသာ သစ်ပင်ကြီးလိုနေထိုင်ကြရင် ပြည်ထောင်စုဟာ ပြိုလဲသွားမှာပါ။ တစ်ပင်နဲ့တစ်ပင် မှီတွယ်နေတဲ့ သစ်ပင်များလို ညီညီညွတ်ညွတ်နေထိုင်ကြပါမှ ပြည်ထောင်စုဟာ တည်တံ့ခိုင်မြဲမှာပါ။

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးအတွက် နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်နေကြပါပြီ။ ပထမအဆင့် ခြေလှမ်းအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကိုလည်း ကျင်းပပြီးခဲ့ပါပြီ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအများစုနဲ့လည်း ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း သစ်ပင်ကြီးများလို တစ်ပင်တည်း ထီးထီးကြီး ကိုယ့်အဖွဲ့နဲ့ကိုယ် မရပ်တည်ကြဘဲ တစ်ပင်နဲ့တစ်ပင် မှီတွယ်နေတဲ့ သစ်ပင်များလို တိုင်းရင်းသားပြည်သူများနဲ့ ညီညီညွတ်ညွတ် နေထိုင်ကြပါမှ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်ပိုပြီး ခိုင်မာမှာပါ။

တိုင်းရင်းသားလူမျိုးစုတွေကို ဦးဆောင်နေတဲ့ ခေါင်းဆောင်များရဲ့ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်တွေဟာ အခြေအနေတွေကို အကောင်းဖြစ်စေနိုင်သလို အဆိုးလည်း ဖြစ်သွားစေနိုင်ပါတယ်။ ဒီနေရာမှာ ကြီးမြတ်တဲ့ လူမျိုး၊ ကြီးမြတ်တဲ့ခေါင်းဆောင်နဲ့ ပတ်သက်ပြီး ၁၉ ရာစုက ပေါ် ထွန်းခဲ့တဲ့ အင်္ဂလိပ်စာပေအနုပညာ ဝေဖန်ရေးဆရာ ဂျွန်ရပ်စကင်း ပြောခဲ့ဖူးတာ ရှိပါတယ်။ ဂျွန်ရပ်စကင်းရဲ့ မူရင်းစကားကို ဆရာမြသန်းတင့်က ဘာသာပြန်ဆို ပေးထားတာကို ကျွန်မ မျှဝေပေးချင်ပါတယ်။ သူဒီစကားတွေကို ပြောခဲ့တဲ့အချိန်ဟာ ၁၉ ရာစုရဲ့ ဒုတိယပိုင်းကာလဖြစ်ပြီး စစ်ပွဲတွေ ကမ္ဘာအနှံ့ ဖြစ်ပွားနေချိန်လို့ သိရပါတယ်။

ဂျွန်ရပ်စကင်း ရဲ့စကားကို ဆရာကြီးမြသန်းတင့်က **"ကြီးမြတ်တဲ့ လူမျိုးတစ်မျိုးဟာ ဒီစစ်ပွဲမှာ ဘယ်ဘက်က မှန်သလဲ၊ ဘယ်ဘက်က မှားသလဲဆိုတာ မကြည့်ဘဲ ဒီစစ်ပွဲပြီးရင် ငါတို့ ကုန်အရောင်းအဝယ် ဘယ်လိုနေမလဲ၊ ငါတို့အမြတ်တွေ ဘယ်လောက်ရမလဲဆိုတာကိုပဲ တွေးပြီး စစ်မြေပြင်မှာ လူငယ်တွေ နေ့စဉ်နဲ့အမျှ သေနေကြတာကို လက်ပိုက်ကြည့်မနေဘူး"**လို့ ဘာသာပြန်ပေးခဲ့ပါတယ်။ ကျွန်မဆရာကြီးရဲ့ ဒီဘာသာပြန်စာသားကို ဖတ်နေရင်းမှာပဲ တောင်ကုတ်ဒီဂရီကောလိပ်ကို ဖွင့်လှစ်နိုင်ဖို့ ကြိုးစားပေးခဲ့တဲ့ ရခိုင်လူမျိုးဦးကျော်တောင်ကို တွေးလိုက်မိပါတယ်။ တကယ်တော့ ကျွန်မဦးကျော်တောင်ကို လူချင်း မသိပါဘူး။ တောင်ကုတ်ဒီဂရီကောလိပ်နဲ့ ဦးကျော်တောင်၊ ဦးကျော်တောင်နဲ့ တောင်ကုတ်ဒီဂရီကောလိပ် ဒီလိုတွဲပြီး သိတာပဲ ရှိပါတယ်။ သူဟာ သူ့လူမျိုး၊ သူ့ဒေသအတွက် တောင်ကုတ်ဒီဂရီကောလိပ် ဖွင့်လှစ်နိုင်ရေးမှာ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို ရက်ရက်ရောရော လှူဒါန်းခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ လူငယ်တွေအတွက် အများကြီးစဉ်းစားပြီး အပြောမဟုတ်ဘဲ အလုပ်နဲ့ဆောင်ရွက်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေထဲမှာ သူလိုလူမျိုးတွေ အများကြီး ရှိစေချင်မိပါတယ်။ ရခိုင်တိုင်းရင်းသားတွေအတွက်တော့ ဂုဏ်ယူဖွယ်ရာပဲ ဖြစ်ပါတယ်။

### တစ်ပင်နဲ့တစ်ပင် မှီတွယ်နေ

(၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ပေးပို့တဲ့ သဝဏ်လွှာမှာ နိုင်ငံတော်သမ္မတကြီးကလည်း "ငြိမ်းချမ်းမှ တည်ငြိမ်၊ တည်ငြိမ်မှ ဖွံ့ဖြိုး၊ ဖွံ့ဖြိုးမှ ခေတ်မီဆိုသည့်အတိုင်း တောင်တန်း၊ ပြည်မခွဲခြားခြင်းမရှိဘဲ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်"လို့ တိုက်တွန်းထားပါတယ်။

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက်(၅)ရပ်ထဲက ဒုတိယ ဦးတည်ချက်ဖြစ်တဲ့ 'ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး' ဆိုတာ ပါပါတယ်။ ဒီဦးတည်ချက်အောင်မြင်ဖို့အတွက်တော့ ကျွန်မတို့နိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအားလုံး ဗုဒ္ဓလမ်းညွှန်ခဲ့သလို သစ်ပင်ကြီးများလို တစ်ပင်တည်း ထီးထီးကြီးမနေဘဲ တစ်ပင်နဲ့တစ်ပင် မှီတွယ်နေတဲ့ သစ်ပင်များလို ညီညွတ်စွာနေကြရမှာပါ။

ပြည်ထောင်စုနေ့ အခါသမယမှာ ပြည်ထောင်စုအတွင်း နေထိုင်ကြတဲ့ ကျွန်မချစ်တဲ့ တိုင်းရင်းသားမောင်နှမများအားလုံး ပင်ချင်းယှက်နွယ် ပြည်ထောင်စုကြီးထဲမှာ ဘေးအန္တရာယ် ကင်းရှင်းကြပါစေ၊ ကျန်းမာကြပါစေ၊ ငြိမ်းချမ်းကြပါစေ၊ ပျော်ရွှင်ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်ရှင်။ ။

## ပင်လုံစိတ်ဓာတ်အခြေပြု ဒါတို့ပြည်ထောင်စု

❁ ချိတ်ဆက်လက်ချင်း၊ တို့သွေးချင်းတို့
နောင်ရင်းညီအစ်ကို၊ အေးရိပ်ခိုလျက်
ခွန်းချိုနှုတ်မြွက်၊ ခေတ်အဆက်ဆက်မှ
မပျက်မပြယ်၊ ချစ်ကြိုးသွယ်မြဲ
ကာကွယ်ပေါင်းစု၊
ပြည်ထောင်စုအတွက်
ရေးရှုကာပင်၊ ရာဇဝင်ဝယ်
သွင်ပြင်ခန့်ညား၊ တိုင်းပြည်အားတို့
ထိပါးရန်မူ၊ ပြုခဲ့သူကို
ညီတူပေါင်းစု၊ စွမ်းအားထုနှင့်
အန်တုအောင်ပွဲဆင်ခဲ့သည်။

❁ တို့သွေးချင်းတို့
တိုင်းရင်းသားထု၊ ညီညွတ်မှုဖြင့်
ယခု ယခင်၊ နောက်နောင်တွင်လည်း
ပင်လုံစိတ်ဓာတ်၊ မားမားမတ်လျက်
မြင့်မြတ်မြန်မာ၊ ခွန့်ရှည်ကြာအောင်
သစ္စာနှောင်ဖွဲ့ ရှေ့ဆက်မည်၊
မေတ္တာရောင်နဲ့ လင်းလက်ကြည်၊
နှစ်ရာထောင်ကွဲ့ ငြိမ်းချမ်းသည်၊
ပင်လုံစိတ်ဓာတ် အရင်းတည်။ ။

**အောင်မြင့်စိုး(ရေစကြို)**

# ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

### တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စောင့်ကြည့်လူနာ ၁၆ ဦးတို့အား သက်ဆိုင်ရာဆေးရုံများ၌စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် 2019 – nCoV လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်တုန်မြို့မှ ၇-၂-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သော မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်မှ အသက် (၃၈) နှစ်အရွယ် အမျိုးသား တစ်ဦးသည် ၁၁-၂-၂၀၂၀ ရက်နေ့တွင် ကိုယ်အပူချိန်မြင့်တက်လာသဖြင့် တောင်သာမြို့နယ်ပြည်သူ့ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုများ ပေးလျက်ရှိပြီး ၎င်းထံမှ ခေတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါလူနာအား စစ်ဆေးရာတွင် အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂျယ်ခေါင်မြို့မှ ၁-၂-၂၀၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ အသက် (၂၁) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ၄-၂-၂၀၂၀ ရက်မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းတို့ ခံစားခဲ့ရပြီး ၁၁-၂-၂၀၂၀ ရက်နေ့တွင် မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်ပြသခဲ့ရာ စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ စောင့်ကြပ်ကြည့်ရှုကုသမှုများ ပေးလျက်ရှိပြီး ၎င်းထံမှ ခေတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါ လူနာအား စစ်ဆေးရာတွင် အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပေ။

စင်ကာပူနိုင်ငံမှ ၅-၂-၂၀၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး စင်ကာပူနိုင်ငံမှ 2019 – Novel Coronavirus (2019 – nCoV) ဓာတ်ခွဲအတည်ပြုလူနာတစ်ဦးနှင့် စင်ကာပူနိုင်ငံတွင် နေထိုင်ခဲ့စဉ်က အနီးကပ်ထိတွေ့ခဲ့သည့် အသက် (၂၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ၁၀-၂-၂၀၂၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိရာ အဆိုပါလူနာသည် ၁၁-၂-၂၀၂၀ ရက် ညနေ ၆ နာရီအထိ စစ်ဆေးခြင်းများအရ ကိုယ်အပူချိန် ၉၉ ဒီဂရီဖာရင်ဟိုက် ရှိပြီး အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများ မတွေ့ရှိရဘဲ သက်သာကောင်းမွန်လျက်ရှိပါသည်။ ၎င်းထံမှ ဓာတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးထားရှိသည်။

၁၁-၂-၂၀၂၀ ရက် နံနက်ပိုင်းတွင်ရရှိသော ဓာတ်ခွဲအဖြေများအရ သံသယလူနာ တစ်ဦးနှင့် စောင့်ကြည့်လူနာ ငါးဦးတို့တွင် 2019 – Novel Coronavirus ရောဂါပိုးမရှိကြောင်း သိရှိရသဖြင့် အဆိုပါလူနာများအား အသေးစိတ်စစ်ဆေးပြီး သက်ဆိုင်ရာဆေးရုံများမှ ပေးဆင်းရန် ပြင်ဆင်ထားရှိကာ ဆေးရုံဆင်းပြီးနောက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ်မှာကြားခြင်းများအား ဆောင်ရွက်ထားရှိသည်။ ၎င်းတို့ အနက်မှ ဝေဘာဂီအထူးကုဆေးရုံမှ စောင့်ကြည့်လူနာ တစ်ဦးအား ယနေ့ နေ့လယ်ပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၁၁-၂-၂၀၂၀ ရက် ညနေ ၆ နာရီအထိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စောင့်ကြည့်လူနာ ၁၆ ဦးတို့အား သက်ဆိုင်ရာ ဆေးရုံများ၌ ဆက်လက်စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

# အမြို့မြို့အနယ်နယ်၌ ကျင်းပမည့် ပွဲများ

## နဝမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ထူးချွန်ထက်မြက်ပြီး ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်နှစ်တိုင်း သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင်လည်း နဝမအကြိမ်မြောက်အဖြစ် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို ကျင်းပပေးမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကိုလာမည့် မေ ၂၆ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် သတ်မှတ်ထားသောစာဖြေဌာန ၁၈ ခု၌ ရေး/ဖြေ စာမေးပွဲဝင်ရောက် ဖြေဆိုရမည်ဖြစ်သည်။ စာဖြေဌာနမှ အမှတ်အများဆုံးရရှိသူ ၃၀ ကို ရွေးချယ်ပြီး ဗဟိုအဆင့် ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် သုတစုံလင်ဗုဒ္ဓဝင်စာအုပ်၊ မဟာဗုဒ္ဓဝင်(၆) တွဲ ရှစ်အုပ်တို့အပြင် သာသနာတော်ဆိုင်ရာအထွေထွေ ဗဟုသုတများကို လေ့လာကျက်မှတ်ကာ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**အေးကေလင်း**

## (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

**မင်းတပ် ဖေဖော်ဝါရီ ၁၁**

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်ပွဲတော်ကို ဖေဖော်ဝါရီ ၁၈၊ ၁၉ နှင့် ၂၀ ရက်တို့တွင် မင်းတပ်မြို့ မြို့မဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်အထိမ်းအမှတ်အဖြစ် ပြခန်းများတွင် မွင်း၊ ဒိုင်၊ ကာန်းမျိုးနွယ်စုများ၏ ထုံးတမ်း၊ ဓလေ့၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက် သစ်သီးဝလံသီးနှံပြခန်းများ၊ GTHS ကျောင်း၏ စက်မှု၊ လက်မှုဆိုင်ရာနည်းပညာပြခန်းများကို ပြသမည်ဖြစ်သည်။ အားကစားပြိုင်ပွဲများလည်း ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများအား ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွီရှိန်း(ပြန်/ဆက်)**

# ပင်စင်စာအုပ်မှ စမတ်ကတ်ပြောင်းလဲမှု အောင်မြင်မှုကြောင့် ပင်စင်စားတို့ အဆင်ပြေလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးတွင် ပင်စင်ထုတ်ယူရာ၌ မြောက်ပိုင်းခရိုင်သည် ပင်စင်စားအများဆုံးဖြစ်ရာ သက်ကြီးရွယ်အို ပင်စင်စားများ လွယ်ကူစွာ ပင်စင်ထုတ်ယူနိုင်ရန် ပင်စင်စာအုပ်မှ စမတ်ကတ်သို့ ၂၀၁၃ ခုနှစ်တွင် စတင်ပြောင်းလဲခဲ့သည်။ ယခုအခါ လွယ်ကူစွာ ထုတ်ယူနိုင်မှုကြောင့် တန်းစီစောင့်ဆိုင်းရခြင်းနှင့် စာအုပ်ပျက်စီးမှုကင်းဝေးခဲ့၍ ပင်စင်စာအုပ်မှ စမတ်ကတ်ပြောင်းလဲမှု အောင်မြင်မှုသည် ပင်စင်ထုတ်ယူရာ၌ အဆင်ပြေလျက်ရှိသည်။

"အင်းစိန်ဘဏ်မှာ ပင်စင်စား သုံးသောင်းနီးပါးရှိမယ်။ ပင်စင်အမျိုးအစားသုံးမျိုးကို ထုတ်ပေးတဲ့အခါမှာ စမတ်ကတ်နဲ့ ထုတ်တာများတယ်။ စာအုပ်နဲ့သွားပြီး ဘဏ်ကိုစတင်ဆက်သွယ်ကာ ပင်စင်ထုတ်တာနဲ့ စမတ်ကတ်လုပ်ခိုင်းတယ်။ ကိုယ်တိုင်လုပ်ဆောင်ရတာ ဖြစ်တာကြောင့် သွားလာဖို့ခက်တဲ့ ပင်စင်စားတွေပဲ စာအုပ်နဲ့ ထုတ်တာကျန်မယ်။ ၂၁ ရက်နေ့ ပင်စင်ထုတ်တဲ့အခါမှာလည်း သက်ကြီးရွယ်အိုနဲ့ မကျန်းမာတဲ့သူတွေဆိုရင် ခုံမှာအနားယူခိုင်းပြီး ဘဏ်က ပင်စင်စားလက်ထဲကို တိုက်ရိုက်ထည့်ပေးတဲ့ ဝန်ဆောင်မှုကိုလည်း ပေးပါတယ်။ အိပ်ရာထဲမထ နိုင်သူဆိုရင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါတယ်။ စမတ်ကတ်ကို ပြောင်းလဲတာ အောင်မြင်တယ်လို့ ဆိုရမှာပါ" ဟု အင်းစိန် မြန်မာ့စီးပွားရေးဘဏ်မှ ခရိုင်မန်နေဂျာ ဒေါ်လှလှထွေးက ပြောသည်။

**သန်းထိုက်**

## မြင်းခြံမြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) အကြောင်း ဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲရိပ်သာ၌ ဖေဖော်ဝါရီ ၉ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရာဇာထိုက်က ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) နှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပရာ ဟောပြောပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ရဲလွင်စိုး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မိသားစု ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၇၅ | ကျပ် | ၈၆၀/၈၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၈၇၅/၈၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၈၀ | ကျပ် | ၇၉၀/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၀ | ကျပ် | ၈၉၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၁ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၃ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၆ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၃ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၁ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၈ . ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၇၇၈ | ၂၀၄၄၇၀၀၀ |
| MTSH | ၄၁၀၀ | ၄၀၀၀ | ၃၀၂၅ | ၁၂၁၀၀၆၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၂ | ၁၆၆၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၀၆ | ၁၃၉၃၈၀၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၀၀၈ | ၁၁၆၂၃၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဆုများရရှိရန်ရည်ရွယ်ပြီး တေးသီချင်းများ ဖန်တီးနေခြင်းမဟုတ်ကြောင်း တေးရေးတေးဆို ဝေကြီး ပြောကြား



အဆိုတော် နီနီခင်ဇော်၏ "အလကားပဲ" သီချင်း၊ ကော်နီ၏ "ဆေး" သီချင်းနှင့် ဂျူဝဲလ်၏ "မက်ဆေ့ချ်"သီချင်း စသည့် အောင်မြင်သော နာမည်ကျော် တေးသီချင်းများကို ရေးသားခဲ့သည့်အပြင် Myanmar Idol Winner Song စသည့် တေးသီချင်းများကိုပါ ရေးသားဖန်တီးခဲ့သူ ဝေကြီးက ၎င်းအနေဖြင့် တေးသီချင်းများ ဖန်တီးသည့်အခါ ဆုများရရှိရန်အတွက် ရည်ရွယ်ပြီး ဖန်တီးခဲ့ခြင်းမရှိကြောင်း ပြောကြားသည်။

"ကျွန်တော်ရေးပြီး မကော်နီ ဆိုထားတဲ့ ဆေး သီချင်းက ပရိသတ်တွေကြားထဲမှာ အတိုင်းအတာတစ်ခု ကျော်လွန်ပြီးတော့ကို အောင်မြင်ခဲ့တာ အားလုံးလည်း သိကြမှာပါ။ City FM ဆုပေးပွဲမှာတော့ ဆေး သီချင်းက ဆန်ခါတင်ထဲမှာတောင် မပါခဲ့ပါဘူး။ မကော်နီကတော့ သူ့ရဲ့ ခံစားချက်လေးတွေ ပြောသွားတာပေါ့နော်။ ကျွန်တော့်အနေနဲ့တော့ အဲဒီအတွက် ဘာစိတ်မှကို မရှိပါဘူး။ ကျွန်တော်က ဆုရဖို့အတွက် သီချင်းတွေရေးနေတာ မဟုတ်ဘူးလေ။ ပရိသတ်က သီချင်းကောင်းလေးတွေ နားထောင်ရလို့ ကျေနပ်တယ်ဆိုရင် အဲဒါက ကျွန်တော့်အတွက် ဆုပါပဲ"ဟု ဝေကြီးက ပြောသည်။

တေးသီချင်းများကို ကိုယ်တိုင်ရေး၍ ကိုယ်တိုင်လည်း သီဆိုသော လူငယ်တစ်ယောက်ဖြစ်သည့် ဝေကြီးသည် တေးရေးလောကတွင် အောင်မြင်မှုများစွာကို ရရှိပိုင်ဆိုင်ထားပြီး ၎င်း၏ တေးသီချင်းအများစုမှာ ပရိသတ်များ၏ နားတွင် စွဲမြဲနေပြီးဖြစ်ကာ ယနေ့ခေတ် တက်သစ်စ လူငယ် ဂီတသမားများ၏ မျှော်လင့်ချက်များကို ထုဆစ်ပုံဖော်ပေးနိုင်သည့် တေးရေးဆရာတစ်ဦးလည်း ဖြစ်သည် ။

အဆိုတော်တစ်ယောက်အတွက် ကိုယ်ပိုင်သီချင်းများ၏ အရေးကြီးပုံနှင့် ပတ်သက်၍လည်း ဝေကြီးက "အဆိုတော်တစ်ယောက်က အောင်မြင်ပြီးသား သူများသီချင်းတွေကိုပဲ လိုက်ဆိုနေလို့လည်း အဆင်မပြေဘူးလေ။ ကျွန်တော် ဆရာကြီးလုပ်တာ မဟုတ်ပါဘူး။ သူများသီချင်းတွေကို ဆိုတာက အခန့်မသင့်ရင် ပြဿနာတွေလည်း တက်သွားနိုင်တယ်။ ဂီတလမ်းကြောင်းကို တကယ် လျှောက်လှမ်းတော့မယ်ဆိုရင် ကိုယ်ပိုင်သီချင်းလေးတွေ ရှိနေဖို့တော့ လိုပါတယ်"ဟု ပြောသည်။

**ကိုလင်း**

## ရွှေကြို ပထမအဆင့် ဆန်ခါတင် ၈၀ တွင် အဆိုတော် မေလသံစဉ် ရွေးချယ်ခံထားရ

၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် အကယ်ဒမီ ရွှေကြိုလူငယ်မောင်မယ်များအား ရွေးချယ်လျက်ရှိရာ လက်ရှိအချိန်တွင် ဆန်ခါတင်အယောက် ၈၀ ကို ရွေးချယ်ပြီးစီးသွားပြီဖြစ်သည်။ အဆိုပါ ဆန်ခါတင် ၈၀ ထဲတွင် မြန်မာသံ တေးသီချင်းများဖြင့် လူသိများပြီး ပထမဆုံး တစ်ကိုယ်တော် အခွေဖြစ်သည့် "လူကြီးကို ရစ်ခွင့်ပေး" တေးစီးရီးကိုလည်း ထွက်ရှိထားသော မေလသံစဉ်လည်း ရွေးချယ်ခံထားရကြောင်း သိရသည်။

ရွှေကြိုရွေးချယ်ပွဲတွင် ပါဝင်ဖြစ်ခဲ့ခြင်းနှင့် ပတ်သက်၍ မေလသံစဉ်က "ဘယ်လိုကြောင့် ရွှေကြို ဝင်ပြိုင်ဖြစ်လဲဆိုတော့ မေလရဲ့ အနုပညာမျိုးရိုးက ညွှန့်မြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ဒါရိုက်တာ အကယ်ဒမီ ဦးချန်ထွန်းက မေလရဲ့ အဘိုးပါ၊ ဒါကြောင့် အနုပညာမျိုးရိုးကို ဆက်ပြီး ထိန်းသိမ်းချင်တဲ့အနေနဲ့ရော၊ နောက်ပြီး ရုပ်ရှင် နှစ်တစ်ရာပြည့်နဲ့အတူ ကျင်းပတဲ့ အကယ်ဒမီပွဲမှာ ရွှေကြိုပါဝင်ခွင့်ရရင် အခွင့်အလမ်းတွေ များတယ်လို့လည်း သိထားတာကြောင့်ရော ဝင်ပြိုင်ဖြစ်တာပါ။ အရေးကြီးဆုံးကတော့ မေလကိုယ်တိုင် ဝါသနာပါလို့လည်း ပါဖြစ်တာပါ၊ ပထမအဆင့်မှာ ပါတာနဲ့တင် မေလ ပျော်နေပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မေလ မြင်ရသလောက်မှာ အကုန်လုံးက တကယ်ကို ချောကြ၊ လှကြပြီး ကြည့်လိုက်တာနဲ့တင် ထင်းခနဲဖြစ်နေတဲ့သူတွေ များလွန်းတော့ အဲဒီအထဲမှာ မေလက ဒီလိုမျိုး ပထမအဆင့် ပါသွားတယ်ဆိုတာကို တော်တော် ဝမ်းသာတယ်ပေါ့နော်။ ပြိုင်နေတုန်းကတော့ ပါတာ မပါတာထက် ဒီအတိုင်း လုပ်ကြည့်လိုက်မယ်ပေါ့။ အနုပညာမျိုးရိုးလည်း ရှိနေပြီး ဝါသနာလည်းပါတော့ လုပ်ကြည့်လိုက်မယ်ဆိုတဲ့ သဘောပါပဲ၊ ပါတော့လည်း အများကြီး ပျော်တာပေါ့"ဟု မေလသံစဉ်က ပြောသည်။



"တကယ်လို့ ဒီအဆင့်အထိ မပါခဲ့လို့ရှိရင်လည်း မေလ လုပ်နေကျအတိုင်း သီချင်းဆိုတာနဲ့ပဲ ဆက်ပြီး ရပ်တည်သွားမယ်ပေါ့။ သရုပ်ဆောင် အတွေ့အကြုံကတော့ အရင်တုန်းက မအေသင်ချိုဆွေတို့၊ ကိုဆိုတေးတို့၊ ကိုဟဲလေးတို့ရဲ့ အခွေလေးတွေမှာ ကလေးသရုပ်ဆောင်အနေနဲ့ သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ရွှေကြိုရွေးတာအတွက် voting ကတော့ ချစ်ရတဲ့ ပရိသတ်ကြီးကိုပဲ အားပေးကြပါဦးလို့ ပြောချင်ပါတယ်"ဟုလည်း မေလသံစဉ်က ပြောကြားသည်။

**ကိုလင်း**

## ရုပ်သံဇာတ်လမ်းတွဲ မင်းသမီးလေး ခေးဆက်သွင်ကို 'ကမ်း'ရုပ်ရှင်ကားကြီးတွင် တွေ့ရမည်

"ဥယျာဉ်မှူး ဖြစ်ဖူးချင်သည်"နှင့် "အရိပ်" စသည့် ရုပ်သံဇာတ်လမ်းတွဲများဖြင့် ပရိသတ်၏ အားပေးမှုများကို ရရှိပိုင်ဆိုင်ထားသူ သရုပ်ဆောင် ခေးဆက်သွင်သည် "ကမ်း" ရုပ်ရှင်ကားကြီးတွင်လည်း သရုပ်ဆောင်



ရွှေထူးနှင့် ရွှေမှုံရတီတို့နှင့်အတူ သရုပ်ဆောင်သွားမည်ဖြစ်ပြီး ခေးဆက်သွင်အား ယင်းဇာတ်ကားတွင် ခပ်အေးအေး ကောင်မလေးတစ်ယောက်ပုံစံ တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ကမ်း ဇာတ်ကားက ရွှေထူးနဲ့ ရွှေမှုံရတီ တွဲတဲ့ ရုပ်ရှင်တစ်ကားပါ။ ခေးက ရုပ်ရှင်ကားကြီးတွေ သိပ်ရိုက်လေ့မရှိဘူး။ ဒီကားမှာလည်း 7th Sense Production က ခေးကို ကမ်းလှမ်းတာကြောင့် ပါဝင်ဖြစ်တာပါ။ ဒီကားမှာ ခေးက နည်းနည်း ရိုးရိုးအေးအေး ကောင်မလေးတစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ။ အေးချမ်းတည်ငြိမ်ပြီး ချစ်တတ်တဲ့ ကောင်မလေးတစ်ယောက်ပေါ့။ ရိုးရိုးအေးအေး ကောင်မလေးဆိုတော့ အထူးတလည်တော့ ပြင်ဆင်ထားတာမရှိပါဘူး"ဟု ခေးဆက်သွင်က ပြောသည်။

ဇာတ်လမ်းတွဲမင်းသမီးဟု ပရိသတ်အများစုက သိထားကြသည့်ကိစ္စနှင့် ပတ်သက်၍လည်း ခေးဆက်သွင်က "ဇာတ်လမ်းတွဲမင်းသမီးလို့ သိကြတာကတော့ နယ်တွေ၊ မြို့တွေကို ရုပ်ရှင်ထက် ဇာတ်လမ်းတွဲတွေက ပိုပြီး ရောက်တယ်ဆိုတာ သတိထားမိတယ်၊ ရုပ်ရှင်ကားဆို နယ်မှာ ပေါက်တဲ့ကားရှိတယ်၊ မပေါက်တဲ့ကားတွေလည်း ရှိတယ်။ ဇာတ်လမ်းတွဲကျတော့ နေ့စဉ် ည ၇ နာရီ လာနေကျလေးဖြစ်တယ်။ ဇာတ်ကားကောင်းရင် ကောင်းသလိုလည်း ပရိသတ်က ကြိုက်နှစ်သက်ကြတယ်"ဟု ပြောသည်။

၂၀၂၀ တွင် ဆက်လက်လုပ်ဆောင်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့် ပတ်သက်၍လည်း ခေးဆက်သွင်က "ဒီနှစ်ထဲမှာတော့ ခေး ဇာတ်လမ်းတွဲ ရိုက်မယ့်အစီအစဉ်တွေ မရှိသေးပါဘူး။ အခြေအနေ အကြောင်းကြောင်းကြောင့် ဇာတ်လမ်းတွဲရိုက်ဖို့ အစီအစဉ် ပျက်သွားခဲ့တယ်။ ဒါကြောင့် ဒီနှစ်ထဲမှာ ရုပ်ရှင်ကားကြီးတွေ ပိုရိုက်ဖြစ်မှာပါ။ နောက်ထပ် ထုတ်လုပ်ရေးတစ်ခုနဲ့ ရုပ်ရှင်ကားကြီးလည်း လက်ခံထားပါတယ်။ ၂၀၂၀ ထဲမှာ ဘယ်လို plan တွေ ချထားလဲဆိုရင်တော့ သရုပ်ဆောင်ပညာရပ်နဲ့ပတ်သက်ပြီး လိုအပ်တာတွေ သင်တန်းထပ်တက်ဦးမယ်။ Body နဲ့ပတ်သက်ပြီး ပြုပြင်ထိန်းသိမ်းဖို့တွေလည်း ရှိပါတယ်"ဟု ဆက်ပြောပြခဲ့သည်။

**ကိုလင်း**

## 'ရွှေမင်းသမီး'ရုပ်ရှင်တွင် ပြေတီဦးက တေးရေးဆရာတစ်ယောက်အဖြစ် သရုပ်ဆောင်ထား

တေးရေးဆရာ နှလုံးသား ရေးသားသည့် ဇာတ်လမ်းကို မိုးနီလွင် ဇာတ်ညွှန်းပြန်ရေး၍ ဒါရိုက်တာ မီးပွား ရိုက်ကူးသည့် ရွှေမင်းသမီးဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် အကယ်ဒမီ ပြေတီဦးက တေးရေးဆရာ နှလုံးသားအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ထိုကားကြီးကို ဖေဖော်ဝါရီ ၁၃ ရက်တွင် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသတော့မည်ဖြစ်သည်။

"ဒီဇာတ်ကားမှာ ကျွန်တော်က တေးရေးဆရာ နှလုံးသား(ခ)ကိုငြိမ်းထူး အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဆိုတော်ဖြစ်ချင်နေတဲ့ ကောင်မလေးတစ်ယောက်ကို စင်တင်ပေးတဲ့ တေးရေးတစ်ယောက်ပေါ့။ နောက်ပိုင်းမှာ ဒီမိန်းကလေးရဲ့ လှည့်စားတာတွေလည်း ခံရတာပေါ့။ ဒါရိုက်တာကလည်း ဦးမီးပွားဆိုတော့ ဒရာမာဇာတ်ကားကောင်းလေးပါပဲ။ ဒီကားကို တောင်ငူ မြို့တည်နန်းတည် ရာပြည့်ပွဲကြီးမှာ သွားရောက် ရိုက်ကူးခဲ့ရတာကတော့ တော်တော်လေး အမှတ်တရ ဖြစ်ခဲ့ရပါတယ်။ ဒီပွဲတော်ကြီးက တောင်ငူမြို့ တစ်မြို့လုံး ပါဝင်ဆင်နွှဲပြီး တော်တော်ကြီးကို စည်ကားတယ်လေ။ ဒီလိုပွဲတော်ကြီးပုံစံ ဆက်တင်လုပ်ပြီး ရိုက်ဖို့ဆိုရင် လွယ်မှာမဟုတ်ဘူး။ အခုကျတော့ တကယ် ကျင်းပနေတဲ့ပွဲမှာ ဝင်ရောက်ရိုက်ကူးခဲ့တာဆိုတော့ ပိုပြီး ပီပြင်မှုလည်းရှိတယ်လေ။ ပရိသတ်တွေ အနေနဲ့လည်း ရုပ်ရှင်အပြင် ဒီပွဲတော်ကြီးရဲ့ ခမ်းခမ်းနားနား ကျင်းပတဲ့ ပုံရိပ်တွေကိုပါ ဒီရုပ်ရှင်ဇာတ်ကားမှာ မြင်တွေ့ရမှာပါ"ဟု ပြေတီဦးက ပြောသည်။

အဆိုပါ ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပြေတီဦး၊ ကျော်ကျော်ဗိုလ်၊ စိုးပြည့်သဇင်၊ ကောင်းပြည့်၊ ဇင်ဝိုင်း၊ ချိုပြုံးနှင့် မေသဥ္ဇာဦးတို့ အဓိက ပါဝင် သရုပ်ဆောင်ထားကြပြီး အခြား အနုပညာရှင်များစွာလည်း ပါဝင်ကြောင်း သိရသည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### tvNဖျော်ဖြေရေးကုမ္ပဏီရဲ့သမိုင်းတွင် Crash Landing On You ဇာတ်လမ်းတွဲ ဆက်လက်စံချိန်ချိုး

ဖျော်ဖြေရေးကုမ္ပဏီဖြစ်တဲ့ tvN ကနေထုတ်လွှင့်ခဲ့တဲ့ Crash Landing On You ဇာတ်လမ်းတွဲကတော့ ဇာတ်သိမ်းရောက်ဖို့ အပိုင်းနှစ်ပိုင်းသာ လိုပါတော့တယ်။ ဇာတ်သိမ်းပိုင်းနဲ့နီးလာပေမယ့် ကြည့်ရှုမှု နှုန်းကတော့ ကျဆင်းသွားခြင်း မရှိဘဲ ဆက်လက်စံချိန်ချိုးဆဲပါပဲ။ လူကြည့်အများဆုံး ဇာတ်လမ်းတွဲအဖြစ် စံချိန်တင်နေတဲ့ Crash Landing On You မှာ ဟွန်ဘင်းနဲ့ ဆိုရီဂျင်းတို့က အဓိက ပါဝင် သရုပ်ဆောင်ထားပါတယ်။

အခုလက်ရှိနောက်ဆုံးထုတ်လွှင့်ခဲ့တဲ့အပိုင်းမှာတော့ တောင်ကိုရီးယားမှာကြည့်ရှုသူ ပျမ်းမျှအားဖြင့် ၁၇ ဒသမ ၇ ရာခိုင်နှုန်းကနေ ၁၉ ရာခိုင်နှုန်းအထိ ရရှိခဲ့ပါတယ်။ အဆိုပါ ဇာတ်ကားအများဆုံးကြည့်ရှုသူတွေကတော့ အသက် ၄၀ ကျော် အမျိုးသမီးပရိသတ်တွေပဲ ဖြစ်တယ်လို့ သိရပါတယ်။

အသက် ၄၀ ကျော် အမျိုးသမီးပရိသတ်တွေရဲ့ကြည့်ရှုမှုနှုန်းကတော့ ၂၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အသက် ၂၀ ကနေ ၄၀ နှစ်ကြား ကြည့်ရှုမှုနှုန်းကတော့ ၁၂ ဒသမ ၂ ရာခိုင်နှုန်းကနေ ၁၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ဒီဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းနှစ်ပိုင်းကိုတော့ ဖေဖော်ဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်တို့မှာ ထုတ်လွှင့်ပြသမှာပဲ ဖြစ်ပါတယ်။

**ဆွန်ပီဒေါ်ကွန်း**



Crash Landing On You ဇာတ်လမ်းတွဲမှ မင်းသားဟွန်ဘင်းနှင့် မင်းသမီး ဆိုရီဂျင်း။

### ဒရိန်းဂျွန်ဆင်၏သမီး ဆီမွန် ကမ္ဘာ့နပန်းဖျော်ဖြေပွဲတွင် ကြယ်ပွင့်ဖြစ်လာအောင် ကြိုးပမ်းလျက်ရှိ

ဟောလိဝုဒ်မင်းသား ဒရိန်းဂျွန်ဆင်ရဲ့ သမီးဖြစ်သူ ဆီမွန်ကတော့ ဖခင်ရဲ့ခြေရာကိုနင်းနိုင်အောင် ကြိုးပမ်းနေပါတယ်။ ဆီမွန်ကတော့ ဒရိန်းဂျွန်ဆင်ရဲ့သမီးအကြီးဆုံးဖြစ်ပြီး ကမ္ဘာ့နပန်းဖျော်ဖြေရေးလောကထဲကို ဝင်ရောက်ဖို့ ကြိုးပမ်းနေတာဖြစ်ပြီး အသက်ကတော့ ၁၈ နှစ်သာ ရှိပါသေးတယ်။ အခုဆိုရင်သူဟာ အော်လန်ဒိုမြို့မှာရှိတဲ့ ကမ္ဘာ့နပန်းဖျော်ဖြေရေးစင်တာမှာ လေ့ကျင့်မှုတွေပြုလုပ်နေပါပြီ။

နပန်းအားကစားကို နှစ်ခြိုက်တဲ့မိန်းကလေးငယ်တစ်ဦးအတွက် တစ်နေ့မှာတော့ ဒီအားကစားဟာ သူ့အတွက် ကမ္ဘာကြီးဖြစ်လာမှာပါ။ ကြိုးကြိုးစားစားနဲ့ စတင်လိုက်ရအောင်ဆိုပြီး ဆီမွန်က သူ့ရဲ့အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ ဆီမွန်ကတော့ နပန်းလောကထဲကိုဝင်ရောက်တဲ့ စတုတ္ထမြောက် ဂျွန်ဆင်မိသားစုဝင်လည်း ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဒရိန်းဂျွန်ဆင်နဲ့အဘိုးဖြစ်သူ ရော်ကီဂျွန်ဆင်တို့ဟာ ကမ္ဘာ့နပန်းလောကမှာ လေးစားအသိအမှတ်ပြုဖွယ်ရာ ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ပါတယ်။ အဘိုးဖြစ်သူ ရော်ကီဂျွန်ဆင်ကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်မှာပဲ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ အသက် ၇၅ နှစ်မှာ ကွယ်လွန်သွားခဲ့တာလည်း ဖြစ်ပါတယ်။

**အီးနယူး**



ဒရိန်းဂျွန်ဆင်နှင့် သမီးဖြစ်သူ ဆီမွန်ဂျွန်ဆင်။

## အောင်လံမြို့ မြေထဲမြို့ဟောင်း မိုးဖုံးစေတီအတွင်းမှ ရှေးဟောင်းဆင်းတုတော်များ တွေ့ရှိ

**အောင်လံ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ မြောက်ဘက် နှစ်မိုင်အကွာ မြေထဲမြို့ဟောင်းအနီး မိုးဖုံးကျေးရွာ ဧရာဝတီမြစ်ကမ်း နဖူးတွင်ရှိ ရှေးဟောင်းသမိုင်းဝင် မိုးဖုံးရွာလယ်ဘုရားအား ဘက်စုံပြုပြင်မွမ်းမံနေစဉ် ယမန်နေ့က ဘုရား၏အရှေ့မြောက်ထောင့်အရပ် သပိတ်မှောက်အထက် အောက်ဆုံးဖောင်းရစ်အရောက်တွင် အုတ်ချပ်တစ်ချပ် စွန်းထွက်နေသဖြင့် ဆွဲထုတ်လိုက်ရာမှ ရှေးမူလက်ရာ ဆင်းတုတော် ၂၄ ဆူနှင့် ဓာတ်တော်များထည့်ထားသော အဖုံး ပါကြွေခွက်တစ်ခုတို့ကို တွေ့ရှိရသည်။

ဆင်းတုတော်များတွင် နဂါးရုံဘုရားနှစ်ဆူ၊ ပဋ္ဌဝင်္ဂီငါးဦးတရားဦးဟောနေပုံ နှစ်ဆူ၊ မယ်တော်မာယာမှဘုရားအလောင်း ဖွားမြင်တော်မူပုံ တစ်ဆူ၊ ဘုရားပရိနိဗ္ဗာန်စံတော်မူခန်း တစ်ဆူ၊ ရှင်ဥပဂုတ္တတစ်ဆူနှင့် ကြွေခွက်နှင့် ထည့်ထားသော ဓာတ်တော်များအပါအဝင် စုစုပေါင်း ၂၅ ဆူပါရှိကြောင်း သိရသည်။

ရှေးရာဇဝင် ဆိုစကားအရ ဉာဏ်တော်အမြင့် ၉၅ပေရှိ မိုးဖုံးစေတီသည် ဧရာဝတီမြစ်ကြောင်းအတွင်း မျှောချခြင်းခံရသော စူဠသမ္ဘဝ မဟာသမ္ဘဝညီနောင်တို့မှ မျက်စိများအလင်းရ၍ "မိုးကအဖုံး မြေကအထဲ" ဟု သိရှိကြပြီးမိုးဖုံးနှင့် မြေထဲမြို့များအဖြစ် တည်ထောင်၍ တည်ထားကိုးကွယ်ခဲ့သောစေတီများအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ **သိန်းလွင်(အောင်လံ)**



မိုးဖုံးစေတီအတွင်းမှ တွေ့ရှိသည့် ဆင်းတုတော်များ။

## ဒီးမော့ဆိုမြို့နယ် ကျေးရွာငါးရွာ၌ လယ်ယာကုန်ထုတ်လမ်း ငါးလမ်း ဆောင်ရွက်လျက်ရှိ

**ဒီးမော့ဆို ဖေဖော်ဝါရီ ၁၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် တောင်သူများ စိုက်ပျိုးသောသီးနှံများ လွယ်ကူစွာ သယ်ယူနိုင်ရန်အတွက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပြည်ထောင်စုပြည်နယ်ရန်ပုံငွေကျပ် ၈၀၂ ဒသမ ၂၉၄၆ သန်းဖြင့် ကျေးရွာငါးရွာတွင် လယ်ယာကုန်ထုတ်လမ်း ငါးလမ်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုဘဏ္ဍာနှစ် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေဖြင့် ဒီးမော့ဆိုမြို့နယ် အို့ခူရီ၊ ဒေါင်ခါး၊ ဘိုးလျား၊ ယူဆမိုဆိုနှင့် ဒေါတမကြီးကျေးရွာတို့တွင် လယ်ယာကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အို့ခူရီကျေးရွာတွင် ရန်ပုံငွေကျပ် ၃၁ ဒသမ ၉၀၁ သန်းဖြင့် လည်းကောင်း၊ ဒေါင်ခါးကျေးရွာတွင် ရန်ပုံငွေကျပ် ၇၂ ဒသမ ၄၂၄ သန်းဖြင့် လည်းကောင်း၊ ဘိုးလျားကျေးရွာတွင် ရန်ပုံငွေကျပ် ၁၅၇ ဒသမ ၃၂၁၆ သန်းဖြင့် လည်းကောင်း၊ ယူဆမိုဆို ကျေးရွာတွင် ရန်ပုံငွေကျပ် ၁၁၁ ဒသမ ၂ သန်းဖြင့် လည်းကောင်း၊ လမ်း၊ တံတား တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထို့အပြင် ဒေါတမကြီးကျေးရွာ လယ်ယာကုန်ထုတ်လမ်း အရှည် ၆ မိုင် ၀ ဒသမ ၆၃ ဖာလုံကို ဆောင်ရွက်လျက်ရှိကြောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

## (၁၀၅)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပွဲများ ပြုလုပ်

**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့အကြို အထိမ်းအမှတ်ကဗျာရွတ်ဆိုပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင်ဆုရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ထက်ဝေဖြိုး(ပြန်/ဆက်)**

**မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ဗိုလ်ချုပ်ပုံတူပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကိုဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

**ကျောက်ဆည်**

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီ ၁၁ ရက်က ဗိုလ်ချုပ်အောင်ဆန်း၏(၁၀၅)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက်ပြောဆိုမှုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများနှင့်ပြိုင်ပွဲဝင်သူအားလုံးကို ဗိုလ်ချုပ် အောင်ဆန်း၏မွေးနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၃ ရက်တွင် ဒိုင်းဆုများနှင့် လက်ဆောင်များပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အကြို ဗိုလ်ချုပ်ပုံတူပန်းချီ ရေးဆွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပစဉ်။ သျှမ်းကလေး (ဗန်းမော်)

*အမျိုးသားလွှတ်တော် တောင်သူလယ်သမား ရေးရာကော်မတီသည် တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သိုလှောင်ကြိတ်ခွဲရောင်းချခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် –*

*(စာတည်းအဖွဲ့)*

# တောင်သူတွေရဲ့ မြေတစ်ယူနစ်ချင်းကနေ ထုတ်လုပ်မှုတန်ဖိုး အမြင့်ဆုံး ဖြစ်စေချင်တယ်။

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်း

## တွေ့ဆုံမေးမြန်း – တာရာ

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သိုလှောင်ကြိတ်ခွဲရောင်းချခွင့် ရရှိရေးကို ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ကူညီပေးရန်ကော်မတီက ဆောင်ရွက်ရသည့် အပြင် ကော်မတီ၏ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် အဆိုများ တင်သွင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တောင်သူလယ်သမားရေးရာကော်မတီအနေဖြင့် လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေး ကောင်းမွန်မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေလုံလောက်စွာရရှိရေး လယ်ယာထွက်ကုန်ရောင်းချမှုအပေါ် အကျိုးအမြတ်လုံလောက်စွာ ရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊ တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို နည်းလမ်းရှာဖွေ၍ လွှတ်တော်သို့ တင်ပြရန်တို့ကို ဆောင်ရွက်ရသည်။

ကော်မတီသည် ပြည်သူများထံမှ တင်ပြလာသော တိုင်ကြားစာများအနက် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာစေမည့် ကိစ္စရပ်များဖြစ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ကွင်းဆင်းစိစစ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည် –

**ဦးဘမျိုးသိန်း (အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ)**

ကျွန်တော်တို့ ကော်မတီကို တင်ပြလာတဲ့ ကိစ္စရပ်တွေက လယ်ယာမြေနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ ဖြစ်ပါတယ်။ အထူးသဖြင့် မြေသိမ်းဆည်းခံရတဲ့ ကိစ္စတွေ၊ နောက် လယ်ယာမြေ စီမံခန့်ခွဲမှုပိုင်းမှာ အငြင်းပွားမှုတွေနဲ့ ပတ်သက်ပြီး တိုင်ကြားတာတွေကိုလည်း လက်ခံရရှိပါတယ်။ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာတွေ ကော်မတီကို ပေးပို့တာလည်း ရှိပါတယ်။

မြေသိမ်းဆည်းခံရတဲ့ တိုင်ကြားစာတွေကို လက်ခံရရှိရင် ကော်မတီက အချက်အလက်ခိုင်မာမှု ရှိ/မရှိ၊ တိုင်ကြားသူရဲ့ မြေတည်နေရာ၊ ရာဇဝင်ကစပြီး ပိုင်ဆိုင်တဲ့ အထောက်အထား၊ မြေသိမ်းဆည်းခံရတဲ့ အချိန်ကာလ၊ သိမ်းတဲ့အခါမှာလည်း တည်ဆဲ မြေသိမ်းဥပဒေတွေနဲ့ ညီညွတ်မှု ရှိ/မရှိကို စစ်ဆေးပါတယ်။ မြေသိမ်းဥပဒေ အနေနဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွေ ရှိပါတယ်။ ကော်မတီကို ရောက်ရှိလာတဲ့ အများစုက ဥပဒေနဲ့အညီ မသိမ်းတာ များပါတယ်။

ဥပဒေနဲ့အညီ သိမ်းတယ်ဆိုပေမယ့်၊ တကယ်တော့ လျော်ကြေး၊ နစ်နာကြေးနဲ့ အစားထိုး ဆောင်ရွက်ပေးတာတွေ မရှိတော့ သိမ်းဆည်းခံရသူတွေအတွက် နစ်နာပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး တိုင်ကြားကြပါတယ်။ ဒီလို တိုင်ကြားရာမှာလည်း သိမ်းဆည်းခံရသူ သို့မဟုတ် နစ်နာသူကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတိုင်မှ ကော်မတီအနေနဲ့ ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲဆိုတာ စဉ်းစားဆောင်ရွက်ပေးပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ဗဟိုကော်မတီဆိုပြီး ဖွဲ့စည်းထားတာ ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကျေးအဆင့် ဆိုပြီး အဆင့်ဆင့် ဖွဲ့စည်းထားပါတယ်။ အဆင့်ဆင့် ဆောင်ရွက်မှုတွေ ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တယ်ဆိုရင် အမှုတွဲကို ကျွန်တော်တို့ ကော်မတီရဲ့ တွေ့ရှိချက်၊ စိစစ်ချက်၊ အကြံပြုချက်တွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ သဘောတူညီချက်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ကို ဆက်လက်တင်ပြပါတယ်။ ကော်မတီရဲ့ တင်ပြချက်အပေါ် သက်ဆိုင်ရာဌာနတွေက ပြန်လည်စိစစ်ပါတယ်။ သူတို့ရဲ့ စစ်ဆေးတွေ့ရှိချက်ကို ကျွန်တော်တို့ကို ပြန်လည်ပေးပို့ပါတယ်။

သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ၊ ဝန်ကြီးဌာနတွေကို ပြန်လည်စိစစ်ပေးပါလို့ တင်ပြလိုက်တဲ့ကိစ္စရပ်တွေမှာ ကျွန်တော်တို့ ကော်မတီကို စစ်ဆေးတွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး အကြောင်းပြန်ကြားတဲ့နေရာမှာ ကြန့်ကြာမှုအချို့ကိုလည်း တွေ့ရပါတယ်။ ဒီလို ကြန့်ကြာမှုရှိတဲ့အတွက် ထပ်ပြီး သတိပေးစာ ထုတ်ရတာတွေလည်း ရှိပါတယ်။

နောက်တစ်ခုက ဒီလိုစိစစ်ခိုင်းတဲ့အခါ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေက တွေ့ရှိချက်တွေ ပြန်တင်လာတဲ့အခါ ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်လို့ မှန်ကန်မျှတမှု မရှိ

> **“လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် လွှတ်တော်မှာ ပညာရှင်တွေ ဖိတ်ခေါ်ပြီး ဆွေးနွေးပါတယ်။ ဒါ့အပြင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြီး ဆွေးနွေးကြပါတယ်။ လုပ်ကွက်ငယ် တောင်သူလယ်သမားတွေအတွက် ပေးနိုင်မယ့် အကူအညီတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။ ဒါတွေက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်တာ ဖြစ်ပါတယ်”**



အမျိုးသားလွှတ်တော် လွှတ်တော်ပုံမှန်အစည်းအဝေးကာလများအတွင်း အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမား ရေးရာကော်မတီ၏ အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပစဉ်။



ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ)
အမျိုးသားလွှတ်တော်
တောင်သူလယ်သမားရေးရာကော်မတီ



ဦးစိုးဝင်း(အတွင်းရေးမှူး)
အမျိုးသားလွှတ်တော်
တောင်သူလယ်သမားရေးရာကော်မတီ

ဘူး၊ နစ်နာပါတယ်လို့ ထပ်ပြီးတင်ပြတိုင်ကြားတာတွေကိုလည်း ကော်မတီအနေနဲ့ပြန်ပြီးစိစစ်ပေးပါဆိုပြီး ပြန်လည်ဆောင်ရွက်ပေးပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် လွှတ်တော်မှာ ပညာရှင်တွေ ဖိတ်ခေါ်ပြီး ဆွေးနွေးပါတယ်။ ဒါ့အပြင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြီး ဆွေးနွေးကြပါတယ်။ လုပ်ကွက်ငယ် တောင်သူလယ်သမားတွေအတွက် ပေးနိုင်မယ့် အကူအညီတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။ ဒါတွေက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်တာ ဖြစ်ပါတယ်။

မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးနိုင်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ၊ ပုံစံ ၇ ရရှိမှု အခက်အခဲတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကိုလည်း ဖိတ်ခေါ်ဆွေးနွေးပါတယ်။ စိုက်ပျိုးရေးအတွက် အရေးကြီးတဲ့ အရင်းအနှီးနဲ့ ချေးငွေရရှိရေးကိစ္စတွေကို ဆွေးနွေးကြတာ ရှိပါတယ်။

ဒါတွေနဲ့ ပတ်သက်ရင် နယ်တွေကနေလာတဲ့ တိုင်ကြားစာတွေမှာ ချေးငွေအချိန်မီ မရတာ၊ ကေရှိသလောက် မရတာနဲ့ ၁၀ ကေလောက်အထိပဲ ချေးငွေရတာတွေကို တိုင်ကြားတဲ့စာတွေကို ရပါတယ်။ ဒီလိုကိစ္စတွေကို ကော်မတီအနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ခေါ်ယူတွေ့ဆုံ ဆွေးနွေးရပါတယ်။ ဘဏ်ဘက်ကလည်း သူတို့ အခက်အခဲကို ကော်မတီမှာ လာရောက် ရှင်းပြသလို လွှတ်တော်မှာလည်း ရှင်းပြပါတယ်။

နှစ်ရှည်ချေးငွေနဲ့ ပတ်သက်ရင် JICA ရဲ့ နှစ်ဆင့်ချေးငွေကို ဂျပန်အစိုးရဆီကနေ ချေးငွေယူပါတယ်။ ဗဟိုဘဏ်ကနေတစ်ဆင့် သက်ဆိုင်တဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို လွှဲပေးပါတယ်။ အဲဒီကနေ သက်ဆိုင်တဲ့ တောင်သူလယ်သမားတွေကို လုပ်ငန်းအလိုက် အခြေခံပြီး ငွေကျပ်သိန်း ၅၀၀ နဲ့အထက် ချေးငွေကို သတ်မှတ်စည်းစနစ်နဲ့အညီ ပေးပါတယ်။ ဒီလိုအရင်းအနှီးတွေက တောင်သူတွေအတွက် အမှန်တကယ် လိုအပ်ပါတယ်။

တောင်သူတွေဆီက ထပ်ကြားတာက တစ်နှစ်ချင်းချေးငွေပေးတဲ့ နေရာမှာ ရာသီသီးနှံအပေါ်အခြေခံတဲ့အတွက် ထွက်ရှိလာတဲ့ သီးနှံကို ရောင်းချပြီး ချေးငွေပြန်ဆပ်လိုက်ရတဲ့အတွက် တောင်သူတွေအနေနဲ့ အဆင်မပြေဘူးလို့ ကြားသိရပါတယ်။ တောင်သူတွေအနေနဲ့ သီးနှံတစ်ခု စိုက်နိုင်ဖို့ ချေးငွေရယူထားတဲ့အတွက် နောက်သီးနှံစိုက်ပျိုးဖို့ ချေးငွေထပ်ချေးနိုင်ဖို့အတွက် ထွက်ရှိတဲ့ သီးနှံကို အလျင်အမြန် ရောင်းချရတဲ့အတွက် ဈေးကောင်း မရရှိဘူး၊ ဈေးကောင်း ရဖို့လည်း အချိန်ပေးပြီး မစောင့်နိုင်ဘူး ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် တောင်သူတွေက တစ်နှစ်ချင်း ချေးငွေပေးမယ့်အစား ၃ နှစ်၊ ၄ နှစ် စတဲ့ နှစ်လတ်ချေးငွေတွေ အစီအစဉ်လုပ်ပေးဖို့ ကော်မတီကို အကြံပြု တင်ပြကြတာလည်း ရှိပါတယ်။ ကော်မတီအနေနဲ့ သက်ဆိုင်ရာကို ပြန်လည်ဆွေးနွေး တင်ပြတဲ့အခါ ဒါကိုလည်း ဆောင်ရွက်ဖို့ စဉ်းစားနေပါတယ်ဆိုပြီး ပြန်လည်ကြားသိရပါတယ်။

တောင်သူလယ်သမားဆိုင်ရာ ဥပဒေတွေထဲမှာ အသစ်ရေးဆွဲဖို့၊ ပြန်လည်ပြင်ဆင်ဖြည့်စွက်ဖို့နဲ့ ဖျက်သိမ်းဖို့လိုတဲ့ ဥပဒေတွေ ရှိပါတယ်။ ဒီဥပဒေတွေထဲက ၁၈၉၀ ပြည့်နှစ် မြန်မာနိုင်ငံ စာတိုက်ကြီးဥပဒေနဲ့ ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှစ်ခု စစ်ဆေးဖို့ လွှတ်တော်က တာဝန်ပေးတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ခေါ်ယူပြီး ဆွေးနွေးနေပါတယ်။ ပညာရှင်တွေရဲ့ အကြံဉာဏ်ကိုလည်း ရယူပါတယ်။ မြေသိမ်းဥပဒေနဲ့ပတ်သက်ရင် အမျိုးသားမြေအသုံးချမှုမူဝါဒကို အခြေခံပြီး ကော်မတီမှာ ဆွေးနွေးနေပါတယ်။

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးစဉ်က မြေသိမ်းဥပဒေနဲ့ ဆွေးနွေးပြီး အတည်ပြုတဲ့အခါ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအနေနဲ့ ပြည်သူ့လွှတ်တော်ကို ပေးပို့ပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း ဥပဒေကြမ်းအပေါ် ပြန်လည်ဆွေးနွေး ဖြည့်စွက်ပြီး အမျိုးသားလွှတ်တော်ကို ပြန်ပို့ပေးတယ်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့ အချက်က သိပ်မရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါတယ်။

ကော်မတီကို တာဝန်ပေးလိုက်တဲ့ မြေသိမ်းဆည်းခြင်းဥပဒေရဲ့ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွေကိုလည်း ကော်မတီအနေနဲ့ အထူးအလေးထားပြီး သေချာဆွေးနွေးပါတယ်။ လွှတ်တော်ကလည်း တချို့ဥပဒေဆိုရင် ကော်မတီကို တိုက်ရိုက်တာဝန်ပေးပါတယ်။ ကော်မတီကစပြီး ဆွေးနွေးတယ်။ အဆင့်ဆင့်တင်တယ်။ ဥပဒေပိုင်းဆိုင်ရာကိုလည်း ကော်မတီအနေနဲ့ တက်တက်ကြွကြွဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၂၁ သို့*

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ ဖော်ဆောင်မှု





အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီက ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အခြေစိုက် မုတ်သုံကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

*စာမျက်နှာ ၂၀ မှ*

ကော်မတီအနေနဲ့ အဓိက တာဝန်အရှိဆုံးက ဥပဒေပြုခြင်းနဲ့ အများပြည်သူအကျိုးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံက မြေစာရင်း၊ မြေပုံနဲ့ မှတ်တမ်းက အရေးကြီးပါတယ်။ အဲဒါတွေ မရှိဘဲနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လို့ မရပါဘူး။ ဒါက တစ်ပြည်လုံးအတိုင်းအတာနဲ့ စနစ်တစ်ခုတည်းရှိဖို့ လိုအပ်ပါတယ်။ ကော်မတီအနေနဲ့ ဆောင်ရွက်ပြီဆိုရင် ဒီကိစ္စကို ဦးစားပေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ တောင်သူတွေအနေနဲ့ လွတ်လပ်စွာ စိုက်ပျိုးခွင့် လိုအပ်ပါတယ်။ ဒါက ကော်မတီရဲ့ တာဝန်ထဲမှာလည်း ပါပါတယ်။ တောင်သူတွေအနေနဲ့ ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ ဈေးကွက်ကို တင်ပို့နိုင်မယ့် အနေအထားရှိတဲ့ အကျိုးရှိတဲ့ သီးနှံကိုလွတ်လပ်စွာ စိုက်ပျိုးစေချင်ပါတယ်။ ဒါက အရေးအကြီးဆုံး ဖြစ်ပါတယ်။ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးစရိတ်ချေးငွေတွေ ပံ့ပိုးပေးဖို့ လိုအပ်ပါ တယ်။ မျိုးစိတ်တွေ ပံ့ပိုးပေးဖို့၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေလည်း မှန်ကန်တဲ့ ပစ္စည်းဖြစ်ဖို့၊ တောင်သူတွေက စနစ်တကျ မှန်ကန်စွာ သုံးစွဲတတ်ဖို့ လိုအပ်ပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနဲ့ တောင်သူတွေရဲ့ စိုက်ပျိုးရေးအကျိုးရှိစေဖို့ ကန်ထရိုက် လယ်ယာစနစ်က အရေးပါလာပါတယ်။ ကန်ထရိုက်လယ်ယာစနစ်က စိုက်ပျိုးသူ တောင်သူရော၊ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေပါ နှစ်ဖက်အကျိုးရှိမှာဖြစ်ပါတယ်။ တောင် သူတွေရဲ့ စိုက်ပျိုးရေးမှာ မြေပြုပြင်ချိန်ကစပြီး ရိတ်သိမ်း ရောင်းချတဲ့အချိန်အထိ လုပ်ငန်းအဆင့် ဆင့်မှာ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်တွေအတိုင်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်တယ်။

တောင်သူအတွက် မျိုး၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးကအစ စိတ်မပူရတော့ဘဲ ထွက်ရှိသီးနှံကိုလည်း သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ပေးဝယ်မှာဖြစ်လို့ ဈေးကွက်အတွက် စိတ်ချရပါတယ်။ လုပ်ငန်းရှင်ဘက်က ဝယ်ယူရမယ့် သီးနှံထုတ်ကုန်က သေချာပြီဖြစ်လို့ ရှေ့ဆက်လုပ်ရမှာတွေကို စီစဉ်ထားနိုင်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်မှာ စီးပွားဖက် တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေကြားမှာ ပံ့ပိုးဖို့နဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ စိုက်ပျိုးရေးဌာနက ပါလာမှာဖြစ်တယ်။

ဒီလိုမျိုး ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်မှုမှာ တောင်သူလုပ်ငန်းရှင်နဲ့ ဌာနတို့ ပါဝင်လာပြီး လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအဆင်ဆင့် Standard Operating Procedure – SOP ကို ရေးဆွဲနေပြီလို့သိရပါတယ်။ လက်ရှိအခြေအနေမှာ ကန်ထရိုက် လယ်ယာစနစ် လုပ်ဆောင်နေပါတယ်။ ကန်ထရိုက် လယ်ယာစနစ် အောင်မြင်တဲ့အတွက် တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေဘက်က စိတ်ဝင်စားမှုတွေများလာတယ်လို့ သိရပါတယ်။ လက်ရှိ နိုင်ငံအတွင်းမှာ ကန်ထရိုက်လယ်ယာစနစ် လုပ်နေတာ သိပ်မများပေမယ့် ရှေ့ဆက်ပြီး စနစ်တကျ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒါမှလည်း လယ်ယာကဏ္ဍနဲ့ တောင်သူအတွက် သာမက နိုင်ငံအတွက်ပါ အကျိုးရှိမှာ ဖြစ်ပါတယ်။

တောင်သူတွေမှာ နောက်တစ်ချက် အရေးကြီးတာက မြေယာလုပ်ပိုင်ခွင့် အာမခံချက်ရှိရမယ်၊ လုံခြုံမှုရှိရမယ်။ တောင်သူတွေရဲ့ လုပ်ပိုင်ခွင့်က စနစ်တကျ ဖြစ်ဖို့ လိုအပ်ပါတယ်။ လုပ်ပိုင်ခွင့်က ဘယ်အပေါ်မှာ ပြန်ပြီးအခြေခံသလဲဆိုတော့ မြေစာရင်း၊ မြေပုံ၊ မှတ်တမ်းက ကိုက်ညီရမယ်။ နောက်တစ်ချက်က တောင်သူလယ်သမားတွေမှာ စစ်မှန်တဲ့ တောင်သူလယ်သမား အသင်းအဖွဲ့တွေ ပေါ်ပေါက်ဖို့ လိုအပ်ပါတယ်။ တောင်သူတွေ ကိုယ်တိုင် ပါဝင်စုစည်းပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖို့၊ ဈေးကွက်၊ သတင်းအချက်အလက် ရရှိဖို့တွေက အရေးကြီးပါတယ်။

ဒါကိုလည်း ကော်မတီအနေနဲ့ လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး ဥပဒေတွေမှာ ထည့်သွင်းပေးထားပြီး တောင်သူလယ်သမားတွေ ကိုယ်တိုင်ပါဝင်တဲ့ တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ထွက်ရေးကိုလည်း ထည့်သွင်း ပေးထားပါတယ်။

အခြားနိုင်ငံတွေကို ကြည့်မယ်ဆိုရင် သက်ဆိုင်ရာ တောင်သူလယ်သမား အသင်းအဖွဲ့တွေက သူ့အသင်းနဲ့သူ အများအကျိုးအတွက်ကြည့်ပြီး ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်သွားပါတယ်။ တောင်သူလယ်သမား အကျိုးစီးပွားအတွက်ကို သူတို့ကိုယ်တိုင် နားလည်ပြီး ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ကနေ ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ တောင်သူတွေရဲ့ မြေတစ်ယူနစ်ချင်းကနေ ထုတ်လုပ်မှု တန်ဖိုးအမြင့်ဆုံး ဖြစ်စေချင်ပါတယ်။ မြေတစ်ယူနစ်ချင်းအတွက် ထုတ်လုပ်မှု တန်ဖိုးတက်လာရင် တောင်သူအတွက် ဝင်ငွေတိုးလာမယ်။ ဒါက နောက်ဆက်တွဲ GDP အထိ သက်ရောက်သွားတာ ဖြစ်ပါတယ်။



အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီက The World Bank မှ တာဝန်ရှိပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံစဉ်။

**ဦးစိုးဝင်း (အမျိုးသားလွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး)**

ကျွန်တော်တို့ နိုင်ငံရဲ့ ကျေးလက်ဒေသနေ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့သူတွေဖြစ်တဲ့အတွက် လယ်ယာကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လူအများစု ဖွံ့ဖြိုးတိုးတက်ရမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ စံချိန်စံညွှန်းတစ်ခု ဖြစ်ဖို့ဆိုရင် လူအများစု ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ လယ်ယာကဏ္ဍနဲ့ ဆက်နွှယ်နေတဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေ၊ တောင်သူလယ်သမားနဲ့ စိုက်ပျိုးရေးအလုပ်သမားတွေရဲ့ ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။

သူတို့ဘဝတွေ မြင့်တက်မှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်တယ်လို့ ပြောလို့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံအတွက် အင်မတန်မှ အရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါတယ်။

မြေယာသိမ်းတဲ့ကိစ္စက ယနေ့ မြန်မာနိုင်ငံရဲ့ အဓိက ပြဿနာလို့တောင် ပြောလို့ရပါတယ်။ အချို့နိုင်ငံတွေမှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာ ကဏ္ဍ ၂ ခုကို ဆောင်ရွက်နေရပါတယ်။ တစ်ဖက်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရသလို၊ တစ်ဖက်ကလည်း မြေယာသိမ်းဆည်းမှုကိစ္စတွေကို ဖြေရှင်းနေရပါတယ်။

ခေတ်အဆက်ဆက်က လယ်ယာမြေသိမ်းဆည်းမှုတွေက နိုင်ငံအပေါ်မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်လာပါတယ်။ ဒါကြောင့် လွှတ်တော်ကော်မတီတွေကို အများဆုံးရောက်ရှိတဲ့ တိုင်ကြားစာတွေက မြေယာသိမ်းဆည်းမှုကိစ္စတွေပဲဖြစ်ပါတယ်။ ဒါကိုလည်း မှန်မှန်ကန်ကန်နဲ့ ဖြေရှင်းဆောင်ရွက် ပြီးပြတ်နိုင်ရေးကို အားလုံးက ဆောင်ရွက်နေပါတယ်။

တောင်သူလယ်သမားတွေဘက်ကလည်း လိုအပ်ချက်တွေ ရှိပါတယ်။ တိုင်ကြားစာ တစ်စောင်ရေးတဲ့အခါ အချက်အလက် ပြည့်ပြည့်စုံစုံ မဖော်ပြနိုင်ဘူး။ စိတ်ခံစားချက်တွေနဲ့ ရေးတယ်။ နိုင်ငံတော်အစိုးရအကြီးအကဲတွေရဲ့ အဆိုအမိန့်တွေကို ရေးတယ်။ ၁၈၉၄ မြေသိမ်းဥပဒေတွေကို ကိုးကားရေးတယ်။ ၂၀၁၂ လယ်ယာမြေဥပဒေကို ကိုးကားရေးတယ်။ မြေသိမ်းမှု ၅၂ ချက်ကို ကိုးကားရေးတယ်။ တချို့တောင်သူလယ်သမားက ဒီဥပဒေရေးရာကိစ္စရပ်တွေကို တော်တော်ကို နားလည်တယ်။ နှစ်ပေါင်းများစွာ သူတို့ လယ်ယာမြေတွေ အသိမ်းဆည်းခံရတော့ ဒီလယ်ယာမြေတွေ ပြန်လည်ရရှိရေးအတွက် ဆက်စပ်တဲ့ ဥပဒေတွေကို သူတို့ အများကြီးလေ့လာခဲ့တယ်။ ဒါပေမယ့် ရေးတဲ့အခါ သူတို့ စိတ်ခံစားချက်တွေနဲ့ ရေးတဲ့အတွက် စာတွေက ရှည်သွားတယ်။

သူတို့ သိမ်းဆည်းခံရတဲ့ မြေကို ပိုင်ဆိုင်တဲ့ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ တင်ပြရမယ့် အပိုင်းမှာ အားနည်းသွားပါတယ်။ အဲဒါမျိုးတွေက ကော်မတီအနေနဲ့ စိစစ်သုံးသပ်ဆောင်ရွက်ရတာ ခက်ခဲသွားပါတယ်။ သူတို့ဆီကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ ပါလာရင်တော့ ကော်မတီက ပြန်ဆက်သွယ်ပြီး မြေသိမ်းဆည်းခံရမှုနဲ့ စပ်လျဉ်းတဲ့ ပြေစာလေး တစ်စောင်ပူးတွဲတင်ပေးဖို့ တောင်းခံရပါတယ်။

ဆိုလိုချင်တာက လယ်သမားတွေဘက်ကလည်း လိုအပ်ချက်ကလေးတွေ ရှိတယ်။ ကော်မတီဘက်က ဖြေရှင်းဆောင်ရွက်တဲ့ အပိုင်းမှာလည်း အားနည်းချက်တွေ၊ နည်းနည်းနှောင့်နှေးတာလေးတွေ ရှိပါတယ်။ ကော်မတီရဲ့ တာဝန်ထဲက တစ်ခုဖြစ်တဲ့ ၂၀၁၂ လယ်ယာမြေဥပဒေ ပြန်လည်ဆွေးနွေးတဲ့အခါ တောင်သူလယ်သမားသမဂ္ဂတွေ၊ တောင်သူလယ်သမားအသင်းအဖွဲ့တွေ ပေါ်ပေါက်ဖို့အတွက် သီးခြားဥပဒေတစ်ရပ် လိုတယ်ဆိုပြီး ကျွန်တော်ကိုယ်တိုင် ဆွေးနွေးခဲ့ပါတယ်။ အခုဆိုရင် အလုပ်သမားအသင်းအဖွဲ့တွေရဲ့ ခေါင်းစဉ်အောက်က တောင်သူလယ်သမားအသင်းအဖွဲ့တွေကို ဖွဲ့နေပါပြီ။

ဒီလို ဖွဲ့တဲ့နေရာမှာ ကျေးလက်မှာဆိုရင် လူဦးရေ ၃၀ ပါတဲ့ ကျေးလက်အဖွဲ့တွေက စဖွဲ့မယ်။ အဲဒီလို အစုအဖွဲ့တွေများလာတဲ့အခါ မြို့နယ်အဖွဲ့တွေ ဖွဲ့မယ်။ ခရိုင်အဖွဲ့တွေ ဖွဲ့မယ်။ အခုဥပဒေမှာလည်း ဒါတွေကို ထည့်သွင်းထားပြီဖြစ်ပါတယ်။ ဒါတွေက တကယ်လည်း အရေးကြီးပါတယ်။ နည်းဥပဒေမှာ ပြဋ္ဌာန်းလိုက်ရင် တောင်သူလယ်သမားအသင်းအဖွဲ့တွေအနေနဲ့ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းလို့ရမှာ ဖြစ်ပါတယ်။

အလုပ်သမားနဲ့ တောင်သူလယ်သမားဆိုတာက သဘောသဘာဝချင်းလည်းမတူဘူး။ အလုပ်သမားက လစာ၊ ရိက္ခာရတယ်။ အချိန်အကန့်အသတ် ရှိတယ်။ တောင်သူလယ်သမားဆိုတာက ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြရတာ၊ နေ့မအိပ် ညမအိပ်လုပ်လို့လည်းရပါတယ်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် သီးနှံထွက်ရှိမှုအပေါ်မှာ အကျိုးစီးပွားခံစားရတာ ဖြစ်ပါတယ်။

သဘောသဘာဝချင်း မတူဘူး။ အဲဒါကို အလုပ်သမားခေါင်းစဉ်အောက်က တောင်သူလယ်သမားအစုအဖွဲ့တွေ ဖွဲ့နေရတာ အဆင်မပြေပါဘူး။ အဲဒါကို ကျွန်တော်တို့ ဆွေးနွေးတဲ့အခါ တောင်သူလယ်သမားအသင်းအဖွဲ့တွေ ဖွဲ့စည်းဖို့အတွက် နည်းဥပဒေတစ်ခုနဲ့ ပေါ်လာတော့မှာ ဖြစ်ပါတယ်။

အကျိုးကျေးဇူးတွေလည်း ရရှိလာတော့မှာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့ သွားနေတာက ဒီမိုကရေစီပါ၊ ဒီမိုကရေစီနိုင်ငံဆိုရင် ဒီမိုကရေစီရဲ့ သဘောသဘာဝကိုက အချုပ်အခြာအာဏာဆိုတာ ပြည်သူ့လက်ထဲမှာ ရှိပါတယ်။ အားလုံးပူးပေါင်းပါဝင်ဖို့လည်း လိုပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အစိုးရအဖွဲ့ တစ်ဖွဲ့တည်း ကောင်းရုံနဲ့ မရပါဘူး။ အားလုံးသော ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသားတွေက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာမှ အောင်မြင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးလုပ်တဲ့သူတွေက နည်းနည်းလေးပဲ ရှိပါတယ်။ ဒီနိုင်ငံရေးထဲမှာ ပြည်သူတွေ ပါဝင်လာဖို့ဆိုတာ ဘယ်လိုပုံစံနဲ့ ပါဝင်လာမလဲ။

တောင်သူလယ်သမားက သူ့အကျိုးစီးပွားအတွက် တောင်သူလယ်သမားအဖွဲ့တွေ ဖွဲ့မယ်။ အလုပ်သမားတွေက အလုပ်သမား အကျိုးစီးပွားအတွက် အလုပ်သမားအဖွဲ့တွေ ဖွဲ့မယ်။ ဒီလိုပဲ အားလုံးဟာ သူ့အကျိုးစီးပွားအတွက် အကြောင်းပြုပြီး သူ့သက်ဆိုင်ရာ အစုအဖွဲ့တွေက ဒီနိုင်ငံရေးထဲမှာ ပါဝင်လာမယ်။ ဒါမှ အားလုံးပါဝင်တဲ့ သရုပ်က ပေါ်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အသင်းအဖွဲ့တွေ၊ တောင်သူလယ်သမားသမဂ္ဂတွေ ပေါ်ပေါက်ရေးက အရေးကြီးပါတယ်။ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားရှိတဲ့ အတွက်ကြောင့် ကိုယ်ကျိုးစီးပွားနဲ့ ဆက်စပ်ပြီး နိုင်ငံရေးအပေါ်မှာ အာရုံဝင်စားလာမယ်။ နိုင်ငံရေး နဲ့ဆက်စပ်ပြီး အကျိုးစီးပွားတွေကို ဖော်ဆောင်လို့ ရလာမယ်။ ဒါကြောင့် တောင်သူလယ်သမားအသင်းအဖွဲ့တွေနဲ့ သမဂ္ဂတွေ ပေါ်ပေါက်လာရေးက အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရှေးရှုပြီး ကော်မတီရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် မူဘောင်တွေကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ တတ်စွမ်းသမျှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**မုံရွာ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Stakeholders' Meeting တွင် အကြိုကျင်းပသော အကျိုးသက်ဆိုင်သူများ အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယခု ပြုလုပ်သည့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ၂၄ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမမှာ ကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းသည့်ပွဲ ဖြစ်ကြောင်း၊

မိမိတို့တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ပေါ်ပေါက်လာပြီးနောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၄ ခု အတည်ပြုမိန့် ထုတ်ပေးနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀၆၂ သန်းအပါအဝင် မြန်မာကျပ်ငွေ ၄၀၃၆၄ သန်းခန့် လာရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးအတွက် စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ မုံရွာမြို့နှင့် ကလေးမြို့တို့တွင် SMEs လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပေးခြင်း၊ ၂၀၁၉ ခုနှစ် နေပြည်တော်တွင် ကျင်းပခဲ့သည့် Investment Myanmar Summit နှင့် Myanmar Global Investment Forum ပွဲများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပြသနိုင်ခဲ့သဖြင့် စစ်ကိုင်းဆိပ်ကမ်းနှင့် မြို့ပြဖွံ့ဖြိုးမှု စီမံကိန်း၊ ကလေးဝမြို့၌ရှိသည့် ကျောက်မီးသွေး၊ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ၊ ကလေးမြို့ အင်ဒိုင်းကြီး၌ရှိသော ဘိလပ်မြေစက်ရုံ စီမံကိန်းများ တိုင်းဒေသကြီးအတွင်းမှာ ပေါ်ပေါက်ရန် အခွင့်အလမ်းများ ဖြစ်လာကြောင်း ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုပြပွဲကို နှစ်ရက် ပြုလုပ်မည်ဖြစ်သောကြောင့် လာမည့် မတ် ၂၃ ရက်တွင် Presentation များ၊ Panel Discussion များ၊ အမေးအဖြေများကို ကဏ္ဍအလိုက် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှု ပြခန်းများ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်သည့် အရည်အသွေးရှိသော ထုတ်ကုန်ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် စိတ်ဝင်တစားရှိသော စီးပွားရေး လုပ်ငန်းရှင်များနှင့် Business Matching များပြုလုပ်မည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် Site Visit လှည့်လည် ကြည့်ရှုမည် ဖြစ်ကြောင်း၊ ပြခန်းပြလိုသူများ၊ Business Matching တွင် ပါဝင်လိုသူများ အနေဖြင့် DICA Monywa ရုံးသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**





မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲ ထားဝယ်မြို့၌ ကျင်းပစဉ်။

# မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲ ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တနင်္သာရီတိုင်းဒေသကြီးရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများပါဝင်သော မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ထားဝယ်မြို့ Diamond Crown Hotel ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင်က ဒေသအတွင်းမှာရှိသော သတင်းမီဒီယာများအနေဖြင့် ပြည်သူများ သတင်းအမှန်များကို သိရှိနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေသော အခြေအနေများ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာသမားများသိရှိပြီးဖြစ်သော သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်နေမှုများကို အပြန်အလှန်သုံးသပ် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများသည် မိမိတို့၏ လုပ်ဆောင်ချက်မှန်ကန်မှုတကြောင်း၊ အများပြည်သူအကျိုးစီးပွားကို အခြေခံကြောင်းနှင့် တရားဝင်ဖြစ်ကြောင်းကို ဖော်ထုတ်ပြသရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ဒေသအတွင်းမှာရှိသော သတင်းမီဒီယာများအနေဖြင့် ပြည်သူများ သတင်းအမှန်များကို သိရှိနိုင်ရေးကို ရှေးရှုသော၊ အပြုသဘောဆောင်သော ဆွေးနွေးပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) နှင့် တာဝန်ရှိသူတို့က မဏ္ဍိုင်ကြီးသုံးရပ်၏ ဆောင်ရွက်ချက်များအား တည့်မတ်မှန်ကန်စေရန် သတင်းမီဒီယာများက ရေးသားဖော်ပြပေးနေမှုများအကြောင်းနှင့် သတင်းမီဒီယာ အခန်းကဏ္ဍအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး မဏ္ဍိုင်လေးရပ် တွေ့ဆုံညှိနှိုင်းပွဲကနေပြီး အားနည်းချက်၊ အားသာချက်များကို ပေါင်းစပ်ဆွေးနွေးပြီး ထောက်ပြ အသိပေးမည်ဆိုလျှင် ကောင်းမွန်သော ရလဒ်တစ်ခု ထွက်ပေါ်လာမည်ဟု ယူဆကြောင်း၊ တရားဥပဒေပြုရေးဆိုင်ရာကဏ္ဍများအကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကဏ္ဍများတွင် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များအား ထုတ်ပြန်ပေးနိုင်ရေး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သတင်းမီဒီယာများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုများ အကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာများက မေးမြန်းဆွေးနွေးသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေးဆိုင်ရာကဏ္ဍများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# (၇၂)နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနား ဘားအံ၌ ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် (၇၂) နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သဘာပတိကြားတောရဆရာတော် အရှင်စန္ဒာဝရက ဆုံးမသြဝါဒကထာ မြွက်ကြား၍ ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကရင်အမျိုးသားနေ့ ကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်က ကရင် အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို ဖတ်ကြားကာ ကရင်အမျိုးသားအစည်းအရုံး (KNU)တပ်မဟာ(၇) တပ်မဟာမှူး စောဖောဒိုက သမိုင်းတစ်လျှောက် ကရင်အမျိုးသားများ ရုန်းကန်လှုပ်ရှား လာခဲ့ရပုံများနှင့်



(၇၂)နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနား ဘားအံ၌ ကျင်းပစဉ်။

ကရင်အမျိုးသားနေ့ ပေါ်ပေါက်လာခဲ့ပုံ အကြောင်းကို ပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

(၇၂)နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ကရင်အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုးကြားရေး၊ သမိုင်းအစဉ်အလာကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ အမျိုးသားနိုင်ငံရေး တည်ဆောက်ရာတွင် ကျရာ အခန်းကဏ္ဍမှ ပါဝင်လာစေရေးအတွက် ဦးတည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း ဆက်သွယ်ရေး ဆောင်ရွက်နေမှုများ ဆွေးနွေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၁**

ကယားပြည်နယ်အတွင်း Telenor Myanmar Limited မှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံခြင်းကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

Telenor Myanmar မှ တာဝန်ရှိသူတစ်ဦးက ကယားပြည်နယ်အတွင်း လုပ်ငန်းဆောင် ရွက်ခဲ့မှုများ၊ ဆက်သွယ်ရေးဝန်ဆောင်မှု ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ 2G, 3G, 4G LTE ကွန်ရက် အသုံးပြုမှုများနှင့် အင်တာနက်အသုံးပြုမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဆက်သွယ်ရေးတာဝါတိုင်များအတွက် လိုအပ်သည့် စွမ်းအင်ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် သွယ်ယူခွင့်ရရှိနိုင်ရေးနှင့် ပြည်နယ်အတွင်းရှိ အချို့ ဆက်သွယ်ရေး တာဝါတိုင်များ၏ လုပ်ငန်းဆောင်ရွက်မှု ခက်ခဲနေသည့် အခြေအနေများ၊ လွိုင်ကော်လေဆိပ်အတွင်း In Base Station တပ်ဆင် ဆောင်ရွက်လိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆက်သွယ်ရေးတာဝါတိုင်များအတွက် လိုအပ်သည့် စွမ်းအင်အား မဟာဓာတ်အားလိုင်းမှ သွယ်ယူရရှိနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်၍ အခြေအနေများ ပြန်လည်တင်ပြပေးရန်ဖြစ်ပြီး ပြည်နယ်အတွင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး အခက်အခဲများ ပေါ်ပေါက်ပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထွန်းလေး**

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာအုပ်၊ စာစောင် ခင်းကျင်းပြသ

**တာမိုးညဲ ဖေဖော်ဝါရီ ၁၁**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မူဆယ်ခရိုင် တာမိုးညဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အဆိုပါခင်းကျင်းပြသထားသည့် ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် စာအုပ်၊ စာစောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိများ၊ အထွေထွေဗဟုသုတစာအုပ်၊ စာစောင်များနှင့် အခြားစာအုပ်၊ စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး တာမိုးညဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးကြည်က ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောခဲ့ကြောင်းသိရသည်။ **ဆလိုင်းဖန်ရိုးထန်(ပြန်/ဆက်)**

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ၆၅ ခုမြောက် ဘဏ်ခွဲ ဟားခါး၌ ဖွင့်လှစ်

**ဟားခါး ဖေဖော်ဝါရီ ၁၁**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ဟားခါးဘဏ်ခွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ ကျင်းပရာ အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ အနောက်မြောက်တိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးတင့်နိုင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အင်းဝဘဏ်လီမိတက် ဟားခါး ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တက်ရောက် လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ဟားခါး ဘဏ်ခွဲသည် ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေး ဆောင်ရွက် ပေးထားသော ဘဏ်ခွဲဖြစ်ပြီး အမှတ် (၁၅၀) ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းထောင့် မြို့သစ်ရပ်ကွက် ဟားခါးမြို့ ချင်းပြည်နယ်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ စာရင်းသေ အပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြား အလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ယခု ဖွင့်လှစ်လိုက်သော ဟားခါးဘဏ်ခွဲ သည် အင်းဝဘဏ်လီမိတက်၏ ၆၅ ခုမြောက် ဘဏ်ခွဲဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အင်းဝဘဏ်လီမိတက် ဟားခါးဘဏ်ခွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၂၀(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၄၀ - **"၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"**
- ၇:၄၀ - "ပြည်ထောင်စုအမွေပင်လုံမြေ"
- ၉:၁၅ - **"၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား (ပင်လုံ) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"**
- ၁၁:၀၀ - "ခွင့်တူညီမျှ ဝါဒဖြူစင် Federalism" (အပိုင်း-၄)
- ၁၂:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ

**ညပိုင်း**

- ၁၆:၂၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
- ၁၇:၀၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "အချစ်ဖြင့်လွမ်းစေ" (ဒေါင်း၊ ပိုင်ဖြိုးသု၊ အိန်ဂျယ်လမုန်) (ဒါရိုက်တာ-နေသန်မောင်)
- ၁၇:၃၅ - MRTV Travelogue "သဘာဝရဲ့ အလှတရားများဆီသို့" (အပိုင်း-၆)
- ၁၈:၅၀ - "စည်းလုံးခြင်းသည် အင်အား"
- ၁၉:၁၅ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
- ၁၉:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း-၄)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
  - "ပြည်ထောင်စုအမွေပင်လုံမြေ"
  - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုရုပ်ရှင် "နေခြည်ဖြာမှ နွေးသော်ကြောင့်" (အောင်လွင်၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-စံရွှေမောင်)

# စီဘီဘဏ်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ဘဏ်မှ ငွေကျပ်သိန်း ၆၀၀ ခန့် လုယူထွက်ပြေးသွားသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ စီဘီဘဏ်၌ ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ဘဏ်မှငွေကျပ်သိန်း ၆၀၀ ခန့် လုယူထွက်ပြေးသွားသူအား ယနေ့ ည ၆ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၅)ရပ်ကွက် ပင်လုံလမ်းနှင့် အဏ္ဏဝါလမ်းသွယ်ထောင့် အမှတ် (၁၂၁၇) ရှိ စီဘီဘဏ်၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အမျိုးသားတစ်ဦးက ဘဏ်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်ကာ ဗုံးဟုယူဆရသော အရာဝတ္ထုကို ချထားခဲ့ပြီး ငွေကျပ်သိန်း ၆၀၀ ခန့် လုယူထွက်ပြေးမှု ဖြစ်ပွားခဲ့သဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုအား ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ စုံစမ်းစစ်ဆေး ပေါ်ပေါက်ချက်အရ လည်းကောင်း၊ တာဝန်သိပြည်သူများ၏ သတင်း ပေးချက်အရလည်းကောင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အင်ကြင်းမြိုင်လမ်း အမှတ် (၃၃) ရပ်ကွက်နေ ပြစ်မှုကျူးလွန်သူ စိုးကျော်ကျော် ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် YGN 5K/ ပရိဘောဂ်ယာဉ်၊ လုယက်သွားသော မြန်မာငွေကျပ် သိန်း ၃၇၀ ကျော်၊ လုယူငွေများဖြင့် လဲလှယ်ထားသော အမေရိကန်ဒေါ်လာ ၇၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်သူ စိုးကျော်ကျော်မှာ အရေးကြီး ငွေလိုအပ်နေသည့်အတွက် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကာ သေနတ်အတု၊ ဗုံးအတုတို့ဖြင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ အများပြည်သူများ အနေဖြင့်လည်း စိုးရိမ်ထိတ်လန့်ဖွယ်ရာမရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ငွေကျပ်သိန်း ၄၂၈၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ကျောက်ဆည်မြို့နယ်တွင် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁ နာရီခွဲက ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း ကျောက်ဆည်မြို့ရှောင်လမ်းဘေးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်နှင့် ယာဉ်အနီးမှ တန်ဖိုးငွေကျပ်သိန်း ၄၂၈၅၀ ရှိ ဘိန်းဖြူ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်းရပ်ကွက် အမှတ်(၂)လမ်းနှင့် ပိတောက်လမ်းထောင့်တွင် လီးဟားမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ၂ ဒသမ ၃၈ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ယာဉ်ကို တွေ့ရစဉ်။



## စိတ်ပညာမိသားစု၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား/ကျောင်းသူများ မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

(၂၇)ကြိမ်မြောက် စိတ်ပညာမိသားစု၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသား/ကျောင်းသူများ မိတ်ဆုံညစာစားပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် လုပ်သားများကောလိပ်တို့မှ စိတ်ပညာအဓိကဖြင့် သင်ကြားခဲ့သော ကျောင်းသား/ကျောင်းသူများ အသုံးချစိတ်ပညာနှင့် လူမှုရေးပညာဒီပလိုမာသင်တန်း တက်ရောက်ခဲ့သူ ကျောင်းသား/ကျောင်းသူများအားလုံး ပါဝင်ဆင်နွှဲရန် အသိပေးနှိုးဆော် အပ်ပါသည်။

(က) **အာစရိယပူဇော်ပွဲအစီအစဉ်**

(က) **ကျင်းပမည့်နေ့ရက်** - ၂၃-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
(ခ) **ကျင်းပမည့်အချိန်** - နံနက် (၉:၀၀) နာရီ
(ဂ) **ကျင်းပမည့်နေရာ** - ပန်ဒါဟိုတယ်(၁၂)လွှာ၊ ပတ္တမြားခန်းမ၊ ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်း ထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

(ခ) **မိတ်ဆုံညစာစားပွဲအစီအစဉ်**

(က) **ကျင်းပမည့်နေ့ရက်** - ၂၃-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
(ခ) **ကျင်းပမည့်အချိန်** - ညနေ (၆:၀၀) နာရီ
(ဂ) **ကျင်းပမည့်နေရာ** - သစ်ပုတ်ပင်မြက်ခင်းပြင်၊ ရန်ကုန်တက္ကသိုလ်။

အထက်ပါအခမ်းအနားများအတွက် အလှူငွေများကို ဒေါက်တာနီလာကြူ ပါမောက္ခ/ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၂၀၁၂၅၂၃၊ ဒေါက်တာသန်းအောင်ထွေး ပါမောက္ခ/ဌာနမှူး၊ စိတ်ပညာဌာန၊ ဒဂုံတက္ကသိုလ် ဖုန်း-၀၉-၇၆၆၁၂၇၃၀၁၊ ဒေါက်တာထားထားခင် ပါမောက္ခ/ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဖုန်း-၀၉-၂၅၄၃၈၆၇၀၃၊ ဒေါက်တာဥမ္မာခိုင် ပါမောက္ခ/ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဖုန်း-၀၉-၂၅၀၇၁၄၇၇၅၊ ဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဦးကျော်ကျော် ဖုန်း-၀၉-၅၀၁၉၅၀၀၊ ဦးလှမြင့် ဖုန်း-၀၉-၂၅၀၄၁၇၈၁၈၊ ဒေါက်တာတင်မာစမ်း ဖုန်း-၀၉-၄၂၁၀၉၈၅၂၀၊ ဒေါက်တာချိုချိုစမ်း ဖုန်း-၀၉-၄၂၀၀၈၈၉၁၆၊ ဒေါက်တာသန်းချိန် ဖုန်း-၀၉-၄၂၉၂၇၄၇၂၄၊ ဦးလှအေး ဖုန်း-၀၉-၄၂၉၅၉၂၂၈၀၊ ဦးအောင်နိုင် ဖုန်း-၀၉-၅၅၀၅၅၀၅၊ ဦးကျော်မိုးလွင် ဖုန်း-၀၉-၉၆၅၁၂၉၈၆၄ နှင့် ဦးကံဝင်း ဖုန်း-၀၉-၅၁၅၅၆၆၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**စိတ်ပညာမိသားစုအာစရိပူဇော်ပွဲနှင့်**
**ကျောင်းသား၊ ကျောင်းသူများညစာစားပွဲဖြစ်မြောက်ရေးကော်မတီ**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းရပ်ကွက်၊ ရာဇဌာနီလမ်းနေ
ဦးလှိုင်ထွန်း-ဒေါ်အောင်မြတ်မူ (အောင်လှိုင်ထွန်း၊ စိန်ရွှေရတနာရွှေဆိုင်)တို့၏သားငယ်

**မောင်ဇွဲအောင်လှိုင်ထွန်း**

**A.G.T.I Electrical Power Dip in Network Engineering UK, B.A Geog:**
**Managing Director (Aung Hlaing Tun Family Co.,Ltd)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ကျောင်းလမ်းနေ
ဒုရဲမှူးငွေသိမ်း(ငြိမ်း)-ဒေါ်နွဲ့နွဲ့စန်းတို့၏ တစ်ဦးတည်းသောသမီး

**မအေးသူဇာသိမ်း**

**B.C.Sc (Hons:).M.C.Sc (Thesis)**
**Master of Arts in Economic (International University of Japan)**
**ဦးစီးအရာရှိ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

တို့၏ ၂-၂-၂၀၂၀ ရက်တွင် နေပြည်တော်၊ ပျဉ်းမနား မင်္ဂလာဗျူဟာသာသနဗိမ္မာန်တော်ကြီး၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာရွှေရင်ထိုး ချီးမြှင့်ပေးပါသော ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)နှင့် ဇနီး ဒေါ်နန်းကြာယုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးရန်လင်း (ပြည်သူ့လွှတ်တော်- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်အေးအေးမာ (ဒုတိယညွှန်ကြားရေးမှူး) စိုက်ပျိုးရေးဦးစီးဌာန(ငြိမ်း)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးဆန်းမြင့် (ညွှန်ကြားရေးမှူးချုပ်) (ဗဟိုစာရင်းအင်း အဖွဲ့)(စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်အိအိအောင်အားလည်းကောင်း ကြွရောက်ချီးမြှင့်ပေးပါသော ဦးသန်းထွန်း (အဖွဲ့ဝင်-ပြည်ထောင်စုရာထူးဝန်အဖွဲ့)နှင့် ဇနီး ဒေါ်အေးအေးမူ၊ ဦးအောင်မြင့်ထွန်း(နေပြည်တော်ကောင်စီဝင်)နှင့် ဇနီး ဒေါ်မီမီသက် တို့အားလည်းကောင်း၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့၍ ချီးမြှင့်ပေးပါသော အမြဲတမ်းအတွင်းဝန်များနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများအားလည်းကောင်း အခမ်းအနားမှူး ဦးသန်းမျိုးထိုက် (တရားလွှတ်တော်ရှေ့နေ)၊ မင်္ဂလာအခါတော်ပေး ရွှေတံဆိပ်ဆုရှင် မဏိသာနှင့် စောင်းအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မမျိုးသိင်္ဂီမြင့်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မနန်းကျန်စီ၊ မင်္ဂလာလက်စွပ်နှင့် ရွှေရင်ထိုး ကိုင်ဆောင်ပေးပါသော မဆွေဦးမွန်၊ မင်္ဂလာသတို့သားအရံအဖြစ် ကူညီပေးပါသော ကိုနိုင်မျိုးအောင်နှင့် ကိုကောင်းထက်ဇော်တို့အား လည်းကောင်း၊ သတို့သမီးအရံအဖြစ် ကူညီပေးပါသော မစိုးစန္ဒာထွန်းနှင့် မအိသူဇာမျိုးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ မိတ်ကပ်နှင့် လက်ဝတ်ရတနာ ထက်ထက်နှင့်အဖွဲ့ Photo And Video ကိုသိန်းသန်းစိုးနှင့်အဖွဲ့၊ (Amazing Studio) အခမ်းအနား အပြင်အဆင် ဦးကိုဦး(ငြိမ်းချမ်းနှင့်အဖွဲ့)၊ မင်္ဂလာပွဲပြီးသည်အထိ မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ကိုဇွဲအောင်လှိုင်ထွန်း - မအေးသူဇာသိမ်း**

## အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးအုပ်စု ဆယ်ဇင်း အထက စတုတ္ထတန်း (A)မှ မသီရိမြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်နေလင်း ၅/ယမပ(နိုင်)၁၅၄၅၀၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးအောင်ဇော်ထွန်း၏သမီး အထက (၂)အင်းစိန် နဝမတန်းမှ မဆုလဒ်ထွန်း၏ အမည်မှန်မှာ မဆုလာဒ်ထွန်း ဖြစ်ပါကြောင်း။

**မဆုလာဒ်ထွန်း**


## တစ်ချက်တည်းကျင်းဝင်

ဦးသန့်ဘော်ဦး (GS289)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာတွင်း၌ (၃၀-၁-၂၀၂၀) ရက် ၁၆:၃၀ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)၌ (၁၄၀)ကိုက်အကွာမှ Titleist 3 ဘောလုံးကို mizuno-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးအောင်ဇော်စိုး၊ ဦးနေမျိုးသောင်း၊ ဦးကျော်စိန်တို့အတူ ကစားလျက်ရှိပါကြောင်း။

## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ်ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅
ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇
ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀

ယခင်နေ့မှအဆက်-

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁၀၃ | အဘွားဒေါ်လှဝင်း၏ (၆၁)နှစ်ပြည့် မွေးနေ့အတွက် ကိုဘိုဘို-မနန်းသန္တာထွန်းမိသားစု ချမ်းသာရတောင်ပိုင်း၊ မန္တလေး | 100000 |
| ၁၀၄ | ဒေါ်ကြည်ကြည်လတ် ဒေလီယာလမ်းသွယ် မြို့သစ်၊ အမှတ်(၁)ရပ်ကွက်၊ မန္တလေး | 100000 |
| ၁၀၅ | ကိုသာထူး-မစန်းစန်းဝေ သမီး-မနန္ဒာ ဒေလီယာလမ်းသွယ် မြို့သစ်၊ အမှတ်(၁)ရပ်ကွက်၊ မန္တလေး | 100000 |
| ၁၀၆ | ဦးသိန်းမောင်-ဒေါ်လှအားရည်စူး၍ ဒေါ်လှလှအေးမိသားစု ခင်ထဲကျေးရွာ မိတ္ထီလာမြို့ | 100000 |
| ၁၀၇ | ဦးတင်မောင်-(ဒေါ်ဖွားလှိုင်)သား(ဦးကျော်ငွေ)တို့အားရည်စူး၍ ဒေါ်စန်းမြိုင်ကျောက်မီး-တံတိုင်းရှည်၊ မင်္ဂလာရွာ | 100000 |
| ၁၀၈ | ကိုဘုန်းကျော်-မမြင့်မြင့်မော်သား မောင်သွန်းထက်ဝေ ၈၄လမ်း၊ ၃၇x၃၈ကြား ဝက်သားလုံးဆိုင် | 100000 |
| ၁၀၉ | ဦးတင်လှ-ဒေါ်ရှန်းခင်တို့အားရည်စူး၍ ဒေါ်ရွှေနိုင်မိသားစု ခရေ(၁)သီရိမင်္ဂလာတိုက်တန်း သီရိမင်္ဂလာအရှေ့၊ မန္တလေး | 100000 |
| ၁၁၀ | ဦးမောင်အေး-ဒေါ်မို့မို့မိသားစု ခေတ္တထိုင်းနိုင်ငံ | 100000 |
| ၁၁၁ | ဆရာမဒေါ်ခင်ရှိန်(၇၅)နှစ်ပြည့် မွေးနေ့ကုသိုလ် မြသီတာရပ် ဟိုပင်မြို့ | 100000 |
| ၁၁၂ | ကွယ်လွန်သူ မိဘများအားရည်စူး၍ ဦးတင်ငွေ-ဒေါ်မြင့်မြင့်အေး(အမှတ် ၈၀) ၇၂၊ ၃၁လမ်းထောင့် ရန်မျိုးလုံရပ်၊ မန္တလေး | 100000 |
| ၁၁၃ | ဒေါ်မြင့်၏အသက်(၈၀)ပြည့်မွေးနေ့အလှူ တောင်ကြီး၊ ရပ်စောက်၊ ရှမ်းပြည်နယ် | 100000 |
| ၁၁၄ | ဦးကျော်-ဒေါ်တင်သန်း ကျောက်ဆည်မြို့ | 100000 |
| ၁၁၅ | ဦးတင်ဝင်း-ဒေါ်နိုင်နိုင်မော်ရွှေထိပ်တန်းမိသားစု ကျောက်ဆည်မြို့ | 100000 |
| ၁၁၆ | ဦးမြစံ-ဒေါ်ခင်လှိုင် ကြံတိုင်းအောင်မိသားစု ကျောက်ဆည်မြို့ | 100000 |
| ၁၁၇ | ဒေါ်လှပိုင် မိသားစု ကျောက်ဆည်မြို့ | 100000 |
| ၁၁၈ | သမီးလေး-သန့်သဒ္ဒါထွန်း(၁၄)နှစ်ပြည့် မွေးနေ့အလှူ မြို့သစ်၊ ၇၁လမ်း၊ မနော်ဟရီ၊ မန္တလေး | 100000 |
| ၁၁၉ | ဦးချစ်စိန်အားရည်စူး၍ ဒေါ်ပဲမိသားစု ထိပ်ထားစတိုး၊ အီကင်းရပ်၊ မန္တလေး | 100000 |
| ၁၂၀ | ဦးစိုးမြင့်-ဒေါ်ဝင်းသမီး မထားထားလှိုင် သားကိုထွန်းထွန်းဝင်း စုလှိုင် အထည်ဆိုင်မိသားစု ဈေးချိုပလာဇာ မန္တလေး | 100000 |
| ၁၂၁ | ဦးစိုးအောင်-ဒေါ်မိုးစန္ဒာမိသားစု ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ် | 100000 |
| ၁၂၂ | ဦးတွတ်-ဒေါ်ခင်မိ သားကိုအောင်ဆန်းလင်း၊ သမီး မအေးအေးသန်းမိသားစု အမရပူရမြို့နယ်၊ တပ်ကြီးရွာ | 100000 |
| ၁၂၃ | ဖခင်ကြီး ဦးပေါစံအား ရည်စူး၍ မိခင်ကြီး ဒေါ်သီအား အမှူးထား၍ သမီး ဒေါ်စုစုစံ၊ မြေး မောင်မောင်စံ၊ မောင်လင်းထက်စံ၊ မသီရိစံမိသားစု မန္တလေး | 100000 |
| ၁၂၄ | မိဘနှစ်ပါးနှင့်အစ်မကြီးအား ရည်စူး၍ ဦးမင်းအောင်-ဒေါ်သီတာအေးမိသားစု ရွာလယ်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး | 100000 |
| ၁၂၅ | နှစ်ဖက်မိဘများနှင့် ဦးဉာဏ်စိန်အားရည်စူး၍ ဒေါ်သန်းသန်းဆွေနှင့်သားသမီးမြေးတစ်စု ရန်ကုန် | 100000 |
| ၁၂၆ | နှစ်ဖက်မိဘများအားအမှူးထား၍ ဒေါ်မြရှိန် သားကိုခိုင်စိုးဝင်း၊ သမီးမရွှန်းလဲ့သီ၊ မြေး မအိမ့်မှူးမေမိသားစု မန္တလေး | 100000 |
| ၁၂၇ | ဦးကျော်စိန်-ဒေါ်အုန်းကြည်တို့အားရည်စူး၍ သမီးဒေါ်မိုးရီ အသက်(၄၇)နှစ်ပြည့်မွေးနေ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွှေလင်းဆွဲရွာ | 100000 |
| ၁၂၈ | မချိုချိုအောင်ကျော် မွေးနေ့အလှူ အောင်တော်မူရပ်၊ ၆၅လမ်း၊ ၂၆x၂၇ကြား၊ မန္တလေး | 100000 |
| ၁၂၉ | ဒေါ်ရှမ်းကြည်အားရည်စူး၍ ညီမ-ဒေါ်လှမြင့် မိသားစု မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် | 100000 |
| ၁၃၀ | ဦးမောင်မောင်စိမ်း မန်နေဂျာနှင့် ရုပ်ရှင်ရုံဝန်ထမ်းများကောင်းမှု မင်္ဂလာစံပြ အဆင့်မြင့်ရုပ်ရှင်ရုံမကွေးမြို့ | 100000 |
| ၁၃၁ | မိဘနှစ်ပါးအမှူးထား၍ မွေးနေ့အလှူတော် မသဲမာမြင့်၊ မခေါက်ရွာ၊ ရွှေဘိုမြို့နယ် | 100000 |
| ၁၃၂ | ဦးဥက္ကာ-ဒေါ်ရင်ရင်သီ သား ကိုဖြိုး-မချိုမီ မြေး-မောင်မင်းအဂ္ဂ၊ မောင်သုခဉာဏ်၊ ရွှေဖူးသစ်၊ တိုင်းရင်းဆေး မိသားစု အမှတ်(၁၂၆)၊ ၇၇x၇၈ကြား၊ ရတနာလမ်းသွယ်/အမရဌာနီအရှေ့၊ မန္တလေး | 100000 |
| ၁၃၃ | ဒေါ်သန်းသန်း တူ-ဒေါက်တာမင်းလင်းသော်-မအေးအေးသန်း မိသားစု အောင်မြေသာစံမြို့နယ်၊ မန္တလေး | 100000 |
| ၁၃၄ | ဦးရွှေ-ဒေါ်အမာမိသားစု မြစ်ငယ်မြို့ | 100000 |
| ၁၃၅ | ဦးအောင်ကြွယ်-ဒေါ်စိန်ငွေ သားဒေါက်တာရဲထွဋ်ဇော်မြစ်ငယ်မြို့ | 100000 |
| ၁၃၆ | ဦးသိန်းထွန်း-ဒေါ်အေးကြည်၊ ဒေါ်မြသောင်း၊ ဒေါ်ကြည်စိန်၊ဦးစိုးအောင်-ဒေါ်ကြင်သန်းမိသားစုမြစ်ငယ်မြို့ | 100000 |
| ၁၃၇ | မိဘအစ်ကိုအစ်မတို့အားရည်စူး၍ ဆရာမကြီးဒေါ်မြခင်နှင့်တူ/တူမများ အောင်ချမ်းသာရပ်၊ မြစ်ငယ်မြို့ | 100000 |
| ၁၃၈ | မမြင့်မြင့်ခိုင် သမီးယမင်းကိုကို၊ လမင်းကိုကိုမိသားစု ဒေးဝန်းအနောက် မန္တလေး | 100000 |
| ၁၃၉ | ဦးတက်ထွန်း-ဒေါ်ခင်စန်းဝေ၊ သမီးဝိုင်းဝိုင်း၊ သား-စိုင်းစိုင်း မိသားစုကျွဲဆည်ကန်၊ မန္တလေး | 100000 |
| ၁၄၀ | ဦးအေးသိန်း-ဒေါ်အေးအေးစိန် မိသားစု ၈၁/၃၂x၃၃ကြား မန္တလေး | 100000 |
| ၁၄၁ | ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ခင်လုံး ၈၁/၃၂x၃၃ကြား၊ မန္တလေး | 100000 |
| ၁၄၂ | အဖေ ဦးစက်အေးအားအမှူးထားလျက် ဒေါ်ခင်မာအေးကျောက်မဲမြို့ | 100000 |
| ၁၄၃ | ဦးမောင်မောင်အေး-ဒေါ်နန်းယဉ်ယဉ်နု၊ ကျောက်မဲမြို့ | 100000 |
| ၁၄၄ | ဒေါ်ခင်အုန်း၊ ဒေါ်ရီရီဝင်းမောင်၊ ဒေါ်နန်းရွှေဥ၊ ဒေါ်မြဝင်း ကျောက်မဲအဖွဲ့ ကျောက်မဲမြို့ | 100000 |
| ၁၄၅ | သားဖြစ်သူ ဦးစိုင်းဖုန်းဇော်အားရည်စူး၍ ဦးခင်မောင်သန်း-ဒေါ်ဝင်းကြည်မိသားစု အမှတ် ၄၅၊ မြမာလာရပ် ပြင်ဦးလွင် | 100000 |
| ၁၄၆ | ဒေါ်တင်ရွှေ မိသားစုကောင်းမှု ၃၀x၃၁ကြား၊ ၈၆-၈၇ မန္တလေး၊ မာကလာခြံရပ် | 100000 |
| ၁၄၇ | ဖခင်ကြီးဦးထွန်းမောင်အားရည်စူး၍ မိခင်ကြီးဒေါ်တင်တင်အေးနှင့် အစ်မဒေါ်ညိုညိုထွန်း၊ ဒေါ်ချိုချိုထွန်း တို့အားအမှူးထား၍ ဒေါ်ဝါဝါထွန်း၊ မန္တလေး | 100000 |
| ၁၄၈ | မိဘများဖြစ်ကြသော ဦးစိန်ဝင်း-ဒေါ်တင်အေးတို့အား ရည်စူး၍ ဒေါ်သန်းသန်းဝင်း မင်းတဲပေါက္ကရိုရပ်/အောင်မြေသာစံ၊ မန္တလေး | 100000 |
| ၁၄၉ | ဦးခင်မောင်နီ-ဒေါ်နွဲ့နွဲ့ဝင်း ရွှေခြင်္သေ့ ကျောက်စိမ်းကျောက်မျက်ရတနာရောင်းဝယ်ရေး ၈၉/၂၈မဟာမြိုင်၊ မန္တလေး | 100000 |
| ၁၅၀ | ကိုရဲမင်းထွန်း-မဇင်မာထွန်း ကံသာယာမြို့သစ်၊ မန္တလေး | 100000 |
| ၁၅၁ | ဒေါ်မြင့်မြင့်သိန်းမိသားစု အကွက် ၃၇၉၊ တောင်ငံပြာရည် သံလျက်မှော်အနောက်၊ မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၁၅၂ | ဦးနန္ဒိယအားအမှူးထား၍ ကွယ်လွန်သူ ရဟန်းဒါယကာဦးကံစိန်အားရည်စူး၍ ရဟန်းဒါယိကာမကြီး ဒေါ်သန်းငွေး မိသားစု ငါန်းဇွန်မြို့နယ်၊ စည်ထိန်းရွာ | 100000 |
| ၁၅၃ | ဦးသိန်းကျော်-ဒေါ်အေးအေးဆွေမိသားစု ချမ်းမြသာစည်မြို့နယ်၊ မန္တလေး | 100000 |

ဆက်လက်ဖော်ပြသွားပါမည်

## ဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)စွမ်းအင်ဝန်ကြီးဌာန
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်(ဦးဝိစာရအိမ်ရာ) တိုက် (၂၁) အခန်း ၁၀ နေ (ဗိုလ်မှူးတင်မောင်-ဒေါ်တင်ရီ)တို့၏သမီးကြီး၊ ဦးတင်မောင်ထွန်း (အင်ဂျင်နီယာ-ငြိမ်း၊ ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်သိန်းသိန်းငွေ၊ ဦးတင်ထွန်းမင်း (စ.စ.စ-ငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဦးမင်းသူ-ဒေါ်လွင်မေသိန်းတို့၏အစ်မ၊ ဦးပြည့်ဖြိုးကျော်(Chief mate F.G)-ဒေါ်ထက်ထက်အောင်၊ ဦးမျိုးသန့်ကျော်-ဒေါ်အေးမြတ်သီတာ(အကောက်ခွန်ဦးစီးဌာန)တို့၏ ချစ်လှစွာသောမိခင်၊ မြေးအမြွှာ မအေးမြသရဖူကျော်နှင့် မောင်အောင်မင်းခန့်ကျော်တို့၏ ချစ်လှစွာသော အဘွားသည် ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃:၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လိုက်ပါ ပို့ဆောင်မည့်သူများ အထက်ပါနေအိမ်မှကားများ နံနက် ၇:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
## ဦးခင်မောင်စိုး
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးဂတိကုန်းကျေးရွာနေ ဦးရေဝတအား ဦးထိပ်ထား၍ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးဇော်ဖေ-ဒေါ်ခင်ညွန့်)၊ ကြည့်မြင်တိုင်၊ သိမ်ကြီးလမ်းနေ(ဦးရောင်ဟုန်း)-ဒေါ်မြင့်မြင့်၊ အနောက်မြို့ပတ်လမ်းနေ ဦးမောင်ရွှေ-ဒေါ်သိန်းရီ၊ ဦးအောင်ကြည်-ဒေါ်ညွန့်တင်၊ ဦးမောင်ငွေ-ဒေါ်ချစ်၏ညီမောင်၊ အိုးသည်ကုန်းနေ ဒေါ်ခင်မိမိတို့၏အစ်ကို၊ ကိုးလုံးကွင်း၊ ဒေါ်လှမယ်လမ်းနေ ဦးကျော်ရှိန်-(ဒေါ်စန်း)၊ ကျိုက်စကိုင်းရွာနေ ဦးသိန်းထွန်း-(ဒေါ်ခင်စန်းရီ)၊ ရန်ကုန်နေ ဦးခင်မောင်သန်း-ဒေါ်တင်ငွေးတို့၏အစ်ကို၊ စက်တန်းနေ ဦးစီကွေး-ဒေါ်ကြည်ဝင်း၊ ကျိုက်စကိုင်းနေ မကြည်ညွန့်၊ ဥတိုကျေးရွာနေ ဒေါ်ခင်စန်းဝေ တို့၏ ဦးလေး၊ စက်တန်းနေ ဦးသိန်းလွင်-ဒေါ်စန္ဒာစိုး၊ (မောင်အောင်အောင်စိုး)-ဒေါ်နန်းဝင်းဆွေ၊ ကိုဇော်ဇော်စိုး၊ မမြတ်မြတ်စိုး၊ (ကိုအောင်နိုင်စိုး)- မနှင်းနှင်းထွေးတို့၏ဖခင်၊ (ဒေါ်ရီ)၏ခင်ပွန်း မြေး (၁၀)ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာရပ်ကွက်၊ စက်တန်းနေ ဦးခင်မောင်စိုး၏နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ ဆေးခန်း၊ ဓမ္မာရုံဒါယကာကြီး
### ပဏ္ဍိတာရာမ ဆစ်ဒနီသာသနာ့ရိပ်သာနာယကကြီး
### စစ်ကိုင်းတောင်ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံမျက်စိအထူးကု Project
### တည်ထောင်ထောက်ပံ့သူ
## ဦးထွန်းဝင်း @Terence Sein(နမ့်ဆန်)
### B.E(Civil)
### Executive Engineer(ငြိမ်း) ရေပေးရေးစီမံကိန်း၊ မန္တလေး
### United Nations Water Resources Expert(Kiribati)
### အသက်(၈၃)နှစ်

နမ့် ဆန်မြို့နေ(ဦးစိန်-ဒေါ်စိန်)တို့၏သားထွေး၊ ရန်ကုန်မြို့၊ရွှေတောင်ကြားနေ(ဦးဝမ်-ဒေါ်နု)တို့၏သားသမက်၊ မန္တလေးမြို့နေ(ဦးဘိုနီ-ဒေါ်အေးကြည်)၊ (ဦးထွန်းတင်-ဒေါ်ငွေညွန့်)၊ (ဦးငွန်ဖော)-ဒေါ်မြဟန်၊ ဗိုလ်မှူးဖေသန်း(ငြိမ်း)-(ဒေါက်တာဒေါ်စုစုဝေ @ Rosie Sein)၊ (ဦးကျော်ဝင်း-ဒေါ်ခင်မြိုင်@ Katherine Sein)၊ (ဦးထွန်းအောင်-ဒေါ်မြသိန်း@Margaret Sein)တို့၏ညီ/မောင်၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ Wahroongaရပ်နေ ဒေါ်စီစီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာနန်းစီစီဝင်း၊ ဒေါက်တာစိုင်းထွန်းနိုင်ဝင်း -Phaik Gooiတို့၏ချစ်လှစွာသောဖခင်၊ Trisha Win နှင့် Dylan Winတို့၏ချစ်လှစွာသောအဘိုးသည် ၇-၂-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၁၆နာရီတွင် Sydney Adventist Hospital, Wah roonga ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် Palm Chapel Macquaire Park Cemetery ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊
### စွမ်းအင်ဝန်ကြီးဌာန
### အသက်(၆၉)နှစ်

ဦးမင်းသူ-ဒေါ်လွင်မေသိန်းတို့၏ အစ်မဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ အသက် (၆၉)နှစ်သည် ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၃:၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းမိသားစုများ**
**နိုင်ငံတော်သမ္မတရုံး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊
### စွမ်းအင်ဝန်ကြီးဌာန
### အသက်(၆၉)နှစ်

ဦးမင်းသူ-ဒေါ်လွင်မေသိန်းတို့၏ အစ်မဒေါ်ဆွေဆွေဦး(ခ)စန်းမြကေသီ အသက် (၆၉)နှစ်သည် ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃:၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

---

## ဦးမောင်မောင်ရီ
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ DELTA PLAZA ၊ တိုက်အမှတ်(D-1)၊ အခန်း(၃၀၅)နေ (ဦးအောင်ညွန့်-ဒေါ်မြကျင်)တို့၏သား၊ (ဦးမောင်ကံ-ဒေါ်ငွေရီ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်ဝင်း၏ အစ်ကို၊ ဦးကျော်ထင်-ဒေါ်နေခြည်ဦး၊ ဒေါက်တာမေစုရီတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ကောင်းထင်ကျော်၊ မောင်မင်းမြတ်ထင်ကျော်တို့၏ချစ်လှစွာသော အဘိုးသည် ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)ည ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၀ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နော်လှကြည်
### အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၈)၊ အခန်း(၁၉)နေ (ဦးစော)၏ဇနီး၊ ဦးစောဖရက်ဒီ (ပြင်သစ်သံရုံး)-နော်ဂျူးလီ၊ (ဦးစောပုလု)-ဒေါ်လှမြင့်၊ ဦးစောမောင်ထွေး(KBZ ဘဏ်ရုံးချုပ်)-ဒေါ်ခင်ဝါ၊ ဦးအုန်းသန်း-နော်ဝေါဖေါ(ဇောတိကကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၁-၂-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။(ကမာရွတ်နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
## ဦးကျော်ရှိန် (မြို့မခတ်ပုံ) (ဇီးကုန်းမြို့၊ ကြို့ပင်ကောက်)
### အသက်(၁၀၀)

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၉လမ်းထိပ်၊ အမှတ်(၃၄၅)နေ (ဦးမောင်မောင်၊ မီးစက်ဝန်ထောက်)-ဒေါ်မြမေတို့၏သား၊ ပညာဝန်ထောက်(ဦးဘကံ-ဒေါ်ခင်ထွေးမေ)တို့၏သားသမက်၊ (ဒေါ်တင်တင်လှ)၏ခင်ပွန်း၊ ဦးမောင်မောင်စိုး၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်ကြီး(နော်ဝေး)၊ ဦးမောင်မောင်လေး-ဒေါ်ခင်စိန်၊ (ဦးခင်မောင်မောင်)-ဒေါ်ယမုံ (နော်ဝေး)၊ ဦးခင်မောင်အေး (နော်ဝေး)၊ (ဒေါ်တင်တင်ရှိန်)၊ ဦးမောင်မောင်သင်-ဒေါ်ဝင်းသန်း၊ ဦးမောင်မောင်ဇော်-ဒေါ်မိမိခိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်၊ တီသုံးယောက်တို့၏အဘိုးသည် ၁၀-၂-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ရွှေ(အထောင်၊ ကန်ကလေး)
### အသက်(၉၁)နှစ်

ဒေါ်မူမူအောင်(MMB Bank)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်ရွှေ(အထောင်၊ ကန်ကလေး)သည် ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)**
**၁၉၈၄ဓာတုဗေဒကျောင်းသား/ကျောင်းသူဟောင်းများ**

---

## နိုင်ရွှေအင်(မွန်ပြည်နယ်တရားသူကြီး-ငြိမ်း)
### အသက်(၈၄)နှစ်

မုဒုံမြို့၊ မြို့မ(၁)၊ စာစင်လမ်းမကြီးရပ်၊ မော်-သံလမ်း၊ အမှတ် ၂၂နေ (ဦးချစ်ဦး-ဒေါ်ထွန်းကြည်) တို့၏သား၊ ဒေါ်စန်းရီ ၏ ခင်ပွန်း၊ ဦးခင်မောင်သန်း-ဒေါ်ခင်မေရီ၊ ဦးမြတ်ထွဋ်-ဒေါ်အေးအေးစိုး၊ ဒေါ်တင်နွဲ့ယဉ်၊ ဦးလင်းလင်းထွဋ်-ဒေါ်ဟေမာန်မင်း၊ (ဦးသီဟသူ)-ဒေါ်ဇာကြည်လင်း၊ ဦးသူရကျော်-ဒေါ်ဇာဇာမျိုးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မုဒုံမြို့၊ ကန်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်လှ(ညောင်လေးပင်မြို့)
### အသက်(၉၉)နှစ်

ဦးဝင်းမြင့်သိန်း(ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မွေးသမိခင်ဖြစ်သူ ဒေါ်တင်လှသည် ၉-၂-၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## ဒေါ်ယဉ်ယဉ်မေ
### ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၄၊ သီရိရတနာလမ်း၊ မိကျောင်းကန်အပိုင်း ၃ နေ (ဦးဘသိန်း-ဒေါ်သိန်းမေ) တို့၏သမီး၊ (ဦးချီ-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ ဦးရွှေဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးဟန်ဆွေ(ခ) Jimmy -ဒေါ်ဝါဝါခိုင်၊ ဦးသန်းအောင်-ဒေါ်ရီရီနွယ်၊ ဒေါ်ကြည်ကြည်ဝင်း တို့၏ မိခင်၊ မပိုးသဥ္စာအောင်၊ မောင်ချမ်းမြေ့ဖြိုးတို့၏ချစ်လှစွာသော အဘွားသည် ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)ည၁၁:၃၅ နာရီတွင် ရန်ကုန်မြို့ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။ )

**ကျန်ရစ်သူမိသားစု**

---

## ဦးသန်းစိန်
## လဝကမှူး(ငြိမ်း)
## အသက်(၈၄)နှစ်

တာမွေမြို့နယ်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၃၂၂)နေ [ဦးဖေ (အမျိုးသားကျောင်းအုပ်ကြီးမုံရွာမြို့)-ဒေါ်သိန်းတန်]တို့၏ သားငယ်၊ ဒေါ်ခင်ဥ၏ခင်ပွန်း၊ (ဦးကိုကြီး-ဒေါ်လှခင်)၊ (ဦးကိုကိုလေး-ဒေါ်ညွန့်ရီ)၊ (ဒေါ်အေးမေ-ဦးတင်)၊ (ဦးဖေသိန်း-ဒေါ်တင်တင်)၊ (ဒေါ်စိန်စိန်-ဦးမောင်မောင်)တို့၏ညီ/မောင်၊ ဒေါက်တာမောင်မောင်ကျော်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ (ဦးခင်မောင်မြင့်)-ဒေါ်မူမူသန်း၊ ဦးသန်းနိုင်(Uniteam Co.Ltd)-ဒေါ်သိဂီမြင့်၊ ဦးသန်းဇော်(JSM Co.Ltd)-ဒေါ်ချစ်စန္ဒာဝင်း၊ ဦးမြင့်လွင် (Multigate Co.Ltd)-ဒေါ်အေးအေးသန်းတို့၏ ဖခင်၊ မြေး(၁၀)ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးဖြစ်သူ ဦးသန်းစိန်သည် ၁၁-၂-၂၀၂၀ရက် နံနက် ၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ရက် မွန်းလွဲ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သန်းကြည်
### M.E.H.S (အထက-၁၊ ဒဂုံ၊ ငြိမ်း)
### အသက်(၈၄)နှစ်

(သိက္ခာတော်ရဆရာကြီး ဦးထွန်းဖေ-ဒေါ်ရွှေနု)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၄)နေ (ဦးကျော်ခင်)(စက်မှုလယ်ယာ)၏ဇနီး၊ (ဦးစိုးအေးစံ)-ဒေါ်နီနီအေးမင်း၊ ဦးညီဝင်းအေး-ဒေါ်ညွန့်ညွန့်ဆွေ(ခ)Juni တို့၏မိခင်၊ ဒေါက်တာဝင်းအေးစံ၊ မမေရှင်းသန့်အေး၊ မမေနှင်းသန့်အေးတို့၏အဘွား ဒေါ်သန်းကြည်သည် ၁၁-၂-၂၀၂၀ရက် နံနက် ၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆု တောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်စန်းနီ အသက်(၈၅)နှစ်
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)
### ဒေသအဖွဲ့(၆)ဗိုလ်တထောင်

မြန်အောင်မြို့၊ နေခြည်ရပ်နေ(ဦးအံ့-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးခင်မောင်စိုး-ဒေါ်တင်မြင့်)တို့၏ညီမ၊ (ဦးလှအောင်)-ဒေါ်ခင်အုန်း၊ (ဦးလှဖေ)-ဒေါ်ခင်ဆင့်ဆင့်၊ ဦးတင်ထွန်း-ဒေါ်ရင်ရင်မြင့်တို့၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ တိုက် (၁၅၃/၈)၊ ကမာကြည်လမ်း၊ သုဝဏ္ဏနေ ဦးအုန်းသန်း-ဒေါ်ခင်ဆွေဝင်း၊ ဦးတင်ထွဋ်(ပထစ ၉၈၁/အင်းတိုင်)-ဒေါ်ခိုင်ခိုင်ထွန်း၊ ဦးမျိုးလွင် -ဒေါ်ငယ်ငယ်ထွေးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ (ဦးခင်မောင်လှ)၏ဇနီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်စန်းနီသည် ၁၁-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ရီ
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၆)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးမောင်မောင်ရီ(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းဟောင်းများနှင့်တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊သမာဓိ(၂)လမ်း၊ အမှတ် ၃၄၈နေ (ဦးသောင်းဖေ-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတရုတ်ဖြူ -ဒေါ်မသန်း)တို့၏သမီးချွေးမ၊ (ဦးမောင်လှိုင်)၏ဇနီး၊ ဦးကျော်ရွှေလင်း-ဒေါ်ကြူကြူ၊ ဦးပြည်စိုး-ဒေါ်ဝင်းဝင်းမော်၊ ဦးသွင်ထွန်းမင်း-ဒေါ်သန်းသန်းအေး၊ ဦးမြင့်လှိုင်၊ ဦးကျော်ကျော်ထွေး-ဒေါ်သဲစုနိုင်တို့၏ မိခင်၊ ဒေါက်တာကိုကိုလွင်-မနှင်းဝေဖြိုး၊ ကိုသူရသိန်း-မသင်းအိဇင်၊ မောင်ရာဇာမင်း၊ မလင်းယုယခိုင်၊ မကြည်နှင်းသစ္စာနိုင်တို့၏ အဘွား၊ မမမိုး၏ ဘွားဘွားကြီးသည် ၁၁-၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၇-၂- ၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၃၄၈၊ သမာဓိ ၂လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဝင်းနိုင် (အုတ်ဖို)
### (Y.C.D.C)(ငြိမ်း)
### အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ ကံဘဲ့စည်ပင်အိမ်ရာဝင်း၊ တိုက်အမှတ်(B-5)၊ အခန်း ၃၀၆နေ (ဦးမောင်မောင်-ဒေါ်သောင်းသောင်း)တို့၏သား၊ (ဦးရွှေအောင်)-ဒေါ်အေးအေးမြင့်တို့၏သားသမက်၊ ဦးဆန်နီ၊ ဒေါ်စပယ်၊ ဦးမင်းအောင်၊ ဦးညာဏ်ဗိုလ်၊ ဦးယဉ်ထွေး(Y.C.D.C)တို့၏ညီ/အစ်ကို၊ ဒေါ်မြင့်မြင့်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ဇော်ဦး၊ ကိုအောင်အောင်ဦး၊ ကိုဇော်မြင့်ဦး-မအေးသီတာဦး(Y.C.D.C၊ဘတ်ဂျက်)၊ ကိုအောင်နိုင်ဦး-မအေးသိန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ချမ်းဇင်သျှိုင်း၊ မောင်အောင်ဘုန်းခန့်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် တိုက် (B-5)၊ အခန်း ၃၀၆၊ ကံဘဲ့စည်ပင်အိမ်ရာ၊ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးစံမြင့်
### (လက်ထောက်စက်ရုံမှူး-ငြိမ်း)
### အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ မြောက်ပိုင်းရပ်ကွက်နေ (ဦးခန္တီ-ဒေါ်လှတင်)တို့၏သား၊ ဦးမောင်ဆွေ၏ညီ၊ ဒေါ်မြမြ(အလယ်တန်းပြ)၊ အထက(၆)သာဝတ္ထိ၏ခင်ပွန်း၊ ဦးစံမြင့်(လက်ထောက်စက်ရုံမှူး-ငြိမ်း)သည် ၂၅-၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ



ပင်လုံမြို့တွင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ထားရှိမှုကို ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက မီးရောင်စုံအလှများဖြင့် တွေ့ရစဉ်။ သတင်းစဉ်

# AFC Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဟိုချီမင်းစီးတီးအသင်း သရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) ပထမနေ့အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။

ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ဟိုချီမင်းစီးတီးအသင်းကို သရေသာကစားနိုင်ခဲ့သည်။ ဗီယက်နမ်လက်ရွေးစင် ကစားသမားများအပြင် နိုင်ငံခြားသားကစားသမားများလည်း ပါဝင်လာသည့် ဟိုချီမင်းစီးတီးအသင်းသည် ရန်ကုန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲမှာ ဗီယက်နမ်နိုင်ငံ၌ စတင်ကစားရမည့်ပွဲဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရန်ကုန်အသင်းက အိမ်ကွင်း စတင်ကစားရခြင်းဖြစ်သည်။



ရန်ကုန်အသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန်အသင်းသည် ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ အီမန်နျူရယ်၊ ဘာဖို၊ သိန်းသန်းဝင်း၊ မောင်မောင်ဝင်း စသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ဟိုချီမင်းစီးတီးအသင်းကလည်း ဒဏ်ရာရကစားသမားအချို့မှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ ပွဲအစတွင် ဟိုချီမင်းစီးတီးအသင်းက ပိုဖိကစားနိုင်ခဲ့၍ ၁၁ မိနစ်တွင် တိုက်စစ်မှူး အာမီဒိုက ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း တိုက်စစ်အား မြင့်လာသဖြင့် လေးမိနစ်အကြာတွင် တိုက်စစ်မှူး အီမန်နျူရယ်က ထောင့်ကန်ဘောကို ခေါင်းတိုက်ကာ ချေပဂိုး ပြန်သွင်းခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားပုံ

*စာမျက်နှာ ၁၃ ကော်လံ ၅* ●

# မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ ပြည့်နှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ တင်းနစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲ အလွတ်တန်း၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ အလွတ်တန်း၊ အမျိုးသား၊ အမျိုးသမီး (၁၄ နှစ်)နှင့်အောက်၊ (၁၆ နှစ်)နှင့်အောက်၊ (၁၈ နှစ်)နှင့်အောက် တစ်ဦးချင်း၊ အမျိုးသား(၄၅ နှစ်)နှင့်ထက် နှစ်ယောက်တွဲ၊ နှစ်ယောက်ပေါင်း အသက် (၁၃၀)အထက် နှစ်ယောက်တွဲ၊ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံရောက် ယှဉ်ပြိုင်လိုသူများ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၉-၂၅၀၁၇၈၀၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**

# ဖူဆယ်လိဂ်တွင် VUC နှင့် MIU အသင်း ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းမှ VUC နှင့် MIU အသင်း နိုင်ပွဲဆက်ခဲ့ပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည်။

ပွဲစဉ်(၂၁)တွင် MFF ယူ-၁၉ အသင်းက လက်ဝဲသုန္ဒရအသင်းကို ၁၀ ဂိုး-လေးဂိုး၊ MIU အသင်းက GV အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ Do Do Ko Ko အသင်းက AMM Brothers အသင်းကို

*စာမျက်နှာ ၁၃ ကော်လံ ၅* ❖

**တိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိအောင် ဆွေးနွေးအဖြေရှာပေးကြဖို့ ပြောကြားချင်ပါတယ်**

တွေ့ဆုံမေးမြန်း

စာ ➤ ၁၂

**ဥရောပ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ ပိုမိုဆိုးရွားသည့် ပြဿနာဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး**

စာ ➤ ၁၅

**ငွေကျပ်သိန်း ၄၂၈၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ကျောက်ဆည်မြို့နယ်တွင် ဖမ်းဆီးရမိ**

စာ ➤ ၂၃




မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ရဲ့ စီအင်န်ဂျီဆိုင်တွေ

ဝေယံဦး



ဓာတ်ပုံ – ကေဇင်

**ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ သဘာဝဓာတ်ငွေ့အသုံးပြုတဲ့ မော်တော်ယာဉ် ၂၆၉၇၁ စီးမှာ ကုန်စည်အတွက် ယာဉ်အစီးရေ ၁၂၈၀ ၊ ခရီးသည်တင် မော်တော်ယာဉ်အစီးရေ ၆၁၇၇ စီး၊ စီးလုံးငှားနဲ့ တက္ကစီအစီးရေ ၁၇၁၀၃ စီး၊ အကြို/အပို့ယာဉ်အစီးရေ ၁၀၇၀ ၊ ကိုယ်ပိုင် စီးပွားရေးအတွက် ၁၁၅၉ စီးနဲ့ ဌာနဆိုင်ရာယာဉ် ၁၈၇ စီးရှိ**

**ရန်ကုန်မြို့မှာ နေ့စဉ်မောင်းနှင်သွားလာနေတဲ့ YBS ဘတ်စ်ကားတွေ၊ ကိုယ်ပိုင်မော်တော်ယာဉ်တွေနဲ့ အငှားယာဉ်တွေအပါအဝင် မော်တော်ယာဉ်အတော်များများဟာ ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ သဘာဝဓာတ်ငွေ့သုံးလောင်စာတွေအသုံးပြုပြီး မောင်းနှင်သွားလာနေကြပါတယ်။ စက်သုံးဆီဈေးနှုန်းထက်စာရင် သဘာဝဓာတ်ငွေ့ဈေးနှုန်းက သက်သာတာနဲ့ မော်တော်ယာဉ်အများအပြားဟာ သဘာဝဓာတ်ငွေ့သုံးစွဲနိုင်ရေး ကြိုးစားလာကြပါတယ်။ အခုဆိုရင် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်တွေဟာ သဘာဝဓာတ်ငွေ့ရောင်းချတဲ့ဆိုင်တွေမှာ အချိန်ကြာမြင့်စွာတန်းစီပြီး မစောင့်ရအောင် ကြိုးစားဆောင်ရွက်နေပြီ ဖြစ်ပါတယ်။**

"ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့အသုံးပြုမှုဟာ တစ်နိုင်ငံလုံး မော်တော်ယာဉ်သုံးစွဲမှုရဲ့ ၉၅ ရာခိုင်နှုန်းခန့်ရှိတာမို့ အဲဒီစီအင်န်ဂျီဆိုင်တွေဟာ ၂၄ နာရီ ပိတ်ရက်မရှိ ဖြည့်ဆည်းပေးနေပါတယ်" လို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန အထွေထွေမန်နေဂျာ ဦးလှဝင်းဌေးက ပြောပါတယ်။

**သဘာဝဓာတ်ငွေ့ ၄၁ဆိုင်က ဖြည့်ဆည်းပေး**

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ သဘာဝဓာတ်ငွေ့ဆိုင်ပေါင်း ၄၁ ဆိုင်ရှိနေပြီး တစ်နိုင်ငံလုံးမှာ သဘာဝဓာတ်ငွေ့ အများဆုံး တည်ရှိနေတဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မော်တော်ယာဉ်အစီးရေပေါင်း ၂၆၉၇၁ စီးကို သဘာဝဓာတ်ငွေ့ဆိုင် ၄၁ ဆိုင်က နေ့စဉ်ဖြည့်ဆည်းပေးနေတာ ဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့ဆိုင်တွေမှာ မော်တော်ယာဉ်တွေကို သဘာဝဓာတ်ငွေ့ဖြည့်ဆည်းပေးဖို့အတွက် ဖိအားမြင့်ကွန်ပရက်ဆာတွေ တပ်ဆင်ထားတာဟာ တစ်နိုင်ငံလုံးမှာ ၁၀၉ လုံးရှိနေပါတယ်။ အဲဒီ ၁၀၉ လုံးမှာ ဖိအားမြင့်နဲ့ လည်ပတ်နိုင်တဲ့ ကွန်ပရက်ဆာ ၅၅ လုံး၊ အလယ်အလတ်ကွန်ပရက်ဆာနဲ့ လည်ပတ်နိုင်တာက ၁၂ လုံး၊ ဖိအားနိမ့်နဲ့လည်ပတ်နိုင်တဲ့ ကွန်ပရက်ဆာက ၄၂ လုံးအပါအဝင် နိုင်ငံတကာအရည်အသွေးမီ ကွန်ပရက်ဆာတွေ ပါဝင်နေပါတယ်။ နိုင်ငံတကာ စံညွှန်းအရဆိုရင် ကွန်ပရက်ဆာတစ်လုံးကို ၁၄ နာရီ မောင်းရင် သဘာဝဓာတ်ငွေ့ ၂၃ ဒသမ ၅၆ သန်း အများဆုံးထုတ်လွှတ်နိုင်တယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ သဘာဝဓာတ်ငွေ့အသုံးပြုတဲ့ မော်တော်ယာဉ် ၂၆၉၇၁ စီးမှာ ကုန်စည်အတွက် ယာဉ်အစီးရေ ၁၂၈၀၊ ခရီးသည်တင်မော်တော်ယာဉ်အစီးရေ ၆၁၇၇ စီး၊ စီးလုံးငှားနဲ့ တက္ကစီအစီးရေ ၁၇၁၀၃ စီး၊ အကြို/အပို့ယာဉ် ၁၀၇၀ ကိုယ်ပိုင်စီးပွားရေးအတွက် ၁၁၅၉ နဲ့ ဌာနဆိုင်ရာယာဉ် ၁၈၇ စီးရှိနေပါတယ်။




**တစ်နေ့နာရီ ၂၀ ခန့် မောင်းနှင်နေရ**

အဲဒီမော်တော်ယာဉ်တွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သဘာဝဓာတ်ငွေ့ဆိုင် ၄၁ ဆိုင်ကနေပြီး ကွန်ပရက် ဆာတွေနဲ့ ဖြည့်ဆည်းပေးနေရာမှာ ဆိုင်အတော်များများမှာရှိနေတဲ့ စက်တွေဟာ စွမ်းဆောင်ရည်ကျဆင်းလာတဲ့အခါ အခြားစက်တွေက တစ်နေ့သုံးစွဲတဲ့ သဘာဝဓာတ်ငွေ့အားကို မီအောင် တစ်နေ့ကို နာရီ ၂၀ ခန့်ကြာအောင် မောင်းနှင်နေရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်ကာလမှာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနက ကွန်ပရက်ဆာ သုံးလုံးဝယ်ယူဖြည့်ဆည်းခဲ့ပါတယ်။ အဲဒီလိုဖြည့်ဆည်းပြီး မော်တော်ယာဉ်တွေကို နေ့စဉ်သဘာဝဓာတ်ငွေ့ဖြည့်ဆည်းဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ **အချပ်ပို (၈) သို့**

# ရန်ကုန်မှာ ထွက်ပေါ်လာဦးမယ့် ပြည်သူ့ဘဝမြှင့်တင်ရေးမြို့သစ်စီမံကိန်း

ဆွေဦးဝေ

ရန်ကုန်မြို့ရဲ့ ဝန်းကျင်မှာ မြို့သစ်စီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။ တစ်နှစ်ထက် တစ်နှစ်တိုးပွားလာတဲ့ ရွှေ့ပြောင်းအခြေစိုက်အိမ်ထောင်စုတွေ၊ အလုပ်သမားတွေ၊ လူငယ်လူရွယ်တွေကြောင့် ရန်ကုန်မြို့ဟာ မြို့သစ်စီမံကိန်းတွေဖော်ဆောင်ဖို့ တွန်းအားပေးသလို ဖြစ်နေပါတယ်။ အခုလည်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှာ ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားလျက်ရှိနေပါတယ်။

ဒီမြို့သစ်စီမံကိန်းဟာ ပန်းလှိုင်မြစ်တစ်ဖက်ကမ်း တွံတေးမြို့နယ် ရေကျော်ကွင်းကျေးရွာ ဧရိယာမှာ ဖော်ဆောင်နိုင်ရေး ကြိုးစားစီစဉ်နေပါတယ်။ ဒီစီမံကိန်းဟာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ဖော်ဆောင်ဖို့ရှိနေတဲ့ ရန်ကုန်မြို့သစ်စီမံကိန်းနဲ့လည်း မျက်နှာချင်းဆိုင်အနေအထားမှာ တည်ရှိနေပါတယ်။

ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းကို ရေကျော်ကွင်းကျေးရွာဧရိယာရဲ့ ဧက ၂၄၀၀ ပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။ အဲဒီနေရာမှာ စုစုပေါင်း မြေအကျယ်အဝန်းဧက ၃၀၀၀ ခန့်ရှိပြီး အဲဒီအကျယ်အဝန်းရဲ့ ဧက ၂၄၀၀ ခန့်အပေါ်မှာ မြို့သစ်စီမံကိန်းကို ဖော်ဆောင်မှာ ဖြစ်ပါတယ်။

အဲဒီ ပြည်သူ့ဘဝမြှင့်တင်ရေးမြို့သစ်စီမံကိန်းဖော်ဆောင်တဲ့အခါ မူလဧက ၃၀၀၀ ခန့်ထဲမှာ ဧက ၆၀၀ ကိုမူ လယ်ပိုင်ရှင်တွေကို ဂရန်အမည်ပေါက်မြေနေရာတွေ ပြန်လည်သတ်မှတ်ပေးအပ်သွားမယ်လို့ သိရပါတယ်။

ဒီလိုမြို့သစ်စီမံကိန်းဖော်ဆောင်တဲ့အခါ အပိုင်းနှစ်ပိုင်းခွဲပြီး တည်ဆောက်ဖော်ဆောင်သွားဖို့ စီစဉ်နေပါတယ်။ အပိုင်း(၁) ကတော့ မြေအကျယ်အဝန်းဧက ၁၈၀၀ ပေါ်မှာ တန်ဖိုးနည်းအိမ်ရာ စုစုပေါင်း ၂၆၁၈၂ ယူနစ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီအိမ်ရာတွေကိုလည်း အခြေခံပြည်သူတွေ လက်လှမ်းမီဝယ်ယူနိုင်တဲ့နှုန်းထားနဲ့ ရောင်းချပေးသွားဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းရဲ့ အပိုင်း(၂) ကိုတော့ Commercial Housing များ တည်ဆောက်အကောင်အထည်ဖော်သွားရန် အစီအစဉ်ရှိနေတယ်လို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။ ဒီလို စီးပွားရေးဆိုင်ရာ အရောင်းအဝယ် ပြုလုပ်နိုင်တဲ့ အဆောက်အဦတွေပါဝင်မှုလည်း အလုပ်အကိုင်အခွင့်အလမ်းရော၊ နေထိုင်ကြတဲ့ ပြည်သူတွေအတွက်ပါ လူမှုဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

တွံတေးမြို့နယ်မှာ တည်ဆောက်မယ့် ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းကို မလေးရှားနိုင်ငံမှ Berjaya land berhad ကုမ္ပဏီက တာဝန်ယူတည်ဆောက်ဖို့ ရှိနေပါတယ်။ အဲဒီ ကုမ္ပဏီနဲ့ အခုလို စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ ၂၀၁၇ ခုနှစ်ကတည်းက နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးထားပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီလို မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါ **အချပ်ပို (၈) သို့**

# ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်တော့မည်

## ဘော်ဂါသွေး

**ရန်ကုန်မြို့တော်ကြီးက နေ့စဉ်ထွက်ရှိနေတဲ့ အမှိုက်များထဲမှ နေ့စဉ် တန် ၁၀၀၀ ကို သန့်စင်ပြုပြင်ပြောင်းလဲပြီး စွမ်းအင်တွေထုတ်တော့မယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရပ်ဝန်းက ကြားသိနေရပါပြီခင်ဗျာ။ အဲဒီစီမံကိန်းကိုလည်း မကြာမီအကောင်အထည်ဖော်တော့မယ်လို့လည်း ဆိုပါတယ်။**




ရန်ကုန်မြို့တော် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ အမှိုက်သိမ်းဆည်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – တင်ဝင်းတင်

တကယ်ပါ၊ အသေအချာ ဘာလို့ပြောနိုင်သလဲဆိုတော့ ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်ထောင်စုလွှတ်တော်က သဘောတူညီခွင့်ပြုချက် ရရှိသွားပြီဖြစ်လို့ပါပဲ။

ပထမပိုင်းမှာ ကြားထားရတဲ့သတင်းက ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုချက်ရခဲ့ရင် မေလလောက်မှာ ဒီစီမံကိန်း စတင်နိုင်ပါပြီလို့ ပြောကြားထားမှုတစ်ရပ်ကိုလည်း သိထားခဲ့ပါတယ်။

### တစ်နေ့တခြား ပိုပိုလာ

ဒီစီမံကိန်းမျိုးကလည်း ရန်ကုန်မြို့အတွက် မဖြစ်မနေဖော်ဆောင်ဖို့ အချိန်တန်လာပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့သူမြို့သားတွေရဲ့ စွန့်ပစ်အမှိုက်က နေ့စဉ် တန်ချိန် ၂၃၀၀ ကနေ ၂၅၀၀ လောက်အထိ ထွက်နေလို့ပါပဲ။ ထပ်ပြီး အသေးစိတ်ပြောရရင် လူတစ်ယောက်နှုန်းရဲ့ အမှိုက်ပစ်မှုက တစ်နေ့တခြား ပိုပိုလာတာကို လေ့လာတွေ့ရှိရလို့ပါပဲ။

ရန်ကုန်မြို့ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွေထဲမှာ လှိုင်သာယာမြို့နယ်က ထိန်ပင်အမှိုက်ပုံဆို အကြီးမားဆုံး အကျယ်ပြန့်ဆုံးပါပဲ။ အကျယ်အဝန်းက ဧက ၂၉၀ ခန့် ကျယ်ဝန်းလှပါတယ်။

### ဝိုင်းဝန်းကူညီမှု

ဒါပေမယ့် မြို့လူထုရဲ့ အမှိုက်စွန့်ပစ်မှုက တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်က လျော့လျော့သွားတယ် မရှိဘဲ ပိုပိုလာတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်း၊ လူမှုအသင်းအဖွဲ့တွေက ဘယ်သို့ပင် ပညာပေးပေး၊ အသိပေးနှိုးဆော် နှိုးဆော်၊ လိုက်နာမှု၊ ဝိုင်းဝန်းကူညီမှု အားနည်းမှုကသာ မြင့်တက်လာခဲ့ပါတယ်။

### လိုအပ်တဲ့ စီမံကိန်းဖြစ်

ဒါကြောင့် အခုလိုထိန်ပင်အမှိုက်ပုံမှာ အမှိုက်တွေ ပုံလာမှုက ဧက ၂၂၀ လောက်အထိကို ကျယ်ဝန်းလာခဲ့ပါပြီ။ ဧက ၇၀ ခန့်လောက်ပဲ ကျန်တော့တဲ့အခြေအနေပါ။ သုတေသနပြုသူတွေရဲ့ တွက်ချက်မှုအရဆိုရင် နောက်လေးနှစ်လောက် ဒီအတိုင်းဆက်သွားရင် ထိန်ပင်အမှိုက်ပုံရဲ့ ဧရိယာတစ်ပြင်လုံး အမှိုက်တွေ ပြည့်သွားတော့မယ်လို့ သိရပါတယ်။ ထပ်ပြီး ပစ်လို့မရအောင် နေရာရှားပါးသွားတော့မှာပါ။ ဒါကြောင့်မို့ ဒီစီမံကိန်းက ရန်ကုန်မြို့အတွက် တကယ်ပဲ လိုအပ်တဲ့ စီမံကိန်းဖြစ်တယ်လို့ ဆိုရမှာပါ။

အဲဒီစီမံကိန်းကို ပိုလန်အစိုးရရဲ့ ODA ချေးငွေ (Official development assistance lean) ယူရှိ သန်း ၅၀ နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမှိုက်များကို ပြုပြင်ခြင်း၊ သန့်စင်ခြင်း၊ ချေဖျက်ခြင်းလုပ်ငန်းများဖြင့် ဆောင်ရွက်မှာလို့ မြို့တော်စည်ပင်က တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

### တန် ၂၅၀ ခန့် ထွက်ရှိ

စီမံကိန်းမှာ ထိန်ပင်က အမှိုက်တန်ချိန် နေ့စဉ် တန် ၁၀၀၀ ကို ထုတ်ယူသွားမှာဖြစ်ပါတယ်။ ပြန်လည်အကျိုးဖြစ်ထွန်းမှုက CNG တန် ၃၀၊ Liquid $CO_2$ တန် ၄၀၊ စွမ်းအားပြည့်လောင်စာ (RDF) က တန် ၁၈၀၊ သဘာဝမြေဆွေးက တန် ၂၅၀ ခန့် ထွက်ရှိမှာလို့ တင်ပြထားမှုတွေအရ သိရပါတယ်။

### တိုက်ရိုက်ဆက်သွယ်ရောင်းချ

ထွက်ရှိလာမယ့် စွမ်းအင်တွေကို မော်တော်ယာဉ်များ၊ စက်ရုံများ၊ အလုပ်ရုံများကို တိုက်ရိုက်ဆက်သွယ်ရောင်းချနိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းထားပြီးပြီလို့ သိရပါတယ်။

ချေးငွေအပေါ်မှာတော့ အတိုးနှုန်းက အလွန်အင်မတန် နည်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သုည ဒသမ တစ်ရာခိုင်နှုန်းသာ ပေးရမှာဖြစ်ပြီး ပြန်ဆပ်ကာလက ကြာမြင့်ချိန် ၆၂ နှစ်လို့ ဆိုထားပြန်ပါတယ်။

### ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေး

ဒီစီမံကိန်းနဲ့ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးမှုတွေ၊ သုံးသပ်မှုတွေ များစွာရှိခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် ၅ က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းက "အမှိုက်ကို သေချာစွာ စီမံအကောင်အထည်ဖော်ပေးနိုင်မယ်ဆိုပါက အမှိုက်ကိုလည်း ပြန်အသုံးပြုနိုင်တဲ့အပြင် ငွေလည်း ပြန်ဖော်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းအင်ချွေတာနိုင်တဲ့အပြင် ကမ္ဘာ့မြေထုညစ်ညမ်းမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ အမှန်တကယ် အကျိုးရှိဖို့တော့ လိုအပ်ပါတယ်" လို့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးမှုတွေ ရှိထားပါတယ်ခင်ဗျာ။

တကယ်တော့ ထိန်ပင်အမှိုက်ပုံမှာ ၂၀၁၁ ခုနှစ်ကတည်းကစပြီး အမှိုက်တွေပုံလာတာပါ။ တဖြည်းဖြည်းများလာတာနဲ့အမျှ အမှိုက်ပုံဧရိယာက ပိုမိုကျယ်ပြန့်ပြီး မြင့်လာခဲ့ပါတယ်။ နည်းပညာနဲ့ စီမံခန့်ခွဲမှုအားနည်းတာကြောင့် ၂၀၁၈ ခုနှစ်က အမှိုက်ပုံမီးလောင်မှုကြီး ဖြစ်ခဲ့ပါတယ်။ မီးလောင်ရက်က နှစ်ပတ်ခန့် ကြာမြင့်ပြီး မီးလောင်ရာမှ ပျံ့လွင့်လာတဲ့ ပြာစတွေ၊ မီးခိုးငွေ့တွေက ရန်ကုန်မြို့နယ် အတော်များများဆီအထိ ရောက်ခဲ့ပါတယ်။ မြို့သူမြို့သားအချို့ ဆေးရုံ၊ ဆေးခန်းများအထိ ရောက်ခဲ့ရပါတယ်။ စိုးရိမ်မှုတွေလည်း မြင့်တက်ခဲ့ပါတယ်။

### ပြုပြင်ပြောင်းလဲစရာတွ

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ရဲ့ ကြိုးပမ်းမှုတွေကြောင့် မီးငြိမ်းခဲ့ရပေမယ့် သင်ခန်းစာယူစရာတွေ၊ ပြုပြင်ပြောင်းလဲစရာတွေ အများကြီးတွေ့ခဲ့ရပါတယ်။

### ခွဲခြားပစ်မှုကလည်း အရေးပါ

ဒ့ါကြောင့်မို့လည်း ကျောက်တန်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြမြမျိုးက "ဒီစီမံကိန်းကို ထောက်ခံတဲ့ ရည်ရွယ်ချက်က မီးဘေးအန္တရာယ် ထပ်မံမကြုံတွေ့စေဖို့ ဖြစ်ပါတယ်။ နောက် ပိုလန်က အဆင့်မြင့်နည်းပညာတွေလည်း ရနိုင်ပြီးတော့ ဒီစီမံကိန်း လည်ပတ်မှုက ရလာမယ့်ဝင်ငွေနဲ့ အတိုးအရင်းကို အကျေပေးဆပ်နိုင်မှာဖြစ်လို့ပါ" လို့ ဆိုထားမှုလည်း တွေ့ရပါတယ်။

ဒီလုပ်ငန်းတွေနဲ့ ပတ်သက်လို့ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပစ်မှုကလည်း အရေးပါပါတယ်။ ဒါပေမယ့် မြို့တော်သူ မြို့တော်သားများက အမှိုက်က အမှိုက်ပါပဲလို့ သတ်မှတ်ပြီး အိတ်တစ်အိတ်ထဲမှာပဲ စုပေါင်းပြီး ပစ်လေ့ရှိပါတယ်။

❑ **စီမံကိန်းမှာ ထိန်ပင်က အမှိုက်တန်ချိန် နေ့စဉ်တန် ၁၀၀၀ ကို ထုတ်ယူသွားမှာဖြစ်ပါတယ်။ ပြန်လည်အကျိုးဖြစ်ထွန်းမှုက CNG တန် ၃၀၊ Liquid $CO_2$ တန် ၄၀၊ စွမ်းအားပြည့်လောင်စာ (RDF) က တန် ၁၈၀၊ သဘာဝမြေဆွေးက တန် ၂၅၀ ခန့် ထွက်ရှိမှာလို့ တင်ပြထားမှုတွေအရ သိရ**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းတစ်ဦး သုံးဘီးယာဉ်ဖြင့် အမှိုက်သိမ်းဆည်းနေမှုကို တွေ့ရစဉ်။

အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပစ်ဖို့ စတင်စီစဉ်ဆောင်ရွက်စဉ်က ပလတ်စတစ်အိတ် အစိမ်းနဲ့အပြာ နှစ်မျိုးကို ဝယ်လို့ရပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အလွယ်တကူ ဝယ်လို့မရခဲ့ပါဘူး။ အမှိုက်အိတ်ကို အခါအခွင့်သင့်တိုင်း စာရေးသူတို့မြို့နယ်က သန့်ရှင်းရေးဌာနမှာ ဝင်ဝင်မေးကြည့်ပါတယ်။ တစ်ခါမေးလည်း မရှိ၊ နှစ်ခါမေးလည်း မရတော့ နောက်ဘယ်တော့မှ ဝင်မမေးတော့ပါဘူး။ ဒါကြောင့်လည်း ကြွပ်ကြွပ်အိတ်အမည်းထဲမှာ တစ်ပေါင်းတည်းပစ်တဲ့အကျင့်က ပါနေပါပြီ။

ဒါကြောင့် ဒီစီမံကိန်းအောင်မြင်ရေးမှာ မြို့နယ်သူ မြို့နယ်သားများကို အမှိုက်စိုအမှိုက်ခြောက် ခွဲခြားပစ်နိုင်ရေးမှာ စည်ပင်အနေနဲ့ကလည်း အမှိုက်အိတ်အစိမ်း၊ အပြာများကို လမ်းလှမ်းတမီ ဝယ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးသင့်ပါတယ်လို့ အကြံပြုတင်ပြလိုက်ရပါကြောင်း။



ရန်ကုန်မြို့သစ် အိမ်ရာစီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။

## “မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါ စီမံကိန်း အပိုင်း(၁) မှာ အခြေခံပြည်သူတွေ အိမ်ရာတိုက်ခန်းတွေ သက်သာစွာနဲ့ ဝယ်ယူနေနိုင်အောင် တန်ဖိုးနည်းအိမ်ရာ တွေ ပေါ်ထွက်လာအောင် နိုင်ငံတော်အစိုးရက မြေနေရာ ပေးပြီး တည်ဆောက်ပေးမှာဖြစ် ”

*ရန်ကုန်မှာ ထွက်ပေါ်လာဦးမယ့် ပြည်သူ့ဘဝမြှင့်တင်ရေးမြို့သစ်စီမံကိန်း ... မှ*

အပိုင်းနှစ်ပိုင်းခွဲပြီး တည်ဆောက်ဖော်ဆောင်သွားဖို့ စီစဉ်နေပါတယ်။ အပိုင်း(၁) ကတော့ မြေအကျယ်အဝန်းဧက ၁၈၀၀ ပေါ် မှာ တန်ဖိုးနည်းအိမ်ရာ စုစုပေါင်း ၂၆၁၈၂ ယူနစ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီအိမ်ရာတွေကိုလည်း အခြေခံပြည်သူတွေ လက်လှမ်းမီ ဝယ်ယူနိုင်တဲ့နှုန်းထားနဲ့ ရောင်းချပေးသွားဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။

### လိုအပ်ချက်တွေကို ဖြည့်ဆည်းပေး

ဒီ စီမံကိန်းရဲ့ အပိုင်း(၂) ကိုတော့ Commercial Housing များ တည်ဆောက်အကောင်အထည်ဖော်သွားရန် အစီအစဉ်ရှိနေတယ်လို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။ ဒီလို စီးပွားရေးဆိုင်ရာ အရောင်းအဝယ်ပြုလုပ်နိုင်တဲ့ အဆောက်အဦးတွေ ပါဝင်မှလည်း အလုပ်အကိုင်အခွင့်အလမ်းရော၊ နေထိုင်ကြတဲ့ ပြည်သူတွေအတွက်ပါ လူမှုဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

တွံတေးမြို့နယ်မှာ တည်ဆောက်မယ့် ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းကို မလေးရှားနိုင်ငံမှ Berjaya land berhad ကုမ္ပဏီက တာဝန်ယူတည်ဆောက်ဖို့ ရှိနေပါတယ်။ အဲဒီကုမ္ပဏီနဲ့ အခုလို စီမံကိန်း တည်ဆောက် အကောင်အထည်ဖော်နိုင်ဖို့ ဆိုတာ ၂၀၁၇ ခုနှစ်ကတည်းက နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

### တန်ဖိုးနည်းအိမ်ရာတွေ ပေါ်ထွက်လာ

ဒီလို မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါ စီမံကိန်းအပိုင်း(၁) မှာ အခြေခံပြည်သူတွေ အိမ်ရာတိုက်ခန်းတွေ သက်သာစွာနဲ့ ဝယ်ယူနေနိုင်အောင် တန်ဖိုးနည်းအိမ်ရာတွေ ပေါ်ထွက်လာအောင် နိုင်ငံတော်အစိုးရက မြေနေရာပေးပြီး တည်ဆောက်ပေးမှာ ဖြစ်ပါတယ်။

အဲဒီ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းတွေကို အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျူးကျော်နေထိုင်တဲ့သူတွေ၊ နေရာအခက်အခဲရှိနေသူတွေ၊ ငွေကြေးအခက်ခဲရှိနေသူတွေအတွက် အိမ်ရာတိုက်ခန်းတွေ အပိုင်ရရှိစေဖို့ ဦးစားပေးစီစဉ်ပေးမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီအိမ်ရာတိုက်ခန်းတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးနိုင်ရေးအတွက်လည်း အစီအစဉ်တွေရှိနေတာမို့ ကျူးကျော်တွေအတွက် အိမ်ရာတိုက်ခန်းပိုင်ဆိုင်ဖို့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

### စက်မှုဇုန်တွေ ထည့်သွင်းဖော်ဆောင်

ဒီ စီမံကိန်းရဲ့ အပိုင်း(၂) ကိုတော့ အကောင်အထည်ဖော်တည်ဆောက်မယ့် အဲဒီမလေးရှားက ကုမ္ပဏီအနေနဲ့ အစိုးရကို မြေငှားရမ်းခပေးသွားရမှာ ဖြစ်ပါတယ်။ အဲဒီအပိုင်း (၂) မှာတော့ စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေ ဖော်ဆောင်မယ့်မြေဧရိယာအကျယ်အဝန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် စက်မှုဇုန်တွေလည်း ထည့်သွင်းဖော်ဆောင်နိုင်ဖို့လည်း အစီအစဉ်ရှိနေပါတယ်။

### စီးပွားရေးဆိုင်ရာလုပ်ငန်းတွေ

အဲဒီ စီမံကိန်းအပိုင်း (၂)မှာပဲ ဟိုတယ်တွေတည်ဆောက်ဖို့ မြေနေရာတွေ ပါဝင်မှာဖြစ်သလို အဆင့်မြင့်အိမ်ရာတိုက်ခန်း၊ ကွန်ဒိုတွေ ထည့်သွင်းတည်ဆောက်ဖို့လည်း အစီအစဉ်တွေ ရှိနေပါတယ်။ ဒ့ါအပြင် စီးပွားရေးဆိုင်ရာလုပ်ငန်းတွေအတွက်ရော၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူတွေအတွက် သာမက ပြည်ပကနေလာရောက်ကြမယ့် ကုမ္ပဏီတွေအတွက် ရုံးခန်းတွေလည်း ထည့်သွင်းဖော်ဆောင်သွားမယ်လို့ ဆိုပါတယ်။

ဒီလို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှာ ဖော်ဆောင်မယ့် ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရထံတော့ တင်ပြထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက ခွင့်ပြုပြီးရင်တော့ ဒီစီမံကိန်းဟာ ဖြစ်ထွန်းပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။

### အလုပ်အကိုင်အခွင့်အလမ်းများရရှိ

ဒီ စီမံကိန်းဟာ အခြေခံပြည်သူတွေအတွက်ရော၊ ကျူးကျော်တွေအတွက်သာမကဘဲ နေထိုင်စရာအခက်ခဲရှိသူတွေအတွက်ပါ အဆင်ပြေစေမယ့် စီမံကိန်းအပြင် တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အထောက်အကူပြုစေမယ့် ဒီစီမံကိန်းလည်း ဖြစ်ပါတယ်။ ဒေသခံလူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း များစွာရရှိစေမှာဖြစ်သလို ဒေသခံတွေအတွက် စီးပွားရေးအခွင့်အလမ်းအသစ်တွေလည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆင်ခြေဖုံးမြို့နယ်တွေဖြစ်တဲ့ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကွမ်းခြံကုန်း၊ ကော့မှူး စတဲ့မြို့နယ်တွေမှာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွေ ပေါ်ထွက်ဖို့ရှိနေတာမို့ ရန်ကုန်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေဟာ နေရာအသီးသီးမှာ စည်ဝေစွာ ထွက်ပေါ်လာဖို့ ရှိနေတာတော့ အမှန်ပါပဲ။ ။

*ရန်ကုန်မြို့ရဲ့စီအင်န်ဂျီဆိုင်တွေ . . . မှ*

တပ်ဆင်ဖြည့်ဆည်းခဲ့တဲ့ သဘာဝဓာတ်ငွေ့ဆိုင်တွေကတော့ ဘုရင့်နောင်ဆိုင်၊ ဒဂုံအရှေ့ (၁)ဆိုင်နဲ့ အမှတ် (၃) လမ်းမပေါ်ရှိ ရွှေပြည်သာ အမှတ်(၂) ဆိုင်တွေမှာ တပ်ဆင်ပြီးလို့ ၂၀၁၉ အောက်တိုဘာမှာ စက်သုံးလုံး လည်ပတ်နိုင်ခဲ့တာကြောင့် သဘာဝဓာတ်ငွေ့ဆိုင်တွေမှာ တန်းစီပြီး ရပ်စောင့်နေရတဲ့ မော်တော်ယာဉ်အစီးရေ နည်းသွားခဲ့ပါတယ်။

တကယ်တော့ ရန်ကုန်တိုင်းဒေသကြီးရဲ့ သဘာဝဓာတ်ငွေ့သုံး ၄၁ ဆိုင်မှာ တက္ကစီသီးသန့် ၁၀ ဆိုင်၊ YBS သဘာဝဓာတ်ငွေ့ဆိုင် ၃၁ ဆိုင် ရှိနေပါတယ်။ အဲဒီဆိုင်တွေမှာ တန်းစီရပ်စောင့်နေတဲ့ မော်တော်ယာဉ်တွေရဲ့စာရင်းကို ကောက်ယူတဲ့အခါ သဘာဝဓာတ်ငွေ့ဆိုင်ပေါင်း ၁၂ ဆိုင်မှာသာ ဆိုင်အပြင်ဘက် ကားလမ်းတွေအပေါ်မှာ တန်းစီရပ်စောင့်နေကြခြင်း ဖြစ်ပါတယ်။

### စက်အသစ် နှစ်လုံး ထပ်မံတပ်ဆင်မည်

ဒါကြောင့်မို့ အခု ၂၀၂၀ ပြည့်နှစ်ဘတ်ဂျက်ကာလမှာ စက်အသစ်နှစ်လုံး ထပ်မံရရှိဖို့ ရှိနေတယ်။ အဲဒီကွန်ပရက်ဆာစက်နှစ်လုံးရရှိခဲ့ရင်တော့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ သဘာဝဓာတ်ငွေ့ဆိုင် အမှတ်(၂၁)မှာ စက်တစ်လုံးတပ်ဆင်မှာဖြစ်ပြီး နောက်ထပ် စက်တစ်လုံးကိုတော့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမကွေ့မှာရှိတဲ့ တညင်းကုန်းအမှတ်(၁) ဆိုင်မှာ တပ်ဆင်မှာ ဖြစ်ပါတယ်။

အဲဒီစက်အသစ်တွေကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမတိုင်မီ အပြီးတပ်ဆင်မှာဖြစ်တာမို့ စက်အသစ်တွေ တပ်ဆင်ပြီးရင်တော့ ဆိုင်အပြင်ဘက်ကားလမ်းတွေပေါ်မှာ မော်တော်ယာဉ်တွေ သဘာဝဓာတ်ငွေ့ဖြည့်ဖို့ တန်းစီစောင့်ဆိုင်းစရာ မလိုဘဲ အဆင်ပြေစွာ သဘာဝဓာတ်ငွေ့ ဖြည့်ဆည်းနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီလို စက်အသစ်တွေ ထပ်မံတပ်ဆင်နိုင်ရင်တော့ မော်တော်ယာဉ်အစီးရေ အများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်တွေ အများဆုံးရှိနေတဲ့ ရန်ကုန်မြို့မှာ သဘာဝဓာတ်ငွေ့ဖြည့်ဖို့ တန်းစီစောင့်ဆိုင်း ရပ်နားနေတဲ့ မော်တော်ယာဉ်တန်းတွေ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။

တကယ်တော့ သဘာဝဓာတ်ငွေ့ဖြည့်ဆည်းတဲ့ဆိုင်တွေဟာ တစ်နိုင်ငံလုံးအနေအထားနဲ့ကြည့်ရင် ရန်ကုန်တိုင်းဒေသကြီးမှာ ၄၁ ဆိုင်ရှိပြီး သဘာဝဓာတ်ငွေ့ဖြည့်ဆည်းပေးနေတဲ့ မော်တော်ယာဉ်အစီးရေပေါင်း ၂၆၉၇၁ စီး ရှိနေပါတယ်။ မန္တလေးမှာသဘာဝဓာတ်ငွေ့ဖြည့်ဆည်းတဲ့ဆိုင် နှစ်ဆိုင်ရှိပြီး ယာဉ်အစီးရေ ၇၄၂ စီးကို ဖြည့်ဆည်းပေးနေပါတယ်။ ချောက်မြို့မှာရှိတဲ့ သဘာဝဓာတ်ငွေ့ဆိုင်ကတော့ တစ်ဆိုင်ပဲရှိပြီး ယာဉ်အစီးရေ ၃၃၅ စီးကို ဖြည့်ဆည်းပေးနေကာ ရေနံချောင်းမှာရှိတဲ့ သဘာဝဓာတ်ငွေ့ဆိုင်နှစ်ဆိုင်ကတော့ ယာဉ်အစီးရေ ၂၅၁ စီးကို ဖြည့်ဆည်းပေးနေပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YBS နဲ့ အခြားယာဉ်တွေရဲ့ သဘာဝဓာတ်ငွေ့သုံးစွဲမှုကို ပြည့်မီဖို့အတွက် လိုအပ်တဲ့ သဘာဝဓာတ်ငွေ့ကို တိုးကြောင်လေးမှာရှိတဲ့ သဘာဝဓာတ်ငွေ့ထိန်းသိမ်းရေးနဲ့ ဖြန့်ဖြူးရေးစခန်းကနေပြီး ထည့်ပေးနေရပါတယ်။

### တန်းစီစရာမလို ဖြည့်ဆည်းပေးတော့မည်

ဒီလိုသဘာဝဓာတ်ငွေ့ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသလို ကွန်ပရက်ဆာတွေ ထပ်မံတပ်ဆင်ပေးမှာ ဖြစ်တဲ့အတွက် ရန်ကုန်မှာတော့ သဘာဝဓာတ်ငွေ့ဆိုင်တွေမှာ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းစရာမလိုဘဲ အဆင်ပြေစွာ ဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် တန်းစီနေတဲ့ မော်တော်ယာဉ်တွေ မရှိတော့ဘဲ ခရီးသည်တင်ယာဉ်တွေ အစီးရေပြည့်ပြေးဆွဲနိုင်တော့မှာမို့ YBS စီး ပြည်သူတွေလည်း အဆင်ပြေစွာ စီးနိုင်တော့မှာ ဖြစ်ပါတယ်။ ။

# အားလုံးပေါင်းစည်းမှုဖြင့် နွဲ့ပျော် ရန်ကုန် ထန်းပင်ကုန်းက ထမနဲပွဲတော်

ရှင်နော်

**ရန်ကုန်** ဆောင်းငွေ့က တဖြည်းဖြည်း ပြယ်စပြုနေချိန်ဖြစ်၍ အအေးဓာတ်က တစ်စတစ်စ လျော့ပါးလာနေသည်။ ဆောင်းရာသီ၏ နှောင်းပိုင်းကာလဖြစ်သောကြောင့် ရန်ကုန်အပူချိန်က တစ်နေ့ထက်တစ်နေ့ မြင့်တက်လာနေသည်။ မြန်မာလရာသီက ၁၁ လမြောက်၊ တပို့တွဲလအတွင်း ကျရောက်နေကာ ညတာရှည်ပြီး နေ့တာတို၍ ဆီးနှင်းကျသောရာသီ ဖြစ်သည်။ ညနေခင်းမှသည် ညဦးနှင့် နံနက်ခင်းပိုင်းတို့တွင် အေးမြနေတတ်သော်လည်း နေမင်းအလင်းရောင် မြင့်တက်နေချိန်တွင် ကောင်းကင်ယံထက်၌ အပူရှိန်က စိုးမိုးကာ နေရာယူထားတတ်သည်။

### မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်

တပို့တွဲလပြည့်မတိုင်မီ လဆန်း ၁၄ ရက်နေ့၌ ရွှေတိဂုံစေတီတော် အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ (၁၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်ကျင်းပမည်ဟု သိရ၍ ပွဲတော်မစခင် ညနေ ၄ နာရီခန့်တွင် ကြိုတင်ရောက်ရှိနေခဲ့သည်။ ညပိုင်းကျဆင်းတတ်သော နှင်းအစိုဓာတ်ကို စုပ်ယူထားခြင်းကြောင့်လား၊ ရေဖျန်းထားသောကြောင့်လား မဝေခွဲတတ်သော်လည်း အေးမြစိမ်းစိုနေသော မြက်ခင်းပြင်နှင့်ထိတွေ့မှုကြောင့် စိတ်အစဉ်လန်းဆန်း တက်ကြွခဲ့ရသည်။ ပြိုင်ပွဲကျင်းပမည့် ကွင်းကြီးအတွင်း ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်ကျင်းပရေး အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင်များ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များအတွက် မဏ္ဍပ်၊ မဏ္ဍပ်ရှေ့မျက်နှာစာတွင် နေရာယူထားသော ဆုတံဆိပ်များ၊ မဏ္ဍပ်ပတ်လည်တွင် နေရာချထားသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် အသင်းများကိုအဖွဲ့လိုက်၊ အစုလိုက် အုန်းအုန်းကျွက်ကျွက် အဝေးမှပင် လှမ်းမြင်နိုင်သည်။

### တေးသံသာများဖြင့် သီဆိုဖျော်ဖြေ

မဏ္ဍပ်နှင့် ရှေ့မျက်နှာချင်းဆိုင်တွင် စေတနာသမ္မာရဝတ်အသင်းမှ မင်္ဂလာစည်တော်ဆိုင်းအဖွဲ့နှင့်အတူ ရေဒီယိုနှင့်ဓာတ်ပြားတေးသံရှင် ကိုဇော်ဌေး၊ မမြင့်မြင့်ခိုင်တို့က ထမနဲပွဲ၊ ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ၊ ရွှေတိဂုံကိုမြင်ရင်၊ မြတ်ဘုရားရွှေတိဂုံ စသော မြန်မာတေးသံသာများဖြင့် ပွဲတော်လာပရိသတ်များကိုသီဆိုဖျော်ဖြေလျက်ရှိသည်။ ယခုနှစ်တွင် ပြိုင်ပွဲဝင်မည့် အသင်း ၃၆ သင်း ပါဝင်သည်ဟု သိရသည်။ မြန်မာ့ရိုးရာ ထမနဲလှူဒါန်းပွဲတော်ကျင်းပဖြစ်ပုံနှင့် ပတ်သက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူး ဦးရဲအောင်နိုင်က “ဒီမှာကတော့ နှစ်စဉ်

> “ဆုများချီးမြှင့်ရာတွင် ပထမဆုမှ ပဉ္စမဆုအထိ ဆုငါးဆုနှင့် နှစ်သိမ့်ဆု ၅ ဆုကိုလည်း ချီးမြှင့်ခဲ့သည်။ “အားလုံးလည်းပိုပြီးပျော်ရွှင်လာအောင်၊ နောင်နှစ်အတွက်လည်း အားရှိလာအောင် ပင်ပန်းရကြိုးလည်း နပ်အောင်ဆိုပြီးတော့ ဂေါပကတွေကနေ ပထမဆုကို ၁၀ သိန်း သတ်မှတ်ပေးပါတယ်။ ၇ သိန်း၊ ၆ သိန်း၊ ၅ သိန်းပေါ့။ ပထမဆု, ဒုတိယဆု, တတိယဆု, စတုတ္ထဆု, ပဉ္စမဆုနဲ့ နှစ်သိမ့်ဆုငါးဆုပါ ပါတယ်”



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ (၁၃) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း

နှစ်တိုင်း ဟိုးရှေးအစဉ်အလာကတည်းက ကျင်းပလာတာပါ။ ကောက်ဦးကောက်ဖျားကို ထမနဲထိုးပြီး မြတ်စွာဘုရားကို ရည်စူးကာ လှူဒါန်းကြတာပါ။ ရွှေတိဂုံစေတီတော်မှာတော့ ဩဝါဒ ပါတိမောက် အခါတော်နေ့ လပြည့်နေ့မှာ အမြဲတမ်းပဲ ထမနဲဆွမ်းကို ဆွမ်းတော်ကြီး လောင်းခဲ့ပါတယ်။ အရင်ကတော့ ရွှေတိဂုံမှာရှိတဲ့ ဌာနကြီး ကိုးခုက အသင်း ကိုးသင်းပဲ ပြိုင်ကြပါတယ်။ နောက်ကျမှ အသင်းအဖွဲ့တွေ ပါလာပြီးတော့ အခုဆိုဒီနှစ်မှာ အသင်းပေါင်း ၃၆ သင်းပါဝင်ယှဉ်ပြိုင်နေကြပါတယ်။ ပါဝင်ချင်တဲ့အဖွဲ့တွေကတော့ အဲဒီထက် များတာပေါ့။ ကွင်းရဲ့ ခွင့်ပြုနိုင်တာတော့ ၃၆ သင်းလောက်ပဲ ခွင့်ပြုနိုင်တဲ့အတွက် ဒီနှစ်မှာ ၃၆ သင်းနဲ့ ကျင်းပတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

### လျှို့ဝှက်အမှတ်အသားတွေကိုလုပ်

ဆုများ ရွေးချယ်စိစစ်မှုနှင့် ပတ်သက်၍ ရုံးအဖွဲ့မှူးက ဆက်လက်ပြောကြားရာတွင် “ ဆုတွေကို စနစ်တကျနဲ့ ကြပ်ကြပ်မတ်မတ်လုပ်ထားပါတယ်။ သူတို့ကို ထုတ်ပေးတဲ့ ကောက်ညှင်းဆန်၊ မြေပဲဆန်၊ နှမ်းအကုန်လုံးကို အချိုးအစားအညီ တစ်ညီတည်းပဲ ထုတ်ပေးပါတယ်။ အဲဒါကလည်း အခမဲ့ စေတီတော်ကြီးကပဲ ကျခံပေးတာဖြစ်ပါတယ်။ ယှဉ်ပြိုင်တဲ့အသင်းတွေက ပြိုင်ရုံပါပဲ။ ယှဉ်ပြိုင်နေစဉ်အတွင်းမှာ အသင်းတွေရဲ့ သန့်ရှင်းရေးအမှတ်တွေရှိမယ်။ စည်းစနစ်ကျမှုတွေ ရှိတယ်။ ပြီးတော့ ထိုးပြီးသွားတဲ့အချိန်ကျရင် လျှို့ဝှက်အမှတ်အသားတွေကိုလုပ်ပါတယ်။ ပြီးတော့မှ ဒိုင် ခြောက်ယောက်ပါတဲ့ အဖွဲ့ ခြောက်ဖွဲ့နဲ့ စစ်ဆေးပြီးတော့မှ ဆုချီးမြှင့်မှာဖြစ်ပါတယ်” ဟု ဖြေကြားပေးခဲ့သည်။

ဆုများချီးမြှင့်ရာတွင် ပထမဆုမှ ပဉ္စမဆုအထိဆုငါးဆုနှင့် နှစ်သိမ့်ဆု ၅ ဆုကိုလည်း ချီးမြှင့်ခဲ့သည်။ “အားလုံးလည်းပိုပြီးပျော်ရွှင်လာအောင်၊ နောင်နှစ်အတွက်လည်း အားရှိလာအောင် ပင်ပန်းရကြိုးလည်း နပ်အောင်ဆိုပြီးတော့ ဂေါပကတွေကနေ ပထမဆုကို ကျပ် ၁၀ သိန်း သတ်မှတ်ပေးပါတယ်။ ၇ သိန်း၊ ၆ သိန်း၊ ၅ သိန်းပေါ့။ ပထမဆု, ဒုတိယဆု, တတိယဆု, စတုတ္ထဆု, ပဉ္စမဆုနဲ့ နှစ်သိမ့်ဆုငါးဆုပါ ပါတယ်။ နှစ်သိမ့်ဆုတွေက ၃ သိန်းစီ ချီးမြှင့်မှာပါ” ဟု ဦးရဲအောင်နိုင်က ရှင်းပြသည်။

### မြန်မာ့ရိုးရာ အကအလှဖြင့် အားပေး

ဒိုင်အဖွဲ့ထံမှ အချက်ပေးသံကြားလိုက်သည်နှင့် ပြိုင်ပွဲဝင်အသင်းအသီးသီး၏ မီးဖိုများမှ မီးခိုးများပျံ့လွင့်လာသည်။ အုန်းသီးချင်းကြော်ရာမှ ထွက်ပေါ်လာသော အနံ့များ အော်သံ,ဟစ်သံများက ထမနဲထိုးရာဝန်းကျင်အနှံ့မှ ထွက်ပေါ်လာသည်။ နှစ်စဉ်ကျင်းပလေ့ရှိသော ပြိုင်ပွဲဖြစ်သောကြောင့် ပြိုင်ပွဲဝင်သူတို့က ကျွမ်းကျင်မှုရှိကြသည်။ အသင်းအလိုက်အားပေးအော်ဟစ်သံများ၊ အိုးစည်ဗုံမောင်းတီး၍ အားပေးနေမှုများ၊ မြန်မာ့ရိုးရာအကအလှဖြင့် အားပေးနေသူများကို ကွင်းအနှံ့ တွေ့မြင်နေရသည်။

ထမနဲထိုးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချွေးတဒီးဒီးနှင့် အမောဖြေနေဟန်ရှိသော ရွှေတိဂုံစေတီတော် တနင်္လာသန့်ရှင်းရေးအသင်းမှ အတွင်းရေးမှူး (၁) ဦးကြည်သန်းက “ထမနဲထိုးပြိုင်တာကတော့ ပထမဆုံးခေါင်းလောင်းတီးပြီးအချက်ပေးတဲ့အခါမှာ မီးမွှေးပြီး စထိုးရတယ်။ ထိုးတာကတော့ ကိုယ်ကြိုက်တဲ့ နည်းစနစ်နဲ့ ထိုးလို့ရတယ်။ ထိုးတဲ့နေရာမှာ အသင်းတစ်သင်းကို ခြောက်ယောက်နှုန်းနဲ့ ၄၅ မိနစ်အတွင်းမှာ အပြီးထိုးရတယ်။ ထိုးတာကတော့ သကြားကိုလျော့ပြီး အရောင်ရဲအောင်ထိုးမလား၊ သကြားကို ဒီအတိုင်းထည့်လိုက်ပြီးတော့ အဖြူရောင်ဖျော့ဖျော့လေးပဲထိုးမလား၊ ဒါကတော့ ကိုယ်ကြိုက်တဲ့နည်းစနစ်နဲ့ထိုး၊ အမှတ်ပေးကတော့ ဒိုင်အများရဲ့ဆုံးဖြတ်ချက်နဲ့ အမှတ်ပေးသွားတာပဲ။ သူက ၄၅ မိနစ်ပေးထားတယ်။ ပြီးရင် ယောက်မသုံးချောင်းကိုတက်ထောင်လိုက်၊ အဲဒီလိုတက်ထောင်လိုက်ရင် ထမနဲယှဉ်ပြိုင်မှု ပြီးဆုံးသွားပြီဆိုတဲ့ အဓိပ္ပာယ်ပဲ။ အဲဒီလိုထောင်ပြီးသွားရင် ဒယ်အိုးကိုလည်း ဘာမှပြန်မကိုင်ရတော့ဘူး” ဟုပြိုင်ပွဲအကြောင်း မေးမြန်းမှုကို စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သည်။

### အမြို့မြို့ အရွာရွာတွင် ခြိမ့်ခြိမ့်သဲကျင်းပ

ကောက်ညှင်းဆန် ၄ ပြည်၊ ဆီ ၁ ပိဿာ ၂၅ ကျပ်သား၊ အုန်းသီး ၄ လုံး၊ ချင်း ၅၀ သား၊ မြေပဲနှင့် နှမ်း ၇၀ သားစီခန့်၊ ဆား ၅ ကျပ်သား၊ သကြား ၂၀ သားနီးပါး၊ ရေနို့ဆီဘူးအလုံး ၄၀ ခန့် (ထိုးတဲ့အဖွဲ့ရဲ့အကြိုက်အပေါ်မူတည်ပြီး အလျှော့အတင်းလုပ်၍ရသည်)ကိုအချိုးအစား အလိုက် အချိန်အဆမှန်မှန်ဖြင့် ကောက်ညှင်းထမင်းကို ထပ်ပြန်တလဲလဲ နှဲသကဲ့သို့ နှဲရသောကြောင့် ထမနဲဟု အမည်တွင်ခဲ့သည်။ ကောက်ဦးပေါ်ချိန်၌ မြန်မာနိုင်ငံ အနှံ့အပြား ကျေးလက်တောရွာများအထိ ထမနဲထိုးပွဲများ ကျင်းပကြသည်။ ဆယ့်နှစ်လရာသီပွဲတော်များ အနက် တစ်ပွဲအပါအဝင်ဖြစ်သော ထမနဲပွဲတော်ကို တပို့တွဲလဆန်းမှစ၍ လပြည့်နေ့အကြားကာလအတွင်း၌ ရှေးမင်းအဆက်ဆက်မှ ဆင်းသက်၍ အမြို့မြို့ အရွာရွာတွင် ခြိမ့်ခြိမ့်သဲ ကျင်းပကြလေ့ရှိသည်ဟု မှတ်တမ်းမှတ်ရာများက ဆိုသည်။

“စထိုးမယ်ဆိုရင် ဆီကိုအရင်ဆူအောင်တည်လိုက်တယ်။ ပြီးရင် အုန်းသီးတို့ ချင်းတို့ကို ကြော်တယ်၊ ကြော်ပြီးရင် ဆီပြန်စစ်ထားလိုက်တယ်၊ စစ်ထားတဲ့အချိန်မှာ ကောက်ညှင်းကို ထည့်ပြီးဆီနဲ့ကြော်တယ်၊ ကောက်ညှင်းကျက်တဲ့အပေါ် မူတည်ပြီး ဆားနဲ့သကြားနဲ့ထည့်ပြီး ကောက်ညှင်းနဲ့ နှဲတယ်၊ အဲဒီမှာသကြားထည့်လိုက်တဲ့အခါကျ အဝါရောင်လေးရဲတက်လာတဲ့အချိန် ကိုယ်လိုချင်တဲ့အချိန်ကျရင် ရေလက်တစ်ဆစ်လောက် အမြုပ်နဲ့ထည့်ပြီး နှဲတယ်။ ရေခန်းသွားတဲ့အချိန်မှာ ခဏလေးနှပ်ထားလိုက်တယ်။ နှပ်ပြီးလို့ ပြန်မွှေတဲ့အချိန်မှာကောက်ညှင်းရဲ့ အပျော့အမာပေါ်မူတည်ပြီး စောစောက ကြော်ထားတဲ့ အုန်းသီး၊ ချင်း၊ မြေပဲ၊ နှမ်းကို အကုန်ထည့်ပြီး နှဲလိုက်တယ်၊ ပြီးရင် အဲဒါကို ငှက်ပျောရွက်ကလေးနဲ့ အုပ်ပြီးနှပ်ထားလိုက်တယ်” ဟု ဦးကြည်သန်းက မြန်မာ့ရိုးရာ ထမနဲထိုးပုံထိုးနည်းကို ရှင်းပြပေးခဲ့သည်။

ဤရာသီကာလရောက်တိုင်း ရန်ကုန်မြို့ အနှံ့ မြန်မာ့ရိုးရာထမနဲထိုးပွဲတော်ကို ကျင်းပကြလေ့ရှိသည်။ ကျောင်းများ၊ ရုံးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘုရားစေတီများတွင် မြန်မာ့ရိုးရာ ထမနဲထိုး ပွဲတော်များဖြင့် စည်ကားနေလေ့ရှိသည်။ ထိုးပြီး ရရှိလာသော ထမနဲကို ဘုရားဆွမ်းကပ်၊ မိတ်ဆွေသူငယ်ချင်းအိမ်များဝေငှဖြင့် ပျော်ပျော်ရွှင်ရွှင် စုစုစည်းစည်း စားသောက်ကြလေ့ရှိပြီး ထမနဲပွဲတော်၏ မူရင်းအဓိပ္ပာယ်မှာလည်း အားလုံးပေါင်းစည်း ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်ဟု အဆိုရှိလေသည်။

# မြန်မာ့အလင်း

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့




## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

"တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့ လိုတယ်"

၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်

# အနာဂတ်ပြည်ထောင်စုဆီသို့

သိန်းထွန်း( IR )

သုံးသပ်ရမည့်အကြောင်းအရာ

**၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် မြန်မာ့လွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ခဲ့ကြပါသည်။ အချက်ပေါင်း ၉ ချက် ပါဝင်သောပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်အပါအဝင် ၂၃ ဦးက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်လက်အောက်ရောက်ခဲ့ရသည့်ဘဝများမှ လွတ်လပ်သောနိုင်ငံအဖြစ်၊ လွတ်လပ်သော၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ရှိသော မြန်မာနိုင်ငံသားများအဖြစ် ရောက်ရှိရန် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ကြပါသည်။**

ခေတ်သစ်မြန်မာ့သမိုင်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတ်ကျောက်ဖြစ်သည့် ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုဆိုလျှင် ပြည်ထောင်စုနေ့သည်ပင် (၇၃) နှစ်မြောက်ခဲ့လေပြီ။ (၇၃) နှစ်လွန် ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဘယ်သို့နည်း။ မမေးချင်သော်လည်း မေးရမည့်၊ မသိချင်သော်လည်း သိရမည့်၊ မစဉ်းစားချင်သော်လည်း စဉ်းစားရမည့်၊ မသုံးသပ်ချင်သော်လည်းသုံးသပ်ရမည့် အကြောင်းအရာဟု မှတ်ယူမိပါ၏။

## ပြည်ထောင်စုသင်ခန်းစာ

ပြည်ထောင်စုနေ့သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးခြင်းသဘော၊ ညီညွတ်ခြင်းသဘောနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား တစုတစည်းတည်း စုပေါင်းတည်ဆောက်မည့်သဘောကို ညွှန်းဆိုပါသည်။ ပြည်ထောင်စုသားတိုင်းရင်းသားအားလုံးနှင့် တစ်စိတ်တစ်ဝမ်း တစုတစည်း နေထိုင်ကြမှသာ ပြည်ထောင်စုအဓိပ္ပာယ်နှင့် အနှစ်သာရကို အားလုံးရယူခံစားနိုင်ကြမည် ဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းတွင် ခေတ်အဆက်ဆက် တစုတစည်းတည်း စည်းလုံးမှုပေါင်းစည်းနိုင်သည့် အချိန်ကာလများတွင် အင်အားတောင့်တင်းသော နိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အတူ နိုင်ငံအတွင်း သူတစ်လူ ငါတစ်မင်း အချင်းချင်းသွေးကွဲကြသည့်အချိန်တွင် နိုင်ငံပြိုကွဲခဲ့ရပြီး သူတစ်ပါးလက်အောက်ကျရောက်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်ကြီးအား ခိုင်မာအားကောင်းစွာ တည်ဆောက်ရန်ဆိုပါက နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စည်းလုံးညီညွတ်ရေးသည် ပဓာနကျသော အခြေခံလိုအပ်ချက်ဖြစ်သည်ကို တွေ့ရှိရသည်။ သို့သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည့်အချိန်၊ အားနည်းခဲ့ရသည့် အချိန်ကာလများကို ပြန်လည်သုံးသပ်ကြည့်ပါက သမိုင်းသင်ခန်းစာများကို အထင်အရှား ရရှိပေလိမ့်မည်။

မြန်မာနိုင်ငံအတွက် အကြီးဆုံးတိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သည့်အချိန်ကာလကို ညွှန်းဆိုရမည်ဆိုပါက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလပင် ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်းစည်းလုံးမှု အားနည်းနေချိန်၊ နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှု၊ အချင်းချင်းသွေးကွဲစေရန် နောက်ကွယ်မှကြိုးကိုင်ခြယ်လှယ်မှု စသည့်စိန်ခေါ်မှုများကို ကျော်ဖြတ်၍ ပြည်ထောင်စု သဘောတူစာချုပ်ဖြစ်သည့် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်မှာ ယနေ့မိမိတို့အားလုံး အတုယူရမည့်အချက်ဟု တိုက်တွန်းလိုပါသည်။

## ၇၃ နှစ်အလွန်

ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်မှာ နှစ်ပေါင်းပင် (၇၃) နှစ်မြောက်ခဲ့ပါပြီ။ ထိုနှစ်များအတွင်း မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဟုမဆိုလို၊ ဒေသတွင်းမှာပင် မည်သည့်အဆင့်ရောက်ခဲ့ပြီလဲဟု ဆန်းစစ်လိုပါသည်။ ထိုသို့ဆိုခြင်းသည် အပျက်မြင်ခြင်းသဘောမဟုတ်၊ ဆန်းစစ်သုံးသပ်လိုခြင်းနှင့် သင်ခန်းစာယူပြင်ဆင်စေလိုသည့် သဘောသာဖြစ်ပါသည်။ မှားခဲ့သည်များလည်း မှားခဲ့ပြီးဖြစ်သည်။ သမိုင်းဆိုသည်က ပြင်လို့ရသည့် အရာမဟုတ်။ သို့သော် သင်ခန်းစာ ယူကြရပါမည်။ အချိန်မီပြင်ဆင်ကြရပါမည်။ အတိတ်တွင် နစ်မြုပ်နေရန် မဟုတ်သကဲ့သို့ ပစ္စုပ္ပန်တွင် ရပ်နေရန်မဟုတ်ပါ။ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးခရီး သာယာဖြောင့်ဖြူးလိုလှသည်။ တိုးတက်စေလိုလှသည်။ အများနှင့် ရင်ပေါင်တန်း ရပ်တည်လိုလှပါသည်။ ထိုထက်ပိုပါက အနာဂတ်မျိုးဆက်သစ်များထံသို့ စည်းလုံးညီညွတ်သော နိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းပေးလိုလှပါ၏။ မည်သူ့တွင်တာဝန်ရှိ



ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးနေစဉ်။

ကြပါသနည်း။ မိမိကိုယ်ကိုယ်မေး၍ မိမိကိုယ်တိုင် ဖြေကြရပေလိမ့်မည်။ အကြောင်းမှာ အဖြေသည် မိမိကိုယ်တိုင်တွင် ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

ပြည်ထောင်စုနေ့ ကျင်းပလာခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်အတွင်း မည်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တစ်စတစ်စလျော့နည်းကျဆင်းခဲ့သည်မှာလည်း သဘောတရားနှင့် လက်တွေ့မကိုက်ညီမှုဟု ဆိုပါက လွန်အံ့မည်မထင်ပါ။ လက်တွေ့မပါသော သဘောတရားသည် ရှေ့မရောက်နိုင်သကဲ့သို့ သဘောတရားမပါသော လက်တွေ့သည်လည်း ဦးတည်ချက်မမှန်နိုင်ပါ။ သဘောတရားနှင့် လက်တွေ့ကိုက်ညီမှသာ ဦးတည်ချက်မှန်ကန်သော အရွေ့ကိုရရှိနိုင်မည်ဟု ယုံကြည်မိပါသည်။ ပြည်ထောင်စု၏ အနှစ်သာရဖြစ်သော စည်းလုံးညီညွတ်ရေးသည် ၇၃ နှစ်အတွင်း မည်သို့ဦးတည်၍ မည်မျှထိလက်တွေ့ကျသည်မှာတော့ လက်ရှိအခြေအနေကိုသာ ညွှန်ပြရတော့မည် ဖြစ်သည်။

## အသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စု

ယနေ့ဆိုလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို ဦးတည်သော အသွင်ကူးပြောင်းရေးကာလကို ရောက်ရှိနေပြီ ဖြစ်သည်။ နက်ရှိုင်းစွာ တည်ရှိနေဆဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အားနည်းချက်များကို ပြန်လည်ပြင်ဆင်ရန်နှင့် အင်အားအဖြစ်တည်ဆောက်ရန် အခွင့်အခါကောင်းဟု ဆိုချင်ပါသည်။ ပြောင်းလဲနေသည့် စနစ်နှင့်အညီ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်သည့် အခွင့်အရေးများကို လက်ဝယ်ပိုင်ပိုင် အသုံးချလိုစိတ်နှင့် အသုံးချနိုင်စွမ်းများ လိုအပ်နေပါသည်။ စည်းလုံးညီညွတ်ရေးဆိုသည်မှာ တစ်ဖက်တည်းက အဖြေရှာ၍ရသည့် အရာမဟုတ်။ ပါဝင်ပတ်သက်သူအားလုံးက ဝိုင်းဝန်းညှိနှိုင်းအဖြေရှာကြမှ ရရှိနိုင်သည့်အရာ ဖြစ်သည်။


ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဒွန်တွဲလျက်ရှိပါသည်။ ထို့အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ် တည်ဆောက်ရန် ဆိုပါကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့အပေါ် အခြေခံနေပါသည်။ သို့သော်လည်း ထိုအခြေခံလိုအပ်ချက်များသည်လည်း အပြောလွယ်သလောက် အလုပ်ခက်သည်ဟု ဆိုရနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော နိုင်ငံတည်ဆောက်ရေး ခေါင်းဆောင်ပင်လျှင် နိုင်ငံချစ်စိတ်၊ အနစ်နာခံလိုစိတ်၊ ခေါင်းဆောင်မှုအရည်အသွေး၊ နိုင်ငံရေးကျွမ်းကျင်မှုတို့နှင့် အသက် သွေး ချွေး စတေး တည်ဆောက်ခဲ့ရသည်က သက်သေပင်ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရန်ဆိုပါက စိတ်ရင်းစေတနာမှန်ကန်ရန် ပြုပြင်ကြရပါမည်၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ကြရပါလိမ့်မည်၊ လက်တွေ့ကျသော အကောင်အထည်ဖော်မှုရှိရပါလိမ့်မည်။ သို့မှသာ အမြစ်စွဲရောဂါသဖွယ် ဖြစ်နေသော တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တိုက်ခိုက်နေမှုများ၊ သံသယများနှင့် သွေးကွဲမှုများကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

## ပြင်ပစွက်ဖက်မှု

တိုင်းရင်းသားညီအစ်ကို အချင်းချင်းစည်းလုံးမှု တည်ဆောက်ရာတွင် အခြားသောစိန်ခေါ်မှုတစ်ရပ်မှာ ပြင်ပမှ စွက်ဖက်မှုများ ဖြစ်ပါသည်။ ထိုပြင်ပမှ စွက်ဖက်မှုများ ဆိုသည်ကလည်း ယခုမှပေါ်ပေါက်လာသည့် အကြောင်းခြင်းရာများ မဟုတ်။ လွတ်လပ်ရေးရယူခါနီး အချိန်အထိ ပြင်ပစွက်ဖက်မှုများ ရှိနေသည်။ သို့အတွက်လည်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ပြသသော၊ တစ်စိတ်တစ်ဝမ်းတည်းသဘောကို ဖော်ဆောင်သော ပင်လုံစာချုပ်ဖြင့် လွတ်လပ်ရေးကိုရယူနိုင်ခဲ့သည် မဟုတ်ပါလား။ မိမိတို့အချင်းချင်း စိတ်ဝမ်းကွဲနေကြမည်

*အချပ်ပို (ဂ) သို့*



ပင်လုံစာချုပ်ကျောက်တိုင် ကမ္ပည်းမော်ကွန်း။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့် တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

## ပြည်ထောင်စုပန်းဥယျာဉ်

❖ တို့အိမ်မြေ ခြံအလှ
အမှန်ပ သာသာ ယာ။
တောင်တန်းတွေ ရစ်ခွေဝိုင်း
လှိုင်း ပင်လယ်ပြာ
ကြည့်ရှုလို့ မဝပါ
ပြည်မြန်မာပုံရိပ်များ။
အရှေ့ အနောက်မှာ ညီအစ်ကိုတို့
တောင် မြောက်မှာ ညီအစ်ကိုတို့
ကြည်ချိုစွာ နေထိုင်ကြ
ကာလရှည်လျား။

❖ မြစ်ရော အခြေစတဲ့
မေခနဲ့ မလိခ။
စစ်တောင်း သံလွင်တဲ့
ချစ်ကြောင်း သံစဉ်ကွဲ့
စီးဝင်လာ ချင်းတွင်းမြစ်
ဖြစ်တည်မှုမှာ။
နောက်ဆုံးတော့ တညီတညာ
ပေါင်းဆုံပါ ပင်လယ်ဝ။
တစ်သွေးထဲ(တည်း) တစ်ရောင်ထဲ(တည်း)
စွဲမှတ်ပါရ။

❖ ပန်းမျိုးစုံ ကြူမွှေးတဲ့
ဥယျာဉ်လေး ပုံပမာ။
ကချင် ကယား ကရင် မခွဲခြား
သွေးသားရင်းချာ။
ရှမ်း ချင်းနဲ့ မွန်အပါ
ရခိုင် ဗမာ ညီအစ်ကိုအပေါင်း
ဥမကွဲ သိုက်မပျက်
ရှေ့ဆက်စေကြောင်း။

❖ ပြည်မြန်မာ စည်သာရေးအတွက်
တို့သွေးသား ညီနောင်တွေ။
အပြစ်မမြင် ချစ်ခင်မှု
ရေးရှုစို့လေ။
ပြည်ထောင်စုစိတ်ဓာတ်အမွေ
ခိုင်မာစေရှေ့ခရီး။
ကမ္ဘာမကျေ ကိန်းဂဏန်းတွေအထိ
မြန်မာပြေ(ပြည်) စိမ်းလန်းလို့
ငြိမ်းချမ်းစေသတည်း။ ။

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုလျက်-

မြင်းမူမောင်နိုင်မိုး

*အချုပ်ပို (ခ) မှ*

ဆိုလျှင်၊ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်၊ တိုက်ခိုက်နေကြမည်ဆိုလျှင် ပြင်ပ၏စွက်ဖက်မှု၊ ကြိုးကိုင်ခြယ်လှယ်မှုများ ကြုံတွေ့ကြရမည်မှာ မလွဲပေ။ တစ်နည်းအားဖြင့် မိမိတို့ကိုယ်တိုင်၏ စည်းလုံးညီညွတ်မှု ကိုယ်ခံအားနည်းမှုကြောင့် ပြင်ပမှစွက်ဖက်မှုများခြင်းနှင့် ပြင်ပမှစွက်ဖက်မှုကြောင့် စည်းလုံးမှုအားနည်းခြင်းတို့သည် မိမိတို့အားလုံးက သတိပြုဆင်ခြင်ရမည့် အချက်လည်း ဖြစ်ပါသည်။

ယနေ့ တည်ဆောက်နေဆဲ ငြိမ်းချမ်းရေးခရီး နီးလျက်နှင့် ဝေးနေရသည့် အရင်းခံအကြောင်းတရားများတွင် မိမိတို့ကိုယ်တိုင်၏ လိုအပ်ချက်များနှင့် ပြင်ပမှစွက်ဖက်မှုများ ပေါင်းစုံနေသည်ကို တွေ့ရပါသည်။ ဘယ်သူမပြု မိမိမှုဟု ဆိုသကဲ့သို့ပင် အဓိက ပြန်လည်ဆန်းစစ်ကြရမည်မှာ မိမိတို့ကိုယ် မိမိတို့သာ ဖြစ်ပါလိမ့်မည်။ ပစ္စုပ္ပန်တည့်တည့်၌ တည်နေသောမိမိတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အပြစ်ဆိုနေရုံဖြင့် ရှေ့ရောက်မည်မဟုတ်။ စည်းလုံးလိုပါက စည်းလုံးရေး စကားဆိုကြရန်၊ လက်တွေ့ကျကျ စည်းလုံးကြရန် လိုအပ်ပါလိမ့်မည်။

**ကိုယ်တိုင်ပြောင်းလဲခြင်း**

၂၀၁၁ မှ ယနေ့အထိ အသွင်ကူးပြောင်းနေဆဲ ခေတ်သစ်၊ စနစ်သစ်များတွင် စိတ်သစ်၊ အတွေးအခေါ်သစ်များဖြစ်ရန် လိုအပ်ပါလိမ့်မည်။ ငါနဲ့မတူ ငါ့ရန်သူ၊ ငါနဲ့ငါသာနှိုင်းယှဉ်စရာ၊ အဖြူမဟုတ်လျှင် အမည်းဆိုသည့် တစ်ဖက်သတ်အယူအဆများ၊ ငါဗဟိုပြုအတ္တများသည် ခေတ်သစ်စနစ်သစ်အတွက် ကူးစက်ရောဂါများ ဖြစ်ပါသည်။ ပြည်ထောင်စုကို လိုလားပါလျှင် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်တိုင်မွေးကြရပါမည်။ ဒီမိုကရေစီလိုလားပါလျှင် ကိုယ်တိုင်က ဒီမိုကရေစီစိတ်ထား မွေးမြူကျင့်ကြံ ကြရပါမည်။ တစ်ဖက်သား၏ ယုံကြည်မှုရရှိလိုလျှင် မိမိကိုယ်တိုင်က တစ်ဖက်သားကို ယုံကြည်မှုပေးရန်လိုသလို တစ်ဖက်သားယုံကြည်မှုရရှိရန် ပြုမူပြောဆိုလုပ်ကိုင်ရန် လိုပါလိမ့်မည်။

ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် သူတစ်လူငါတစ်မင်း စိတ်သဘောထားများ၊ အပြုအမူများနှင့် တည်ဆောက်၍ ရနိုင်မည်ဟု မယုံကြည်ပါ။ အတိတ်မှ

> **“ပြည်ထောင်စုနိုင်ငံတော်အား တည်ဆောက်ရာတွင် မတူညီကွဲပြားမှုများ ပါဝင်နိုင်ပါသည်။ တိုင်းရင်းသားများ အကြား မတူညီကွဲပြားမှုများ တည်ရှိနေခြင်းကို လက်ခံနိုင်၍ ယင်းမတူကွဲပြားမှုများဖြင့် ဘုံအကျိုးစီးပွားများအပေါ် ရပ်တည်နိုင်မှု၊ အပြန်အလှန် နားလည်နိုင်မှု၊ ကိုယ်ချင်းစာတရားများဖြင့်သာ အားလုံးစုစည်းသည့် ပြည်ထောင်စုကြီးကို အေးချမ်းသာယာစွာ တည်ဆောက်နိုင်ပါမည်”**



ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်တွင် ညောင်ရွှေဟော်၌ စော်ဘွားများနှင့်အတူ တွေ့ရစဉ်။

လုပ်ရပ်များ၊ ဖြစ်စဉ်များထဲမှ ဆောင်ရန် ရှောင်ရန်များကို သင်ခန်းစာယူ ပြုပြင်ကြရမည် ဖြစ်သကဲ့သို့ ယင်းသင်ခန်းစာများ၊ အတွေ့အကြုံများနှင့် အနာဂတ်မျှော်မှန်းချက်များကို အားလုံးက စိတ်တူကိုယ်တူ တည်ဆောက်နိုင်ကြမှသာ ပြည်ထောင်စုရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။

**မတူကွဲပြားမှုနှင့် စည်းလုံးမှု**

ပြည်ထောင်စုနိုင်ငံတော်အား တည်ဆောက်ရာတွင် မတူညီကွဲပြားမှုများ ပါဝင်နိုင်ပါသည်။ တိုင်းရင်းသားများ အကြား မတူညီကွဲပြားမှုများ တည်ရှိနေခြင်းကို လက်ခံနိုင်၍ ယင်းမတူကွဲပြားမှုများဖြင့် ဘုံအကျိုးစီးပွားများ အပေါ်ရပ်တည်နိုင်မှု၊ အပြန်အလှန်နားလည်နိုင်မှု၊ ကိုယ်ချင်းစာတရားများဖြင့်သာ အားလုံးစုစည်းသည့် ပြည်ထောင်စုကြီးကို အေးချမ်းသာယာစွာ တည်ဆောက်နိုင်ပါမည်။

အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် တိုင်းရင်းသားများအကြား ဖြစ်ပွားနေသည့် ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများသည် အဟန့်အတား၊ အခက်အခဲများအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ပဋိပက္ခရှိနေခြင်းသည် ပြဿနာမဟုတ်။ ယင်းပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးသည်သာ အဓိကလိုအပ်ချက် ဖြစ်ပါသည်။ နှစ်ပေါင်း ၇၀ ကျော် လက်နက်ကိုင်တိုက်ခိုက်လာခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တစ်ဦး ပြောသကဲ့သို့ နှစ်ပေါင်းများစွာ လက်နက်ကိုင် တိုက်ခိုက်လာခဲ့ပြီးနောက် ရရှိသည့်အတွေ့အကြုံမှာ လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြင့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်၍ မရရှိနိုင် ဆိုသည့် စကားသည် မှတ်သားဖွယ်ရာ ဖြစ်သည်။

**ပြောရုံနဲ့မပြီးသေးဘူး**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ၂၃-၁-၁၉၄၆ ရက်နေ့ကကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးတွင် တင်သွင်းသော ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်တစ်ရပ်ဖြင့် ညွှန်းလိုပါသည်။ “ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကို ရအောင် အဲဒီလိုတူညီတဲ့အကျိုး၊ တိုင်းသူပြည်သားတွေ ရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်ကပြောရုံနဲ့ မပြီးသေးဘူး။ ပါးစပ်ကညီညွတ်ပါတယ်လို့ ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ် အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။”

စည်းလုံးညီညွတ်သည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို မျှော်လင့်နေရုံ၊ တောင့်တနေရုံ၊ လက်ဖြန့်တောင်းနေရုံဖြင့်မရနိုင်။ ပြိုင်တူတွန်းပါက ရွေ့နိုင်ပါသည်။ ။

# ပိုမိုတောက်ပလာမည့် ပြည်ထောင်စုအလှတရား


**ဆွေဦးဝေ**

**အရောင်အသွေးဒီဇိုင်းမျိုးစုံ ဝတ်ဆင်ထားသော ဝတ်စုံများဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက လက်ချင်းချိတ်ကာ အတူ ယှဉ်တွဲယိမ်းနွဲ့ကပြနေကြသည်။ တစ်မျိုးစီ လှပနေကြသည့် တိုင်းရင်းသားများ စုပေါင်းကာ တေးသီချင်းပြိုင်တူသီဆိုရင်း ပျော်ရွှင်ဆင်နွှဲနေသော အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်တိုင်း ကြည်နူးစိတ်၊ တပေါင်းတစည်းတည်းဟူသော စိတ်ခံစားမှုများ ဖြစ်ပေါ်ရသည်က အကြိမ်ကြိမ်ပင်။ တိုင်းရင်းသားတစ်ဦးချင်းအလှများ စုပေါင်းလိုက်သည့်အခါ ပြည်ထောင်စုအလှအဖြစ် ပုံပေါ်လာသည်ဟု စိတ်ထဲနက်ရှိုင်းစွာ ခံယူမိသည်။**

တောင်ပေါ်မြေပြန့်အနှံ့ နေထိုင်ကြသော တိုင်းရင်းသားများက ယဉ်ကျေးမှု၊ ရိုးရာဓလေ့စရိုက်များ ကွဲပြားသော်လည်း ကိုယ့်မြေ၊ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးသော စိတ်ဓာတ်အခြေခံများက အတူတူပင်ဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားတို့သည် နိုင်ငံ့အရေးအတွက် အရေးကြီးလျှင် သွေးစည်းခဲ့ကြသည်။ ညီညွတ်ခဲ့ကြသည်။ လက်တွဲမဖြုတ်၊ နောက်မဆုတ်တမ်း အတူတကွတိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်များ ရှိခဲ့သည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ကြဖို့ အမြဲမှာကြားခဲ့သလို သူကိုယ်တိုင်လည်း ရှေ့ဆုံးမှနေ၍ ကြိုးစားခဲ့သည်။ တိုင်းရင်းသားများကိုလည်း တိုက်တွန်းခဲ့သည်။ ညီညီညွတ်ညွတ် ရှိကြရန်လည်း တွန်းအားပေးခဲ့သည်။

"တိုင်းပြည် တစ်ပြည်လုံး ကြီးပွားချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ ပါဝင်ပြီး အင်တိုက်အားတိုက် လုပ်မှ အကျိုးခံစားရမှာဖြစ်တယ်။ ဗမာက တစ်မျိုး၊ ရှမ်း၊ ကချင်၊ ကရင်ကတစ်ဖုံ ဖြစ်နေလို့ အကျိုးမရှိနိုင်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံမြို့ ညစာစားပွဲတွင် ပြောကြားခဲ့သည်။


THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

| Shan Committee. | Kachin Committee. | Burmese Government. |
| --- | --- | --- |
| Saohpalong of Tawngpeng State. | (Sinwa Naw, Myitkyina) | [illegible] |
| Saohpalong of Yawnghwe State. | (Zau Rip, Myitkyina) | |
| Saohpalong of North Hsenwi State. | (Dinra Tang, Myitkyina) | |
| Saohpalong of Laihka State. | (Zau La, Bhamo.) | |
| Saohpalong of Mong Pawn State. | (Zau Lawn, Bhamo) | |
| Saohpalong of Hsamonghkam State. | (Labang Grong, Bhamo) | |
| Representative of Hsahtung Saohpalong. | Chin Committee. | |
| (Hkun Pung) | (U Hlur Hmung, ATM, IDSM, K.S.M., Falam.) | |
| (U Tin E) (U Htun Myint) | (U Thawng Za Khup, ATM, Tiddim.) | |
| (U Kya Bu) (Khun Saw) | | |
| (Sao Yape Hpa) (Hkun Htee) | (U Kio Mang, ATM, Haka) | |

ပင်လုံစာချုပ် မြန်မာ့သမိုင်းတွင်အရေးပါ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ခေါင်းဆောင်များ ကြိုးစားမှုကြောင့် တိုင်းရင်းသားအားလုံး၏ သဘောတူညီမှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်သည် မြန်မာ့သမိုင်းတွင် အလွန်အရေးပါခဲ့ပြီး တိုင်းရင်း သားအားလုံး စုစည်းညီညွတ်သဘောတူခဲ့သဖြင့် မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ တိုင်းရင်းသားများအားလုံး ညီညွတ်ခဲ့မှုကြောင့် လွတ်လပ်သည့် အချုပ်အခြာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ရှမ်းရိုးမက ရှမ်းအိုးစည်သံ၊ ကချင်ရိုးရာ မနောအက၊ ကရင်ပြည်နယ်မှ ဖားစည်သံ၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်တို့၏ ရိုးရာအလှအပများ ဝေဆာစည်ဝေခဲ့သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု အလှတရားများကို အတူယှဉ်တွဲ ဖော်ထုတ်ဆင်နွှဲနိုင်ခဲ့သလို ဒေသတိုးတက်ဖွံ့ဖြိုးမှုများကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြသည်။

သွေးထိုးမြှောက်ပင့်သူများအန္တရာယ်

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း မောင်နှမရင်းများကဲ့သို့ အရှည်တည်တံ့ခိုင်မြဲစွာ တွဲလက်မဖြုတ်စတမ်း လျှောက်လှမ်း နိုင်ကြရန်လည်း လိုအပ်သည်။ မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း စိတ်ဝမ်းကွဲအောင် သွေးထိုးမြှောက်ပင့်ပေးနေသူများ၏ အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ကာကွယ်သင့်သည်။

ပြည်ထောင်စုကို ချစ်ခင်မြတ်နိုးသော စိတ်ဓာတ် အခြေခံကောင်းများက တိုင်းရင်းသားအားလုံး၏ နှလုံးအိမ်ဝယ် အစဉ်အမြဲ ကိန်းအောင်းနေပြီးဖြစ်သည်။ ပင်လုံမှ သန္ဓေတည် မွေးဖွားသန့်စင်ပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကြောင့် ပြည်ထောင်စုကို ချစ်စိတ်၊ မြတ်နိုးတန်ဖိုးထားရသည့် စိတ်ခွန်အားများ ပိုမိုတိုးပွားစေခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသားများ အရေးကြုံက သွေးဆုံခဲ့ကြသလို နိုင်ငံရေးမျက်နှာစာ၊ လူမှုရေးနှင့် စီးပွားရေးမျက်နှာစာများတွင် အတူလက်တွဲညှိနှိုင်း တည်ဆောက်နေကြလျက်ရှိသည်။

ပြည်ထောင်စုကြီးကို နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးရန် တိုင်းရင်းသားအားလုံး ဦးတည်ရာညီညီ၊ ခြေလှမ်းညီညီဖြင့် လက်တွဲမဖြုတ် နောက်မဆုတ်တမ်း လျှောက်လှမ်းကြရမည်သာ ဖြစ်သည်။ အယူအဆ ကွဲပြားခြားနားမှုအချို့ ရှိနေသေးသော်လည်း နားလည်မှု၊ သည်းခံမှု၊ စိတ်ရှည်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ငြိမ်းချမ်းပြီးဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ထွက်လာရန် အားလုံး ကြိုးစားကြရမည် ဖြစ်သည်။

ညီညွတ်မျှတသည့်ကျင့်စဉ်လိုက်နာ

ညီညွတ်မျှတသော ကျင့်စဉ်သည် ချမ်းသာခြင်းကို ဖြစ်ပေါ်စေပြီး လူတိုင်းလက်ခံသော တရားပင်ဖြစ်သည်။ လက်တွေ့လိုက်နာကျင့်သုံးခဲ့၍လည်း လွတ်လပ်ရေးဟူသော အကျိုးတရားကို ခံစားခဲ့ကြရပြီးဖြစ်သည်။ လူမျိုး ၁၃၅ မျိုး စုပေါင်းနေထိုင်ကြသော မြန်မာနိုင်ငံတွင် ညီညွတ်မျှတသည့် ကျင့်စဉ်လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးရရှိရန်အပြင် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှု ရရှိနိုင်မည်ဖြစ်သည်။

"ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုးကွယ်နေထိုင်ကြပြီး တစ်တိုင်းတစ်ပြည်လုံးနဲ့သက်ဆိုင်တဲ့ ကိစ္စကြီးမှာ ညီညီညွတ်ညွတ်လုပ်ကြလျှင်၊ ဒါဟာ တစ်မျိုးတည်းလို့ ယူဆကြရမယ်" ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။ တောင်တန်းတွင် နေထိုင်ကြသည်ဖြစ်စေ၊ ပြည်မတွင်နေထိုင်ကြသည်ဖြစ်စေ၊ တိုင်းပြည်အရေးနှင့်ပတ်သက်လာလျှင် တိုင်းရင်းသားအားလုံးညီညွတ်ကြရန်လိုကြောင်း ဗိုလ်ချုပ်အောင်ဆန်းက မီးမောင်းထိုးပြခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ အခက်အခဲများ၊ ပြဿနာများကို စုပေါင်းဆွေးနွေးအဖြေရှာကာ စုပေါင်းအင်အားဖြင့် ကောင်းမွန်သော အနာဂတ်ခရီးကို အတူတကွ လျှောက်လှမ်းကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြီးရေရှည်တည်တံ့ရေး

အမြင်မတူညီမှုများ၊ သဘောတရားကွဲပြားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း တိုင်းပြည်အကျိုး၊ တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် စိတ်ရှည်သည်းခံမှု၊ ရေရှည်မျှော်တွေးမှုများဖြင့် ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စတင်ခဲ့သော ပြည်ထောင်စုနေ့သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နှစ်ပေါင်း ၇၃ နှစ်တိုင် ရှိပြီဖြစ်သည်။ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်လည်း နေထိုင်ခဲ့ကြသည်။ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတွင် တာဝန်ရှိနေသည်။ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ရေပက်မဝင်သော စည်းလုံးညီညွတ်ခြင်းများဖြင့် လက်တွဲမဖြုတ်စတမ်း လျှောက်လှမ်းနိုင်ရေး ဝိုင်းဝန်းကြိုးစားလျှင် ပြည်ထောင်စု၏အလှတရားသည် ပိုမိုတောက်ပလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

**"နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ အခက်အခဲများ၊ ပြဿနာများကို စုပေါင်းဆွေးနွေးအဖြေရှာကာ စုပေါင်းအင်အားဖြင့် ကောင်းမွန်သော အနာဂတ်ခရီးကို အတူတကွ လျှောက်လှမ်းကြရမည်ဖြစ်"**


ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)